# ဇဝန

# ဇဝနပုံပြင်



Generated by CamScanner from intsig.com

# ဇဝနပုံပြင်

ဇဝန

ကံ့ကော်ဦး
ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း
ပုဇွန်တောင်၊ ရန်ကုန်မြို့

Generated by CamScanner from intsig.com

# မာတိကာ


နိဒါန်း ... ၇
- မောင်ပေါက်ကျိုင်း ... ၉
- ပြူစောထီး ... ၁၅
- ဥမ္မာဒန္တီ ... ၂၀
- ကျိုးနှင့် ဖိုးကွက် ... ၂၇
- မိဖုရားစောလုံ ... ၃၃
- ပေါရိသာဒ ... ၃၉
- ကျန်စစ်သား ... ၄၇
- သီဟဗာဟု ... ၅၃
- ကုလိဿနှင့်ဝိစိတ္တ ... ၅၉
- ဥပကနှင့် မဆာဝါ ... ၆၅
- ပန်းဘဲမောင်တင့်တယ် ... ၇၀
- ဗေဒါရီ ... ၇၅
- သမ္ဗူလ ... ၈၁
- ဗျတ်ဝိနှင့် ဗျတ္တ ... ၈၇
- မာတဂ် ... ၉၃
- ကြောင်ဘိုကြီးနှင့် ကြက်မကလေး ... ၉၇
- ဥတိန္န ... ၁၀၃
- ကာကဝဠိယ ... ၁၀၉
- ရွှေယုန်နှင့်ရွှေကျား ... ၁၁၅

# နိဒါန်း

'ရှေးရှေးတုန်းက၊ ရွှေယုန်နှင့် ရွှေကျား သက်ကယ်ရိတ်သွားရောတဲ့' အစချီသော ဒဏ္ဍာရီကလေးများကို ယခုခေတ်တွင် မကြားရတော့ပြီ၊ မကြားရရုံမကသေး ထိုပုံကလေးများကို အစအဆုံးပြောတတ်သူပင်လျှင် လူတစ်ရာလျှင် တစ်ယောက်မရှိသလောက် ဖြစ်၍နေပေတော့၏။

ထိုသို့ဖြစ်ရခြင်းကို စဉ်းစားလိုက်သည်ရှိသော်၊ ယခုခေတ်တွင် ထိုပုံကလေးမျိုးတို့ကို မပြောတော့ဘဲ၊ သိုးဆောင်းပုံပြင် ဒဏ္ဍာရီများဖြစ်ကြသော၊ ဒေးဗစ်နှင့်ဂေါ်လီယက်တို့ပုံ၊ အင်ဒရိုးကီးလ်နှင့် ခြင်္သေ့ပုံစသည်တို့ကိုသာ ပြောဆိုနေကြခြင်းကြောင့်တစ်ကြောင်း၊ ရွှေယုန်နှင့်ရွှေကျား၊ ကြောင်အိုကြီးနှင့် ကြွက်မကလေးစသော ပုံများမှာ ပြောရမန်များ၊ ကြားရမန်များသဖြင့် ပြောသူရော၊ ကြားသူပါ ငြီး၍နေကြသောကြောင့်တစ်ကြောင်း၊ တဖြည်းဖြည်း တိမ်ကောလျက်လာခြင်းပင် ဖြစ်ပေမည်ဟု တွေးတောမိပေသည်။ အကယ်၍သာ ရွှေယုန်နှင့်ရွှေကျားတို့သည် ခေတ်သစ်ပြောင်းလဲသည့်အလျောက်

Generated by CamScanner from intsig.com

သက်ကယ်ရိတ်မသွားကြဘဲ၊ ဘောလုံးပွဲကြည့်ရအောင် သွားကြမည်ဆိုလျှင် ယခုခေတ်ကလေးသူငယ်တို့၏ စိတ်၌ ပိုပို၍ စိတ်ဝင်စားကောင်း ဝင်စားလိမ့်မည်ဟု မျှော်လင့်ရပေသည်။

ရှေးရာဇဝင်၊ မဟာဝင်၊ ပုံပြင်ဝတ္ထု သက်သေသာဓကတို့မှာ များစွာမှတ်သားနာယူဖွယ် ကောင်းလှသော်လည်း များစွာသောသူတို့သည် ကြားရဖူးပြီ၊ ဖတ်ရဖူးပြီ၊ ရိုးပြီဟူ၍ နောက်ထပ်ဖတ်ကြားလိုသောဆန္ဒ မရှိကြချေ။ အချို့လူတို့မှာလည်း အမည်နာမစသည်တို့သာ မှတ်ဖူး၊ ကြားဖူး၍ အကျိုးအကြောင်းစုံလင်စွာ မသိကြချေ။ ယခုခေတ်ကလေးသူငယ်တို့မှာ အင်္ဂလိပ်စာ၊ အင်္ဂလိပ်ပုံဝတ္ထုပုံပြင်တို့သာ ဖတ်ရ မှတ်ရ၍ ဖော်ပြပါ ရာဇဝင်ပုံပြင်တို့ကို ဖတ်မှတ်နိုင်ရန် အခွင့်အရေးနှင့်ဝေးကွာကြလှလေတော့သည်။

သို့ဖြစ်ရကား ဤသူတို့အား အလွန်ရိုးနေသောအကြောင်းအရာများကိုပင်၊ တစ်မျိုးတစ်ဖုံ တန်ဆာဆင်ကာ ဖော်ပြရသော် စိတ်ဝင်စားစွာ ဖတ်ရှုကြလိမ့်မည်ဟု မျှော်လင့်မိသည့်အလျောက် ရှေးကဖြစ်ပျက်ပြောဆိုခဲ့ကြသည့် အကြောင်းအရာများကို Parody ခေါ် ဟာသပညာအားဖြင့် ပြုပြင်ပြောင်းလဲရေးနည်းဖြင့် ရယ်ရွှင်ဖွယ်ဖြစ်အောင် ပြုလုပ်ဖန်တီးကာ ပုံပြင်ဟူသော အမည်ဖြင့် ဤစာအုပ်ကို ရေးသားလိုက်ရပေသည်။

ဤသို့ရေးသားရာတွင်၊ ဇာတ်, နိပါတ် ရာဇဝင်တို့ကို ဖျက်သည်၊ နောင်လာ နောင်သားတို့အား အမှတ်အသားလွဲကြလိမ့်မည်ဟု အပြစ်ယူကောင်းယူကြလိမ့်မည်။ သို့ရာတွင် စာရေးသူကိုယ်တိုင်က ဤပုံပြင်များမှာ မူလအဖြစ်အပျက်တို့၏ သဘောမျှသာပါဟု 'ဝန်ခံထားပြီး ဖြစ်ရကား၊ အမှန်ဟုမှတ်သားလျှင် ရေးသူကား အသို့လျှင် တာဝန်ခံနိုင်ပါတော့အံ့နည်း။ အမှားကိုသိရပြီး၊ အမှန်ကား ဘယ်သို့နည်းဟု မေးသည်ရှိသော် ဤသို့ရှာဖွေစူးစမ်းလိုသောစိတ် ဖြစ်ပေါ်လာလျှင်၊ ရေးသူ၏ ရည်ရွယ်ချက်သည် ပြည့်ဝပါပြီ။ အမှန်ကို သိလိုသောဆန္ဒရှိသူတို့အဖို့ ဤပုံပြင်များတွင် ပါဝင်သော အကြောင်းအရာများကို ရှာဖွေသိရှိနိုင်ကြရန် မခဲယဉ်းတော့ချေ။

ဤစာအုပ်ငယ်သည် စာဖတ်တတ်သော ကလေးသူငယ်အရွယ်မှ၊ သွားကျိုးရွတ်တွ၊ ကုန်းကွ အိုမင်းနေသူတို့အထိ ဖတ်သူအားလုံး၏ စိတ်နှလုံးတွင် ရွှင်ပြုံးကြည်လင်နိုင်ပါစေသတည်း။

Generated by CamScanner from intsig.com



ရန်ကုန်မြို့ကြီးမှာ လူမျိုးစုံနေထိုင်ရာအရပ် ဖြစ်သည်နှင့်အညီ၊ ကျွန်တော်နေထိုင်သော လမ်းထဲတွင် တရုတ်၊ ကုလား၊ ကပြား၊ ကရင်၊ ဘိုချဥ်ပေါင်အမျိုးမျိုးတို့ နေထိုင်ကြသည့် အလျောက် ဆူဆူညံညံအသံများကို နေ့စဥ်လိုလိုပင် တစ်မျိုးတစ်မျိုးကြားနေရပေတော့၏။ တစ်နေ့တွင် ကျွန်တော် နေထိုင်သည့် အိမ်နှင့် မလှမ်းမကမ်းတွင် အခန်းတစ်ခုတည်း၌ အိမ်ထောင်သည် ၆ စုံထက်မနည်း ခို၍နေကြသည့် ကော်ရင်ဂျီကုလားတစ်သိုက်တို့၏ အခန်းမှ နားပွင့်ကွဲလုမတတ် တီးခတ်လိုက်သော ကုလားဗုံသံသည် ကျွန်တော့်အား စာရေး၍ စိတ်ကူးမရှင်နိုင်လောက်အောင် အနှောင့်အယှက်ပေးနေ သဖြင့် ကျွန်တော်မှာ စာလုံးလုံးမရေးဖြစ်တော့ဘဲ၊ ပက်လက် ကုလားထိုင်ပေါ်တွင် ပစ်လှဲ၍ ထိုင်ကာအဖော်မျှော်လျက် ကျွန်တော်၏ စကားပြောဖော် ပြောဖက်ဖြစ်သည့် မိတ်ဆွေကြီးအပါကလေး လာချိန်ကို စောင့်စားနေမိလေ၏။

Generated by CamScanner from intsig.com

ထိုသို့ စောင့်မျှော်၍ နေသည့်အတိုင်း၊ ဘပါသည် ကျောင်းဆင်း၍ အပြန်တွင် ၎င်း၏အိမ်သို့ပင် တိုက်ရိုက်မသွားဘဲ၊ ကျွန်တော်၏ထံသို့ ရောက်လာသဖြင့် ကျွန်တော်လည်း ဘပါ၏ ပုခုံးမှ ကျောက်သင်ပုန်း လွယ်အိတ်ကို ဖြုတ်ပေးရင်း "ဟေ့ ဘပါ၊ ဟိုဆီက ဆူဆူညံညံနဲ့ ကုလားဗုံတီးနေတာ ဘာလုပ်တာလဲကွဲ့"ဟု မေးလိုက်လေ၏။

"ကုလား လက်ထပ်ပွဲလုပ်တာ ဦးလေးရဲ့၊ အဲဒီကုလားမကြီးဟာ အခုပါနဲ့ လင်ယူတာ ငါးယောက်ရှိပြီတဲ့။ ငါးယောက်ဆိုတော့ များတာပေါ့နော်။ ရှေးတုန်းက ရှင်ဘုရင်မတစ်ယောက်လိုပေါ့၊ သူ့ နာမည်တောင်မေ့နေပြီ"

"ရှင်ဘို့မယ်ဆိုတာ မဟုတ်လားကွဲ့"

"အဲဒီနာမည်လည်း မဟုတ်ဘူး။ သူ့နာမည် ဘပါကောင်းကောင်းမမှတ်မိတော့ဘူး။ သူ့ယောက်ျားနာမည်ကတော့ ကိုပေါက်တူးတဲ့။"

"ရှင်ဘုရင်မယောက်ျားနာမည်က ကိုပေါက်တူးတဲ့လားကွ၊ ဟုတ်မယ် မထင်ပါဘူး၊ မင်းမှားများ နေရော့သလားကွ"

"ဟုတ်တယ်ဦးလေးရဲ့၊ ပေါက်တူးကြီးနဲ့သတ်လိုက်လို့ နဂါးကြီး သေသွားတဲ့အတွက် သူ့နာမည်ကို ပေါက်တူးလို့ခေါ်တာ"

"ဟ အဲဒါ မောင်ပေါက်ကျိုင်းရယ်။ ကိုပေါက်တူးမဟုတ်ဘူး"

"ဟုတ်တယ်။ ကိုပေါက်တူးမှအစစ်။ အဲဒီပုံကိုကျွန်တော်ပြောပြမယ်၊ ဦးလေးမှတ်ထား၊ နောက်တော့မှ အခုလိုငြင်းမနေနဲ့ဘုံး" ဟုဆိုကာ ဘပါသည် ကျွန်တော်၏ရှေ့သို့ ကုလားထိုင်တစ်လုံး ဆွဲလာပြီးလျှင် တင်ပျဉ်ခွေထိုင်ကာ ပုံပြောရန်ပြင်လေ၏။

□ □

"ရှေးရှေးတုန်းက၊ အဲဒါပုံမဟုတ်ဘူးလို့ ပြောတယ်ဦးလေးရဲ့၊ ဆရာမက တော့ပုံတဲ့၊ တချို့ကတော့ရာဇဝင်ဆိုလား။ ဒိုင်ယာရီဆိုလားပြောတယ်"

"ဒဏ္ဍာရီပါကွဲ့၊ ဒိုင်ယာရီမဟုတ်ပါဘူး"

"အဲဒါနဲ့ ရေတာကောင်းလုပ်တဲ့တိုင်းပြည်မှာ"

"တကောင်းပြည်ပါကွဲ့၊ ဦးလေးခဏခဏပြောတာ မမှတ်မိဘူးလား"

"ရေတာကောင်းလုပ်တဲ့တိုင်းပြည်နဲ့ တကောင်းပြည်နဲ့ အတူတူပေါ့ ဦးလေးရ။ ဘပါခဏခဏပြောတာ ဦးလေးမေ့ပြီလား။ အဲဒါနဲ့ရှင်ဘုရင်မကြီး တစ်ယောက်ရှိရော။ အဲဒီရှင်ဘုရင်မကြီးဟာ နဂါးတစ်ယောက်နဲ့လင်ငယ်နေ

Generated by CamScanner from intsig.com

သတဲ့။ နဂါးဆိုတာအရှည်ကြီးပဲတဲ့။ ဒါတောင်သူ မကြောက်ဘဲယူတာ အံ့ဩ ပါရဲ့နော်"

"အဲဒီလိုနဂါးနဲ့တိတ်တိတ်ပုန်းညားနေတာကို သူ့အဖေကြီးကသိတော့ ငါ့သမီးကို လင်ပေးစားမယ်ဆိုပြီး၊ ရှင်ဘုရင်တစ်ယောက်နဲ့ပေးစားလိုက်ပါရော။ ဒီရှင်ဘုရင်က လင်ငယ်နေမှန်းမသိတော့ သူ့ကိုယူလိုက်ပြီး ညအိပ်ကြတော့ နဂါးကြီးက အချိန်တန်တော့၊ သူ့မိန်းမတခြားလင်တစ်ယောက်နဲ့ အိပ်နေတာ တွေ့ရတော့၊ သိပ်ဒေါပွပြီး အစွယ်နဲ့ပေါက်သတ်လိုက်တာ သေပါရော"

"ဒီရှင်ဘုရင်တစ်ယောက်သေသွားတော့ သူ့အဖေကြီးက နောက် ရှင်ဘုရင်တစ်ယောက်နဲ့ ပေးစားပြန်ပါရော။ အဲဒီရှင်ဘုရင်က ဒီမိန်းမကို အပျို မှတ်လို့ ယူလိုက်ပါရော။ ယူတဲ့ညမှာပဲ နဂါးကြီးရောက်လာပြီး ပေါက်သတ် လိုက်ပြန်ပါရော"

"ဒါနဲ့ နောက်လင်တစ်ယောက်ထပ်ပြီး ပေးစားလိုက်ပြန်တာပေါ့။ နောက်ယူတဲ့ရှင်ဘုရင်လည်း အရင်ရှင်ဘုရင်တွေလိုပဲ တာမွေရောက်သွား တာပေါ့။ ဒါနဲ့တစ်ယောက်ပြီးတစ်ယောက် လင်တွေယူလိုက်တာ၊ ယူတဲ့ လင်တိုင်း သေကုန်တော့၊ ဒီရှင်ဘုရင်မကို ဘယ်သူမှ မယူရဲကြတော့ဘဲ။ သူ့အဖေကြီးက သူ့သမီးလင်ရအောင် မြို့ပေါ်လိုက်ပြီး မောင်းခတ်တီးပြီး ကြေညာတာပေါ့။"

"ဩော် အနောက်နိုင်ငံမှာ လင်လိုချင်တယ်လို့ သတင်းစာထဲမှာ ကြော်ငြာတာ တကောင်းပြည်ကို အတုခိုးတာပဲထင်ပါရဲ့"

"ဟုတ်တယ်ဦးလေးရဲ့။ ဒါနဲ့ မြို့ပေါ်လိုက်ပြီး မောင်းခတ်တော့၊ ပေါက်တူးကြီးထမ်းလာတဲ့ တောသားတစ်ယောက်နဲ့တွေ့တော့၊ မောင်းထုတဲ့ လူကြီးတွေက 'ဟေ့ ဆရာကြီး မိန်းမယူမလား' မေးတာပေါ့"

"သူတို့တွေလိမ်ပြီးခေါ်တော့ တောသားကြီးလည်း ပါသွားတာပေါ့။ သူမို့လို့ အပျိုမဟုတ်ဘဲ အအိုကြီးကိုကြိုက်တယ်နော်။ ဦးလေးဆိုရင်ကြိုက်ပါ့ မလား"

"ဦးနလေးတော့ အအိုဆိုရင် ဘယ်ကြိုက်မလဲကွဲ့။ နို့ပေတဲ့ ဒီလူကြီး ကတော့ ရှင်ဘုရင်ဖြစ်ချင်တာကိုးကွ"

"ရှင်ဘုရင်ဖြစ်ရပေမယ့် အအိုကြီးတော့ ဘာလုပ်ဖို့လဲ"

"ဩော် သူ့မှာ အအိုတွေ အပျိုနဲ့တူအောင် ငယ်မူပြန်တဲ့ဆေး ရှိသလားမှ မသိဘဲနဲ့"

"ဟုတ်ချင်လည်း ဟုတ်မှာပဲ ဦးလေးရဲ့၊ အဲဒါနဲ့ ကိုပေါက်တူးလည်း ပေါက်တူးကြီးထမ်းပြီး နန်းတော်ကို လိုက်သွားရောဗျ။ နန်းတော်ကျတော့ သစ်တောရေး ဝန်ကြီးချုပ်တွေ ဘာတွေက ချက်ချင်းလက်ထပ်ပေးလိုက်ပါရော၊ သိပ်မြန်တာပဲနော်။ မင်္ဂလာဖိတ်တတောင် မကမ်းဘူး၊ လက်ဆောင်ကမ်းရမှာ စိုးလို့ ထင်ပါရဲ့။"

"ဒါနဲ့ ညကျတော့ ကိုပေါက်တူးတို့လင်မယားနှစ်ယောက် ခုတင်ပေါ်မှာ အိပ်နေကြတုန်း၊ ရှင်ဘုရင်မရဲ့ လင်ငယ်နဂါးကြီးက ရှူးရှူး ရှူးရှူးနဲ့ နန်းတော်ထဲဝင်လာတာ၊ ဒီတော့ကိုပေါက်တူးက အဲဒါနဂါးကြီးနဲ့တူတယ်၊ ဒီနဂါးကြီးပဲ အရင်လင်တွေကို သတ်တာပဲ၊ ဒီတစ်ခါတော့ သူ့ကိုသတ်မယ် ဆိုပြီး သူ့မိန်းမ မသိအောင် အိပ်ယာထဲကအသာကလေး ထလာပြီးတော့၊ သူအိပ်တဲ့နေရာမှာ ကျီးကန်းတွေဘာတွေညှပ်တဲ့ ကြွက်ထောင်ချောက်ကြီးကို အစားသွင်းထားပြီး သူကတော့လိုက်ကာကြားထဲဝင်ပြီး ပုန်းနေလိုက်တာပေါ့။

"နဂါးကြီးရောက်လာတော့၊ စောင်ခြုံထားတဲ့ ကြွက်ထောင်ချောက်ကို ကိုပေါက်တူးမှတ်ပြီးနောက်၊ ငါ့မိန်းမနဲ့ လင်မယားလုပ်တင်း ကစားတဲ့အကောင် သေပေတော့ဆိုပြီး အစွယ်ကြီးနဲ့ ဝိတ်ပေါက်လိုက်တာ။ နဂါးကြီးခေါင်းကို ကြွက်ထောင်ချောက် ညှပ်မိရက်သားဖြစ်နေတာပေါ့၊ နဂါးကြီးလည်း လည်မျိုကို မိနေတော့ မအော်နိုင်တော့ဘူး ဒီတော့မှ ကိုပေါက်တူးက လိုက်ကာကြားထဲကနေ ထွက်လာပြီး 'အဝိစိရ လူသေမြုပ်တဲ့ သုသာန်မြေ တစ္ဆေချင်းစကားပြော ကိုးတသောသောနေရော့လဟယ်' ဆိုပြီး နဂါးကြီးကို ပေါက်တူးနဲ့ ဝိတ်ပေါက် လိုက်တာ တစ်ခါတည်းဆန့်ပါလေရော၊ ဒီတော့မှ ကိုပေါက်တူးကနေ နဂါး အသေကြီးကို ရှင်ဘုရင်မ မသိအောင်ယူပြီး လမ်းပေါ်က အမှိုက်ပုံးထဲ ထည့်ထားလိုက်တာပေါ့။

"နောက်တစ်နေ့ကျတော့၊ ရှင်ဘုရင်မက ကိုပေါက်တူး မသေဘဲနေတာ ကို တွေ့ရတော့၊ ငါ့တိတ်တိတ်ပုန်းလင် နဂါးကြီးတော့၊ ကိုပေါက်တူးသတ်လို့ သေပြီ၊ ငါ ကိုပေါက်တူးကို ကြံပြီးသတ်မှပဲဆိုပြီး၊ 'ကိုပေါက်တူးရယ်၊ ကိုကိုတူး ရယ်တဲ့၊ ရှင့်ကိုတော့ ကျွန်မကြိုက်ပါတယ်တဲ့၊ ဒါပေမဲ့ ကျွန်မ စကားထာဖွက် မယ်တဲ့၊ ဖော်နိုင်မှ ရှင့်ကိုယူမယ်တဲ့၊ မဖော်နိုင်ရင်(၇)ရက်ကြာလို့ရှိရင် သတ် ပစ်မယ်'ဆိုပြီး ချောင်ပေးလို့တုပ်၊ ဟုတ်ပေါင်နေပါဦး၊ ဘာပါလိမ့်၊ ဩော်သိပြီ။ ထောင်ပေးလို့ချုပ်၊ ရာပေးလို့ဆုတ်၊ ချစ်တဲ့သူအရိုး ဆံထိုးလုပ် စကားထာ ဖွက်လိုက်တာကိုး"

"ကိုပေါက်တူးက မပြေတတ်တော့၊ ငါတော့ (၇)ရက်ကြာရင် သေရတော့မှာဆိုပြီး၊ တစ်နေ့ကျတော့ သိပ်စိတ်ညစ်တာနဲ့ ကစော်ဆိုင်သွားပြီး အရက်တွေသောက်ပြီးတော့ သစ်ပင်တစ်ပင်အောက်မှာ မှုးလဲနေတာကိုး။ ဒီတော့ သစ်ပင်ပေါ်မှာ နားနေတဲ့ ကျီးကန်းလင်မယားနှစ်ယောက်က သမီးရည်းစားစကားပြောရင်း ကျီးကန်းအထီးက 'မိန်းမရယ် ငါထမင်းဝလို့ စီးကရက်သောက်ချင်လိုက်တာကွယ်'လို့ပြောသတဲ့"

"ဩော် ကျီးကန်းထမင်းဝတော့ စီးကရက်ဆာသကိုးကွဲ့"

"ဟုတ်တယ် ဦးလေးရဲ့။ ဒီတော့ကျီးကန်းမယားလေးက 'ရှင်ကလည်းတော်၊ ကျွန်မမှာ ပိုက်ဆံခြောက်ပြားပဲရှိတယ်။ မနက်ဖြန် ထမင်းဝယ်စားရဦးမယ်'လို့ပြောတော့ ကျီးကန်းအထီးက 'မနက်ဖြန်မပူနဲ့၊ မောင်ပေါက်တူးစကားထာမဖော်နိုင်လို့ အသတ်ခံရတော့မယ်။ တို့မှာ သူ့အသားတွေ စားရမှာပေါ့ကွဲ့'၊ ဒီတော့သူ့မိန်းမက စကားထာအဖြေဟှယ်ကိုမေးတော့၊ ကျီးကန်းထီးက ဖြေပြလိုက်တာ ကိုပေါက်တူး အမူးပြေလာတော့ ကြားတာပေါ့"

"ဩော် ကျီးကန်းက လူထက်တောင် နားလည်တယ်နော်"

"ငှက်တွေဆိုရင် နားလည်တာပေါ့ဦးလေးရဲ့။ တာကလေးဗေဒင် ကြည့်ပါလား။ လူတွေငှက်လောက်မှ အသုံးမကျလို့ တာကလေးဗေဒင်ဟောရတာပေါ့။ အဲဒါနဲ့ ကိုပေါက်တူးလည်း နန်းတော်ပြန်သွားပြီး 'ဟေ့ ရှင်ဘုရင်မကလေးရေ ငါစကားထာဖော်တတ်ပြီ'။ 'ကဲ ဖော်ခမ်း'လို့ဆိုတော့ 'ထောင်ပေးလို့ ချုပ်ဆိုတာ၊ နဂါးကို ကြွက်ထောင်ချောက်နဲ့ထောင်ပြီး၊ ဖမ်းချုပ်လိုက်တာ'လို့ ပြောပြလိုက်တော့မှ ရှင်ဘုရင်မကလေးက 'ဟုတ်တယ်၊ ဟုတ်တယ်။ ငါ့လင် သိပ်တာတတ်တယ်'ဆိုပြီး ယူလိုက်ရော၊ အဲဒါနဲ့ပြီးရော"

❑ ❑ ❑

Generated by CamScanner from intsig.com



သားရေလောက်လေးဖြင့် ဆွဲ၍ပစ်ခတ်လိုက်သော ကျောက်ခဲတစ်လုံးသည် ကျွန်တော်၏ အခန်းတွင်းသို့ ပြင်းသောအရှိန်ဖြင့် ဝင်ရောက်လာကာ၊ ပန်းအိုးတစ်လုံးကို ဝင်၍ခွဲလိုက်သောကြောင့် ကျွန်တော့်မှာ အလွန် ဒေါသထွက်မိပြီး၊ လေးပစ်သောသူငယ်ကို ကြိမ်းမောင်းဆုံးမ မည်ဟု နှလုံးပြုလျက်၊ စာရေးစားပွဲမှထ၍ ပြတင်းပေါက်မှထွက်ကြည့်လိုက်ရာ၊ လေးပစ်သူမှာ အပေါ်ကလေးဖြစ်နေသည်ကို တွေ့ရသည်၌ ဒေါသမထွက်နိုင်ဘဲ ရှိလေ၏။ သို့ရာတွင် အပေါ်အား ကြည့်နေ၍မဖြစ်သေးဘဲ နားလည်အောင် ပြောဆိုဆုံးမမည် ဝိတ်ကူးလျက် အပေါ်ကိုခေါ်လိုက်သဖြင့် ရောက်လာလေ၏။

"အပေါ၊ မင်းဘယ့်နှယ်ကြောင့် လောက်လေးကို အရမ်းပစ်ရတာလဲ၊ ဦးပန်းအိုးကြီး ကွဲသွားပြီ"

"ဦးလေးပန်းအိုးရှိတာ ကျွန်တော် ဘယ်သိမလဲ ဦးလေးရဲ့၊ ပန်းအိုးကွဲမှာစိုးရင် အစတုန်းကရွှေ့ထားလိုက်ပါလား ဦးလေးရဲ၊ အိမ်ထဲကို ကျောက်ခဲဝင်လာတာမြင်တုန်းက ပန်းအိုးဆွဲထားလိုက်ရင် ဘယ်မှန်ပါ့မလဲ"

"အင်း၊ မင်း လောက်လေးပစ်မယ်ဆိုတာ ငါသိပ်ါမလားကွဲ့၊ မင်းဟာက ၂၄ နာရီ ကြိုတင်ပြီး နို့တစ်ပေးထားတာမှ မဟုတ်ဘဲကလား" ဟု ပြောလိုက်ပြီးနောက် "မင်း ဒီကနေ့ ကျောင်းမတက်ရဘူးလား" ဟု မေးလိုက်၏။

"ဥပုသ်နေ့မို့လို့ ကျောင်းပိတ်ထားတာပဲ"

"ဘေး၊ ဥပုသ်နေ့မှန်းသိရက်နဲ့ ဘာပြုလို့ လောက်လေးပစ်ရသလဲ"

"ငှက်ကလေးတွေကို ပစ်တာပဲ ဦးလေးရဲ့"

"ဘေး၊ ငှက်ကလေးတွေကို မပစ်ရဘူး၊ သူများအသက်သတ်တာ ငရဲကြီးတတ်တယ်"

"မကြီးပါဘူး ဦးလေးရဲ့၊ ဆရာမက ပြောတယ်။ လောက်လေးပစ်ရင် ရှင်ဘုရင်ဖြစ်မယ်တဲ့။ ကျွန်တော် ရှင်ဘုရင်ဖြစ်ချင်တာပေါ့"

"ကြံကြံဖန်ဖန်ကွာ၊ မင်းဆရာမက ဒီလိုပဲ ပြောသလား"

"တကယ့်ကိုပြောတာ ဦးလေးရဲ့၊ ဒီပုံကို ဦးလေးမကြားဖူးဘူးလား"

"ပြောစမ်းပါဦး၊ ဘယ်လိုပုံလဲ"

"ဦးလေး နားထောင်နော်၊ နောက်ပြီးတော့ မပေးနဲ့"

❑ ❑

"ရှေးရှေးတုန်းက၊ အဲဒါရာဇဝင်ဦးလေးရဲ့၊ ရာဇဝင်ဆိုတာ ပုံလည်းမဟုတ်ဘဲ၊ တကယ်ဖြစ်တာလည်းမဟုတ်ဘူး။ ရှင်ဘုရင်တွေက ရေးနိုင်းလို့၊ လူကြီးတွေက ရေးပြီး၊ ရှင်ဘုရင်တွေဖတ်တဲ့ ဝတ္ထုစာအုပ်ကို ပြောတာ၊ အဲဒါနဲ့ ရေတကောင်းလုပ်တဲ့တိုင်းပြည်မှာ ရှင်ဘုရင်တစ်ယောက်ရှိရော"

"တကောင်းပြည်လို့ခေါ်တယ်ကွဲ့"

"ကျွန်တော်ပြောတာလည်း ဟုတ်သားပဲ ဦးလေးရဲ့၊ အဲဒီ တိုင်းပြည်မှာ လူတွေက ဆူဆူပူပူလုပ်တော့၊ ရှင်ဘုရင်ကလည်း နားငြီးတယ်ဆိုပြီး၊ တောထဲကို ထွက်ပြေးပါရော၊ သူ့မိန်းမလည်း ခေါ်သွားတယ်၊ တောထဲကျတော့ ဘာမှအလုပ်မရှိတာနဲ့ ကလေးတစ်ယောက် မွေးလိုက်ရော၊ ဒီကလေးကို ပြူစောထီးလို့ခေါ်တယ်၊ မြန်မာလိုခေါ်တော့ စောလှဖြူလို့ ခေါ်တယ်၊ သူတို့ ရခိုင်လူမျိုးထင်တယ် ဦးလေးရဲ့"

"အဲဒါနဲ့ ဒီကောင်ကလေး အပါတို့ အရွယ်လောက်ရှိလာတော့၊ ရှင်ဘုရင်ကြီးကို 'ဖေဖေရယ် ဖေဖေရယ်တဲ့၊ ကျွန်တော့်ကို ပိုက်ဆံ ၂ ပြားလောက် ပေးပါလို့ တောင်းတော့၊ သူ့အဖေက နင် ပိုက်ဆံဘာလုပ်မလို့လဲ'

Generated by CamScanner from intsig.com

မေးတော့၊ 'ကျွန်တော်လေးပစ်ဖို့ သားရေကြိုးဝယ်ချင်လို့ပါ၊ ရှင်ဘုရင်သား ဆိုရင် လောက်လေးပင်တတ်တဲ့ပညာကို တတ်ရတယ်ဆိုလို့ ကျွန်တော် သင်ပါ ရစေ'လို့ပြောတော့၊ ရှင်ဘုရင်ကြီးက 'ငါ့မှာအကြွေမရှိဘူး၊ ပဲခေ့တခေ့တည်း ရှိတယ်၊ ရော့ ယူသွား၊ ပိုတဲ့ ၂ပြားကို ပြန်ပေး'လို့ဆိုပြီး ပေးလိုက်ရော"

"ဒါနဲ့ ပိုက်ဆံ ၂ပြားကို သားရေကြိုးဝယ်ပြီး၊ ကျန်တဲ့ ၂ ပြားကို ဗယာကြော်ဝယ်စားလို့ ကုန်သွားတာနဲ့ သူ့အဖေ အရိုက်ခံရမှာစိုးလို့ အိမ် မပြန်ဘဲ ဘုန်းကြီးကျောင်းကိုသွားပြီး နေလိုက်ရော"

"ဒီဘုန်းကြီးကလည်း လောက်လေးသိပ်တည့်တာပဲ၊ ဒါနဲ့ ဒီဘုန်းကြီး က သူ့ကို လောက်လေးသင်ပေးတော့ သိပ်လက်တည့်သွားတာပေါ့၊ ပုတ်သင်ညို တွေ၊ တကလေးတွေပစ်ရင် တစ်ခါတည်း ကျွမ်းပြန်ကျတာပဲ၊ ဒါနဲ့ တစ်နေ့ကျ တော့ သူ့အမေအဖေက ဒီကောင်ကလေး ဘုန်းကြီးကျောင်းမှာ ရှိတာသိလို့ လာခေါ်တော့၊ ငါလိုက်သွားရင် အိမ်ကျတော့ အရိုက်ခံရမှာပဲ၊ ငါ လိုက် မသွားရအောင် လိမ်ပြောမယ်ဆိုပြီး၊ ကျွန်တော် မလိုက်ပါရစေနဲ့ ဖေဖေရယ်၊ ကျွန်တော်ရေနံချောင်းကိုသွားပြီး အလုပ်ရှာပါရစေလို့ပြောတော့၊ သူ့အဖေက နင် အင်္ဂလိပ်စာမှမတတ်ဘဲနဲ့ ဘယ့်နှယ်လုပ်ပြီ အလုပ်ရမလဲလို့ မေးတော့၊ ကျွန်တော် အလုပ်တစ်ခုခုရှာပြီး လုပ်မှာပေါ့လို့ပြောတာနဲ့၊ သူ့အမေ အဖေက တောင်ဘက်ကို ခရီးသွားရင် နဂါးလှည့်သင့်မလား၊ မသင့်ဘူးလားလို့ ဘုန်းကြီး ကို ဗေဒင်မေးကြည့်တော့၊ ကိစ္စမရှိဘူး၊ တောင်ဘက်ကိုသွားရင် ရှင်ဘုရင် ဖြစ်လိမ့်မယ်လို့ ဟောတာနဲ့၊ သူ့အမေရော အဖေရော သိပ်ဝမ်းသာပြီး၊ သူတို့ ကိုယ်တိုင် လောက်စာလုံးတွေလုံးပေးပြီး သွားဖို့အခွင့် လွှတ်လိုက်တာပေါ့"

"ဒါနဲ့ ရှေးတုန်းက မီးရထားတွေ သင်္ဘောတွေ မရှိသေးတာနဲ့ ခြေလျင် လျှောက်လာတော့ ရေနံချောင်းကို မရောက်ဘဲ၊ လမ်းမှားပြီး ပုဂံလုပ်တဲ့ တိုင်းပြည်ရောက်သွားပါရော"

"ပုဂံလုပ်တဲ့ တိုင်းပြည်မဟုတ်ဘူး၊ ပုဂံပြည်လို့ ခေါ်တယ်ကွယ့်"

"အတူတူပေါ့ ဦးလေးရဲ့၊ ဒါနဲ့ ပြုံစားတတ်တဲ့ အဘိုးကြီးလင်မယား အိမ် ရောက်သွားရော"

"ပျူအို လင်မယားပါကွ ပြုံစားတတ်တာ မဟုတ်ပါဘူး"

"ဟုတ်ပါတယ် ဆရာမက ဒီလိုပဲ ပြောတယ်၊ ဒါနဲ့ ဒီကောင်ကလေး ကို အဘိုးကြီးလင်မယားက၊ အမွေစားအမွေခံဆိုပြီးစာချုပ်နဲ့ မွေးစားထားလို့၊ တဖြည်းဖြည်းကြီးလာတော့ 'လူကလေးရယ်တဲ့၊ ပင်းသိပ်ပြီးတော့ မလည်နဲ့'တဲ့၊

'တို့တိုင်းပြည်မှာ ငှက်ဖျားရောဂါထနေတယ်'တဲ့၊ 'ဝက်ရူးလည်း ပြန်တယ်'တဲ့၊ မလည်နဲ့ ပြောတော့၊ ဘာဖြုလို့ ငှက်ဖျားရောဂါ ထနေကြတာလဲလို့ မေးတော့၊ အနောက်ဘက်မှာ မကောင်းဆိုးဝါးတစ္ဆေတွေက လွှတ်ထားတဲ့ ကုတ်ကလေး တစ်ကောင်ရှိတယ်။ ဒီငှက်ကြီးဟာ လက်ပံပင်အပေါ်မှာ နေတယ်တဲ့။ ဒီငှက်ကြီး ညညကျရင် ကုတ် ကုတ် ကုတ်ကလေးလို့ အော်လိုက်ရင် လူတွေ ငှက်ဖျားရောဂါဖြစ်ပြီး သေတယ်တဲ့"

"အဲဒါကို မသေရအောင် ဒီငှက်ကြီးစားဖို့ မိန်းမတွေကို ကြွေးရတယ် ဦးလေးရဲ့၊ ဒီငှက်ကြီးက သိပ်လူပါးဝတာပဲ။ အမယ်အိုကြီးတွေ ကျွေးရင် အဆီအသား မရှိဘူးဆိုပြီး မစားဘူး ဦးလေးရဲ့၊ အပျိုကလေးတွေမှ စားတယ်တဲ့၊ ဒီလိုအပျိုကလေးတွေဘားရင် လူပျိုတွေ မိန်းမဘယ်ရတော့မလဲနော်၊ ဦးလေး လိုပဲ ဖြစ်နေကြမှာပေါ့"

"ဒါနဲ့ ပြုစောထီးလို့ခေါ်တဲ့ စောလှဖြူက 'ဒီငှက်ကြီး ကျွန်တော် မကြောက်ဘူး၊ ကျွန်တော်လောက်လေးနဲ့ ပစ်သတ်မယ်၊ ကျွန်တော်သွားပါရစေ' လို့ အဘိုးကြီးလင်မယားကို ပူဆာတာနဲ့ လွှတ်လိုက်ရတာပေါ့၊ ဒါနဲ့ သူလည်း လောက်စလုံးတွေ လွယ်အိတ်နဲ့ အပြည့်ကြီးထည့်ပြီး ထွက်လာတော့၊ လမ်းမှာ လူတစ်ယောက်နဲ့ တွေ့ရော၊ အဲဒီလူဟာက ငှက်ကြီးကို အစာကျွေးဖို့ အပျိုကလေးတွေ ဖမ်းလာတဲ့လူ ဦးလေးရဲ့၊ အဲဒီလူကို တွေ့တော့ 'ဟေ့ကောင် ဒီကောင်မလေးတွေကို ခင်ဗျား မဖမ်းသွားနဲ့ ငါလက်သီးနဲ့ ပိတ်ထိုးရမလား'လို့ ပြောပြီး၊ အဲဒီနေရာမှာပဲ သူတို့နှစ်ယောက် နောင်ကျိမ်၊ နောင့်ကျိမ်း နောင်ကျိမ် နောင့်ကျိမ်းဆိုပြီး ထိုးကြတာပေါ့၊ တစ်ခါတည်း ဟိုလူကြီးခန့်သွားတာပဲ"

"အဲဒီလူ သေသွားတော့ စောလှဖြူက၊ 'ဟဲ့ ကောင်မလေးတွေ နင်တို့ ငှက်ကြီး ဘယ်မှာရှိသလဲ၊ ငါ့ကို ပြစမ်း' ဆိုတော့ လိုက်ပြတာပေါ့၊ ငှက်ကြီးကို တွေ့တဲ့အခါကျတော့ လောက်ဇာလုံးအကောင်းဆုံးရွေးပြီး ပိတ်ပစ်လိုက်တာ၊ ဒိုက်ပိတ်မှန်ပေမဲ့ ငှက်ကြီးက ရောမငှက်ကြီးဆိုတော့ မသေနိုင်ဘူးပေါ့။ ဒါပေမဲ့ သိပ်နာသွားတာနဲ့၊ ဒေါသဖြစ်ပြီး စောလှဖြူကို နှုတ်သီးနဲ့ ပိတ်ပေါက်လိုက်တာ စောလှဖြူက လူပါးပဲ၊ ဘာရမလဲ၊ ဒိုင်ဗင်လည်း ထိုးတတ်တော့ နောက်ကျွမ်းပစ်ပြီး ဘက်ဒိုင်ဗင်ဆော်လိုက်တာ၊ ငှက်ကြီးသူ့ကို မပေါက်မိဘဲ မြေကြီးထဲ နှုတ်သီးစိုက်နေတာပေါ့၊ အဲဒီအခါကျတော့မှ စောလှဖြူက ငှက်ကြီး နင်သေရအောင်ပြင်'ဆိုပြီး လောင်စာလုံးမိုး ရွာချလိုက်တာ၊ ငှက်ကြီး အော်တောင်မအော်နိုင်ဘဲ၊ ပွဲချင်းပြီး နတ်ရွာခံပါရော"

"ဒီတော့မှ တောလုဖြူက၊ ငှက်ကြီးကို အမွေးနုတ်ပြီး မဆလာတွေ ငရုတ်သီးတွေနဲ့ ချက်ပါရော၊ ချက်ပြီးတော့မှ အဲဒီမိန်းမတွေကို လည်ရောင်းနိုင်းတော့၊ ခေါင်းပေါ်ရွက်ပြီး သွားကြတာပေါ့။ အဲဒီအခါမှာ ရှင်ဘုရင်ကလည်း မှန့်သည်လာဦးလို့ ခေါ်ပြီးစားတော့၊ သိပ်အရသာရှိတာနဲ့ 'ဘယ်ကလာပြီး ရောင်းသလဲ'လို့မေးတော့၊ 'ကျွန်မတို့ ပုဂ္ဂန်တောင်ကလာပြီး ရောင်းတယ်' ပြောတာနဲ့၊ 'ဘယ်သူချက်သလဲ သိပ်အရသာရှိတာပဲ၊ ချက်တဲ့လူကို ရှင်ဘုရင်ခန့်မယ်'လို့ပြောတဲ့အတွက် တောလုဖြူ ချက်မှန်းသိပြီး နန်းတော်ထဲ ခေါ်ပြီး ရှင်ဘုရင်ရာထူးကို ပေးလိုက်ရော၊ အဲဒါနဲ့ ပြီးရော"

␣ ␣ ␣

Generated by CamScanner from intsig.com




ကျွန်တော်သည် ပဂ္ဂဇင်း၊ သတင်းစာ၊ ဂျာနယ်တိုက်များမှ ကျွန်တော့်အား ပေးပို့သောစာအုပ်များကို စာအုပ်ဝင်ပေါ်တွင် ကောင်းစွာသိမ်းဆည်း၍ထားသော်လည်း၊ ကျွန်တော်၏ အိပ်၌ ပိုနိုကပ်ရပ်၊ စားသောက်နေကြသော ကြွက်လင်မယား သားအမိတစ်စုနှင့် ကျွန်တော်၏မိတ်ဆွေကြီး အပါကလေးတို့သည် အမြဲလိုပင် လာရောက်ဖျက်ဆီး မွှေနှောက်လေ့ရှိကြပေ၏။ ကြွက်မိသားတစ်စုတို့မှာ ပေါင်ဆရာက စက္ကူနှင့် ခေတ်စာတည့်သည်ဟု ဟောထား၍လားမသိ ညအချိန်လာရောက် ကိုက်ဝါးဖျက်ဆီးနေကြ၍ နေ့အချိန်တွင်မူ အပါသည် အရုပ်ကြည့်ရန် စားပွဲများကို မွှေနှောက်ထုတ်ယူ ကြည့်လေ့ရှိပေ၏။

တစ်နေ့တွင် အပါသည် မဂ္ဂဇင်းတစ်အုပ်ကို ဆွဲထုတ်ယူလိုက်ရာတွင် ထိုစာအုပ်အကြား၌ မိန်းမပျိုတစ်ဦး၏ ပို့စကတ်ဓာတ်ပုံတစ်ခု ထွက်လာသဖြင့်၊ အပါသည် ထိုဓာတ်ပုံကိုယူကာ ကျွန်တော်၏ စားပွဲအနီးသို့ ကပ်လာလေ၏။

Generated by CamScanner from intsig.com

"ဦးလေး၊ ဒါ ဘယ်သူ့ဓာတ်ပုံလဲ"

"ဦးလေးနဲ့ ကျောင်းနေဖက် အသိတစ်ယောက် ဓာတ်ပုံပေါ့ကွ"

"အမယ် မညာနဲ့၊ ဒါ ဦးလေးမိန်းမ ဓာတ်ပုံပါ"

"အလိုလေး မလုပ်ပါနဲ့ အပါရယ်၊ လူများကြားရင် ဦးလေးမှာ တကယ် မိန်းမ ရှိတယ်ထင်ပြီး မိန်းမ မရဘဲ နေပါဦးမယ်"

"မဟုတ်ဘူးလေ၊ အခု ဦးလေးမိန်းမ မဟုတ်သေးပေမယ့် နောက်တော့ ဖြစ်မှာပေါ့"

"ဦးလေးရဲ့ အသိပါကွယ်၊ ရည်းစားမဟုတ်ပါဘူး"ဟု ပြောပြီးနောက် "မင်း ကြည့်ချင်တာ တော်ရာမှာယူသွားပြီး ကြည့်နေစမ်းပါ။ ဦးလေးအလုပ် လုပ်ပါရစေဦး"ဟု ပြောလိုက်သဖြင့် အပါသည် ပြန်၍မပြောဘဲ ဓာတ်ပုံကို ကြည့်၍နေလေ၏။

အတန်ကြာသည့်တိုင်အောင် အပါသည် ဓာတ်ပုံမှ မျက်နှာမခွာဘဲ ကြည့်နေသည်ကို တွေ့ရသဖြင့် ကျွန်တော်က "ဟေ့ အပါ ကြည့်လို့ငြီးလားကွ၊ ဒါလောက် ကြည့်ရအောင် သိပ်လှသလား"ဟု မေးလိုက်လေ၏။

"လှတယ် ဦးလေးရဲ့ သိပ်လှတာပဲ၊ ဦးလေးဒီပုံကို ကြာကြာကြည့်ရင် ရူးသွားလိမ့်မယ်"ဟုပြောလိုက်သဖြင့် ကျွန်တော့်မှာ ရုတ်တရက်သော် အံ့အား သင့်မိလေ၏။

"ဟဲ့ ဘယ့်နှယ်ကြောင့် အရုပ်ကြည့်ရုံနဲ့ ရူးနိုင်ရမှာလဲကွဲ့၊ မင်းက ငါ့ကို များ ရာဂုမ္ဘတ္တက အောက်မေ့နေရော့သလားကွယ်"

"ဟုတ်တယ် ဦးလေးရဲ့၊ ဆရာမက တစ်နေ့ကပြောပြတယ်၊ ရှင်ဘုရင် တစ်ယောက်ဟာ မိန်းမတစ်ယောက်ကို ကြည့်မိတာနဲ့ ရူးသွားတယ်တဲ့"

"ဒီမိန်းမက ဘယ်လောက်များလှလို့ ရူးရတာတဲ့လဲကွ"

"သိပ်လှတယ်တဲ့၊ ကျွန်တော်တို့ အတန်းထဲက မိလုံးထက်တောင် လှတယ်တဲ့၊ သူ့နာမည်က ဥမ္မာဒန္တီတဲ့၊ အဲဒီပုံကို ဦးလေးကြားဖူးပြီလား၊ ကြားဖူး ပေမဲ့ ထပ်ပြီးနားထောင်ပါဦး"

(ထိုပုံပြောစဉ်အခါက အပါ၏ ဦးလေးသည် အိမ်ထောင်မပြုရသေး)

"ရှေးရှေးတုန်းက၊ အဲဒီမိန်းမကြီးနာမည်က ဥမ္မာန္တီတဲ့။ မြန်မာလို ခေါ် တော့ မအုံးမေတဲ့"

Generated by CamScanner from intsig.com

"ဪ မအုံးမေတဲ့လား၊ မဟာတမာဘီလို့မခေါ်ဘူးလား"

"မခေါ်ဘူး ဦးလေးရဲ့၊ သူက မုဆလင်မှမဟုတ်ဘဲကိုး၊ မြန်မာလို ခေါ်တယ်၊ အဲဒီ မိန်းမကြီးက မိန်းမဆိုပေမယ့် အပျိုဦးလေးရဲ့၊ သူ့အဖေကြီးက ပိုက်ဆံရှိတယ်၊ ပိုက်ဆံရှိတဲ့အတွက် ဘုန်းကြီးတွေ နောက်ဖေးသွားဖို့ ကုဋေရှစ်ဆယ်ရှိတယ်တဲ့"

"ဟင် ပင်းဟာဟုားနေတယ်၊ ကုဋေရှစ်ဆယ် ချမ်းသာတယ်လို့ ဆိုတာပါကွာ၊ ဘယ်ကလာ ကုဋေရှစ်ဆယ် ရှိရမလဲ"

"ကျွန်တော် ဘယ်သိမလဲ၊ ဆရာမပြောသံကြားရတဲ့အတိုင်း ပြောရတာပါ ဦးလေးရဲ့၊ အဲဒါနဲ့ မအုံးမေဆိုတဲ့မိန်းမ အပျိုဖြစ်လာတော့ သူ့အဖေ သူဌေးကြီးကို ပြောတယ်၊ 'ဖေဖေရယ် ဖေဖေရယ်တဲ့၊ ကျွန်မ လင်လိုချင်ပြီ'တဲ့ လို့ပြောတော့၊ သူ့အဖေက 'အေး ငါ့သမီး ဘယ်သူ့ကို လိုချင်သလဲ၊ ဘယ်သူနဲ့ ကြိုက်နေသလဲ'လို့မေးတော့၊ ကျွန်မရည်းစား ဟိုက်စကူးကျောင်းက ဆယ်တန်းအောင်တဲ့ အခုအလုပ်အကိုင်မရှိသေးလို့ အကုစာရေးလုပ်နေတယ်လို့ ပြောတော့၊ သူ့အဖေကြီးက ဒေါပွပြီး 'ငါ့ နင့်ကို ဆင်စီးပြီး မြင်းရံတာမြင်ချင်တာ၊ ဒါကြောင့် ဆင်စီးရအောင် ရှင်ဘုရင်နဲ့ ပေးစားမယ်'ဆိုပြီး သူ့သမီး သိပ်လှတဲ့အကြောင်း ရှင်ဘုရင်ကို အောင်သွယ်လွှတ်ပြီး ပြောပါရော၊ ရှင်ဘုရင်က 'လှတယ်ဆိုတာ၊ ငါမယုံဘူး'လို့ ပြောတော့ 'မယုံရင်လုလွှတ်ပြီး ကြည့်ပါ'ဆိုတာနဲ့ ခေါ်တောလေးယောက်ကို လွှတ်လိုက်တာပေါ့"

"ခေါ်တော မဟုတ်ပါဘူးကွ၊ ပုဏ္ဏားပါ"

"ဟုတ်ပါတယ် ခေါ်တောမှ ခေါ်တော အစစ်ပေါ့ဦးလေးရဲ့၊ ကျွန်တော် ပြောပြမယ်၊ ခေါ်တောတွေ လွှတ်လိုက်လို့သာ အဲဒီမအုန်းမေကို မြင်တော့ မျက်လုံးတွေ ပြူးစိုက်ကြည့်နေပြီး၊ ပါးစပ်ထဲကလည်း သွားရည်တွေကျလို့ နေတာပေါ့၊ နောက်ပြီးတော့ ဒီခေါ်တောတွေက ကြည့်ရုံတွင်မနေဘဲ၊ မျက်စပယ်၊ လျှာထုတ်ပြနဲ့ လုပ်ကြတော့ 'ဥမ္မာဒန္တီက စိတ်ဆိုးပြီး လေဒီရုးကိုချွတ်ပြီးတော့ မျက်စိကျွတ်မယ် ကိုခေါ်တောရဲ့ ခုံဖိနပ်အရယ်၊ နားအုံစပ်မှာကွယ်' ဆိုဆိုပြီး ဖိနပ်နဲ့လိုက်ရိုက် ခေါ်တောလေးယောက်စလုံး ထွက်ပြေးရတာပေါ့"

"အဲဒါနဲ့ ခေါ်တောတွေက ဖိနပ်ချခံရတာ သိပ်ရှက်ပြီးတော့ ဒီကောင်မကို ရှင်ဘုရင်နဲ့မရအောင် လုပ်မယ်ဆိုပြီး 'အမလေး ရှင်ဘုရင်ကြီးရယ် လှလည်း မလှပါဘူးဗျာ၊ မျက်စိလည်းမှေးတယ်၊ သွားခေါ်လည်း ထုတယ်၊ ဖောင်လည်း မကောင်းဘူး'လို့ လိမ်ပြောတော့ 'ရှင်ဘုရင်က ဒီလိုဆိုရင် ငါမယူဘူး၊ ငါက

ဖောင်ကောင်းကောင်းမှ ကြိုက်တယ် လို့ပြောလိုက်တာနဲ့ မဘုန်းမေလည်း ရှင်ဘုရင်နဲ့ မရဘူးပေါ့"

"ဒါပေမဲ့ သူဌေးကြီးက ရှင်ဘုရင် မယူရင်၊ စစ်ဗိုလ်ကြီးနဲ့ ပေးစားမှာပေါ့၊ စစ်ဗိုလ်ကြီးယူရင်လည်း ဆင်စီးနိုင်တာပဲဆိုပြီး စစ်ဗိုလ်ကြီးနဲ့ အောင်သွယ်ပြန်ပါရော၊ အဲဒီစစ်ဗိုလ်ကြီးနဲ့ ရှင်ဘုရင်ဟာလည်း ဟိုက်စကူး ကျောင်းထွက်၊ တစ်တန်းတည်းပဲတဲ့ ဦးလေးရဲ့၊ နောက်ပြီးတော့ စစ်ဗိုလ်ကြီးဟာ မယားလည်းမရှိ၊ ဦးလေးတို့လို လူပျိုကြီးဆိုတော့ သိပ်ပြီးမယားယူချင်နေတာပေါ့"

"အပါရာ စစ်ဗိုလ်ကြီး မယားယူချင်တာကိုသာ ပြောပါကွာ၊ ငါနဲ့ နှိုင်းပြီး ငါ့ကိုပါ ဆွဲထည့်မနေဝပ်းပါနဲ့ဦး"

"ဒါနဲ့ စစ်ဗိုလ်ကြီးက ဥမ္မာဒန္တီကို လက်ထပ်လိုက်ပါရော"

"ဘယ်မှာ လက်ထပ်သလဲကွဲ့၊ ဂျူဘလီဟောမှာလား၊ ကွန်တီနင်တယ်မှာလား၊ အကမ်းအလှမ်းလည်း ပါသေးတယ်ထင်ပါရဲ့"

"အဲဒါတော့ မသိဘူး၊ ဆရာပ ပေးကြည့်ဦးမယ်၊ ခဲဖိုးကော ပေးရသေးသလားလို့ပါ၊ အကုန်မေးကြည့်မယ်"

"ကဲကဲ ဆက်ပြီးပြောစမ်းပါဦး၊ နောက်တော့ ဘာဖြစ်သေးသလဲ"

"ဒါနဲ့ တစ်နေ့ကျတော့၊ တန်ဆောင်တိုင် မီးထွန်းပွဲလုပ်တာနဲ့ ရှင်ဘုရင်လည်း မြို့ထဲကို ဆင်စီးပြီး လှည့်ကြည့်တာကိုး"

"ဩော်ရှင်ဘုရင် မီးထွန်းပွဲလည်ပြီး ကြည့်သကိုး၊ ရွှေတောင်တန်းကို ရောက်သေးသလား"

"မရောက်ဘူး ဦးလေးရဲ့၊ ဘုန်းကြီးလမ်းက လှည့်ပြီးပြန်ရတယ်"

"ဘာပြုလို့လဲကွဲ့"

"ဒီလို ဦးလေးရဲ့၊ ဘုန်းကြီးလမ်းရောက်တော့ ဥမ္မာဒန္တီက ပြူတင်းပေါက်က ထွက်ကြည့်နေတယ်တဲ့။ သူ့ယောကျ်ားက သူ့ကို ရှင်ဘုရင်မြင်သွားရင် လှတာချောတာကို သိသွားမှာ အတင်းယူမှာဆိုလို့ ထွက်မကြည့်ပါနဲ့လို့ ပြောတာ မရဘူးဦးလေးရဲ့၊ ဘာပြုလို့လဲဆိုတော့ သူ့ကို ရှင်ဘုရင်က ဘာမှန်း ညာမှန်း မသိဘဲ အကျည်းတန်တယ်ဆိုရမလားလို့ ဒေါပွပြီး သူ့ရုပ်ကို ရှင်ဘုရင် ပြချင်လို့ ထွက်ကြည့်နေတာပေါ့"

"ရှင်ဘုရင် ရောက်လာတော့၊ မဘုန်းမေကိုမြင်ပြီး ချောတာတွေ့ရလို့ မျက်လုံးကိုပြူးပြီး စိုက်ကြည့်နေတာပဲတဲ့ ဦးလေးရဲ့၊ ရှင်ဘုရင်ဟာ ဒီအိမ်မှာ သူ့သူငယ်ချင်း စစ်ဗိုလ်ကြီးနေတာကိုတောင် မမှတ်မိဘဲ အပျိုအောက်မေ့ပြီး

Generated by CamScanner from intsig.com

ကြည့်နေတာပဲတဲ့၊ ဥမ္မာဒန္တီကလည်း ရှင်ဘုရင်ကို ဒုက္ခဖြစ်သွားအောင် ဘိမ်ပေါ်ကနေပြီး ကြာပစ်ပြတယ်တဲ့၊ ဒါကိုမြင်ရတော့ ရှင်ဘုရင်လည်း ခေါင်ငေးတောဖြစ်သွားပြီး၊ အရူးလို ဖြစ်နေတာနဲ့ တံတားကလေးကို ခေါ်သွားကြလို့ ရွှေတောင်တန်းကို မရောက်တော့ဘူး ဦးလေးရဲ့"

"ရှင်ဘုရင်ဟာလည်း ဒီမိန်းမဟာ သူ့သူငယ်ချင်း မိန်းမဆိုတာ သိရတော့ မယားခိုးမှုဖြစ်မှာ ကြောက်တာနဲ့ ဘယ်သူ့ကိုမှပြောမပြဘဲ တစ်ယောက်တည်း ကြိတ်ပြီး ရူးနေပါရော"

"အဲဒါနဲ့ ရှင်ဘုရင် ရူးတာကို စစ်သူကြီးကသိတော့ 'ရှင်ဘုရင်ဟာ ငါ့မယားကို ကြိုက်နေပြီ၊ ငါ့မယားရအောင် ငါ့ကို သတ်တော့မှာပဲ'လို့ အောက်မေ့ပြီး၊ သူမသေရအောင် အကြံထုတ်တာပေါ့၊ သူကအကြံက လူတစ်ယောက်ကို ညောင်ပင်ခေါင်းထဲမှာထည့်ထားခဲ့ပြီး ပင်းတိုင်ပင်အမတ်တွေ ခေါ်ပြီးတော့ ရွှေညောင်ပင်ကို သွားပါရော၊ ရောက်တော့ 'အရှင် ညောင်ပင်စောင့်နတ်ကြီး၊ ကျုပ်တို့ ရှင်ဘုရင်ဟာ ဘိပ်ရာထဲမှာလူးနေတာ ဘာဖြစ်လို့လဲမေးတော့ ညောင်ပင်ခေါင်းထဲက လူက နတ်ဝင်သည် အသံလုပ်ပြီး၊ ရှင်ဘုရင် နင့်မယားကို ကြိုက်လို့ ရူးနေတာလို့ ပြန်ပြောတာပေါ့"

"ဒါနဲ့ စစ်ဗိုလ်ကြီးလည်း အမတ်တွေကိုပါ ခေါ်ပြီး ရှင်ဘုရင့်ဆီ သွားပြီးတော့၊ 'အရှင်မင်းကြီး ကျွန်တော့်မိန်းမကို ခင်ဗျားလိုချင်လို့ ရူးတယ်လို့ နတ်တွေက ပြောတယ်၊ ကျုပ် ခင်ဗျား ရူးတာကို သိပ်သနားတာပဲ၊ ကျုပ်မယားကိုပဲ ယူပါတော့'လို့ ပြောတော့ 'ရှင်ဘုရင်က ငါ့အဖြစ်အပျက်တွေကို နတ်တွေတောင် သိကုန်ပြီ၊ ငါရှက်တယ်၊ ငါသိပ်ရှက်တာပဲ၊ မင်းမိန်းမလည်း ငါမယူတော့ပါဘူး'လို့ပြောတော့မှ စစ်ဗိုလ်ကြီးလည်း အားရဝမ်းသာနဲ့ သူ့မယားကလေးဆီ ပြန်လာပါရော၊ အဲဒါနဲ့ ပြီးရော"



လွန်ခဲ့သည့် ရက်အနည်းငယ်ခန့်က ကျွန်တော့်မှာ နေ့ညမအားနိုင်လောက်အောင် အလုပ် အလွန်များလျက်ရှိသည့်အတွက် ကျွန်တော်၏ တိုင်ပင်ဖော်တိုင်ပင်ဖက် မိတ်ဆွေကြီးဖြစ်သော အပါကလေးကို အတွေ့မခံအားအောင်ရှိခဲ့လေရာ မကြာမီ နှစ်ယောက်စလုံး အားလပ်ကာ နေ့စဉ်နှင့်အမျှ တွေ့နိုင်ခွင့် ရခဲ့ကြပြန်ပေတော့၏။

ကျွန်တော့် အပါပြောသော ပုံကလေးများကို မကြားရသည်မှာ အတန်ကြာခဲ့ပြီဖြစ်သဖြင့်၊ မေ့မေ့ပျောက်ပျောက် ဖြစ်နေခဲ့သော်လည်း အပါမှာမူကား ပုံပြောရန်မမေ့ဘဲ မပြောရသည်မှာ ကြာသည့်အတွက် သာ၍ပင် ပြောချင်နေသည်ကို တွေ့ရလေ၏။

"ဦးလေး၊ ဦးလေး၊ သတင်းစာထဲမှာပါတဲ့ အထိဂရုံးဆိုတာ ဘာလဲ ဦးလေး"

"အထိဂရုံး မဟုတ်ဘူးကွဲ့၊ အဓိကရုဏ်းလို့ ခေါ်တယ်"

"အင်း၊ အဲဒီ အဓိကရုဏ်းဆိုတဲ့ အဓိပ္ပာယ်က ဘာလဲ"

ကျွန်တော့်မှာ ပါဠိစကားကို တစ်လုံးမျှ နားလည်သူတစ်ယောက် မဟုတ်သည့်အတွက် အပါဒ်၏ အဓိပ္ပာယ်ကို ပြန်၍ပြင်လိုက်ပါခြင်းကို မှားတာပဲဟု ဘောက်မေ့မိကာ "အဲဒီစကားဟာ ပါဠိစကားပဲ၊ ပါဠိလိုတော့ အဓိကရုဏ်းခေါ်တယ်၊ မြန်မာလိုတော့ မင်းပြောသလို အထိဂရုံးလို့ပဲခေါ်တယ်၊ အဓိပ္ပာယ်ကတော့ လူတစ်ယောက်ကို ထိအောင်ရိုက်ရင် ရုံးကိုရောက်တတ်တယ်ဆိုတာပဲကွဲ့"ဟု၍ ဖြေချလိုက်လေ၏။

"ဒို့ တိရစ္ဆာန်တွေတော့ အထိဂရုံးဖြစ်ပေမယ့် ရုံးကိုမရောက်ပါလား"

"နေစမ်းပါဦး၊ တိရစ္ဆာန်တွေ ဘယ်တုံးက အဓိကရုဏ်းဖြစ်လို့လဲကွဲ့၊ မင်းနှယ်ကွာ ကြဲကြီးစိရာ ဘာအကြောင်းကြောင့် ဖြစ်ရတာတဲ့တုံး၊ တိရစ္ဆာန်တွေထဲမှာလည်း 'မော်လဝိ' ယောဂီတာတန်း ရေးပြန်လို့လား"

"အဲဒါတော့ မသိဘူး ဦးလေးရဲ့၊ ဒါပေမဲ့ ကျီးကန်းနဲ့ ငှက်ဆက် အထိဂရုံးဖြစ်လို့တဲ့"

"ဒို့၊ အမျိုးသားသူနာပြုတပ်က သွားပြီးမကယ်ဘူးတဲ့လား"

"အဲဒါ ဖြစ်တာကြာပြီ ဦးလေးရဲ့၊ အခုထက်ထိဖြစ်တုန်းပဲ"

"အင်း တန်တော့၊ ဘုရင်ခံက တိရစ္ဆာန်အရေးတကြီးလတ်တလော ကာကွယ်ရေး ဥပဒေနှင့် ဟာရှယ်လော မထုတ်လို့ထင်တာပဲ"

"အဲဒီအကြောင်း ကျွန်တော် ပြောပြပယ်၊ ဦးလေးနားထောင်နော်၊ နားမထောင်ဘဲ အိပ်ငိုက်နေရင်တော့ ဦးလေးပေါင်ကို လိမ်ဆွဲပြီးသားပဲ"ဟု အတင်းခြိမ်းခြောက်၍ ပုံပြောသဖြင့် ကျွန်တော့်မှာ နားစိုက်၍ နေလိုက်ရလေ၏။

□ □

"ရှေးရှေးတုန်းက၊ ဦးလေးကလည်း ကောင်းကောင်းထိုင်ပြီး နားထောင်စမ်းပါ။ အဲဒါနဲ့ ကျီးကန်းတစ်ကောင်ရှိရော၊ အဲဒီကျီးကန်းဟာ ကောက်ညှင်းပေါင်း စားမိတာနဲ့ ဝမ်းချုပ်နေလို့ ဝမ်းနုတ်ဆေးစားပါရောတဲ့"

"ဘာလဲကွဲ့၊ ကြက်ဆူဆီလား၊ တေဆေးလား၊ ဘယ်ဒင်းစားသလဲ"

"အဲဒါတော့ ကျွန်တော်မမှတ်မိဘူး၊ ဆရာမကပြောတော့ ကနဦးဆိုလား မသိပါဘူး၊ အဲဒါနဲ့ ကျီးကန်းကြီးက ချေးခဏခဏ ပါနေတာပေါ့။ အဲဒီအခါမှာ ဘုန်းကြီးကျောင်းသားကလေးတစ်ယောက် သစ်ပင်အောက် ရောက်လာတုန်း၊ သူ့ခေါင်းပေါ် ချေးပါချပိပါရော၊ ပထမဦးဆုံးတော့ ဘုန်းကြီးကျောင်းသား

Generated by CamScanner from intsig.com

ကလေးက ငါလာဘ်ကောင်းတယ်ဆိုပြီး ဝမ်းသာလာခဲ့တာပေါ့လေ၊ နောက်တော့မှ တဖြည်းဖြည်း ချေးတော်နဲလာတာနဲ့ သိပ်စိတ်ဆိုးသွားပြီး၊ ဘုန်းကြီးကျောင်းကို ပြန်ပြန်ပြန်ပြီးတော့၊ လောက်လေး ယူလာရောတဲ့ ဦးလေးရဲ့၊ ဘုန်းကြီးကျောင်းသားကလေးကလည်း သစ်ပင်အောက်ရောက်၊ ကျိုးကန်းကလည်း ချေးပါမယ်လို့ စအိုဝလေးလည်း ပွလိုက်ပါရော၊ ဘုန်းကြီးကျောင်းသားကလေးက 'မှတ်ကရောဟဲ့၊ ကျိုးကန်းနောက်တစ်ခါ ဖင်ခေါင်းကျယ်ဦး'ဆိုပြီး၊ စအိုဝကို လောက်စာလုံးနဲ့ချိန်ပြီး ပစ်လိုက်တာ တစ်လစ်ကြီး ဆို့နေတာပေါ့"

"အင်း ကျိုးကန်းတော့ တော်တော့ကို ဒုက္ခတွေ့သွားမှာပဲ"

"ဒုက္ခရုံတွင် ဘာကမလဲ၊ စအိုဝ လောက်စာလုံး ဆို့နေတော့ အသက်လည်း မရှူနိုင်၊ မျက်လုံးကြီးလည်း ပြူး၊ ချေးပါလို့လည်းမရ၊ အီးပေါက်ချင်လို့လည်းမရနဲ့ သိပ်ခွကျနေတာပေါ့၊ ဟား ဟား ကျွန်တော် သိပ်သဘောကျတာပဲ၊ ဒါမှကောင်းတယ်၊ ကျိုးကန်းဆိုရင် ကျွန်တော် သိပ်မုန်းတာပဲ၊ ဟိုအရင်တစ်ခါတုန်းက ကျွန်တော်ကျောင်းပြန်ရင်စားဖို့ အမေက ချန်ထားတဲ့ ငှက်ပျောကြော်ကို ခိုးစားဟယ်ဦးလေးရဲ့၊ နောက်ပြီးသူတို့ကို လောက်လေးနဲ့ပစ်မယ်ကြံရင် ပထမဆုံးတော့ မမြင်သလိုလို၊ ဂရုမစိုက်သလိုလို ခုန်ဆွခုန်ဆွနဲ့ လုအနားကပ်လိုက်၊ ဟိုရှောင်လိုက်၊ ဒီရှောင်လိုက်လုပ်နေပြီး တကယ်ပစ်တော့ ပျံပြေးလိုက်တာ သိပ်လုဝါးဝတာပဲ"

"ကဲပါ၊ ဆက်ပြောစမ်းပါဦး၊ နားထောင်ကောင်းတုန်း ဇိမ်ပျက်လိုက်တာ"

"ဟုတ်တယ် ဦးလေးရဲ့၊ သူတို့မှန်ရင်လည်း ကျိုးကန်းတွေ ဝိုင်းလာပြီး အော်ကြတာပဲ၊ အဲဒါနဲ့ ကျိုးကန်းကြီး စအိုဝ လောက်စာလုံး ဆို့နေတော့ ထမင်းလည်း မစားနိုင်၊ ဘာမှလည်း မလုပ်နိုင်ဘဲ မှိုင်နေတာပေါ့၊ သူမှိုင်နေတာမြင်ရတော့ သူ့သူငယ်ချင်း ကျိုးကန်းတွေက 'ဟေ့ကောင် မင်း ဟန်လုပ်မနေနဲ့၊ ရောဂါဖြစ်ရင် ဆေးဆေးစီးစီး အင်ဖျက်ရှင်း ထိုးပစ်လိုက်၊ တော်တော်ကြာလည်ပင်းက အနာတွေ ပေါက်လာလိမ့်မယ်'လို့ ပြောကြတာပေါ့၊ ဦးလေးကော ဟိုရောဂါ ဖြစ်ဖူးလား"

"ဟေ့ အပါ အပလေးမလုပ်ပါနဲ့ မောင်ရင်ရယ်၊ ငါ့နားပည် မဖျက်စမ်းပါနဲ့၊ ပင်းပုံပြောမှာ ပြောပါ၊ ငါကောင်းကောင်း နားထောင်ပါ့မယ်"

"နောက်ပြီး အီးမပေါက်ရတော့ ကျိုးကန်းကြီး ဗိုက်ထဲ အီးတွေ ပြည့်နေပြီး ပူဖောင်းမှုတ်ထားသလို ဗိုက်ကြီးပူလာတာပေါ့"

"အဲဒါမြင်ရတော့ သူ့သူငယ်ချင်းတွေက ဘာမှ မပြောဘူးလား"

"ပြောတာပေါ့ ဦးလေးရဲ့၊ ဟဲ့ နင်ဘယ်သူနဲ့ တိတ်တိတ်ပုန်း ငိုက်ကြီး တာလဲ မှန်မှန်ပြော"

"အဲဒါနဲ့ ပင်္ကိုသဒ္ဓါတားဆေးတွေ ကျွေးကြရောတဲ့လား"

"ဘယ်ဟုတ်မလဲ ဦးလေးရဲ့၊ ငိုက်ကြီးတာမှ မဟုတ်ဘဲ၊ ကျီးကန်းက လည်း ဗိုက်ထဲ လောက်တလုံးဝင်နေတယ်ဆိုတာ ပြောရမှာရှက်တော့ ငြိမ်ခံနေ တာပေါ့၊ နောက်တော့မှ မတတ်နိုင်တော့ဘဲ ဒေါက်တာဆီ သွားရပါရော"

"ဘယ် ဒေါက်တာလဲ"

"မဟုတ်ဘူး၊ ဒေါက်တာဇီးကွက်လေ၊ သူ့ဆီသွားတာပေါ့၊ ဒေါက်တာ ဇီးကွက်ဆီရောက်တော့ ကျီးကန်းကိုလုံချည် အကျီတွေချွတ်ခိုင်းပြီး၊ နားချပ်နဲ့ ကြည့်တော့မှ လောက်ဒလုံး ဆို့နေတာ သိရတာပေါ့၊ ဆရာဝန်ဆီ သွားရတာ မကောင်းဘူး ဦးလေးရဲ့၊ ဗိုက်တွေဘာတွေ လှန်ကြည့်တာ ရှက်စရာကြီး၊ ကျွန်တော်တို့ အဒေါ်တစ်ယောက် နေမကောင်းလို့ ဆရာဝန် သွားပြလိုက်တာ အဲဒီဆရာဝန်မျက်နှာကို နောက်ဘယ်တော့မှ မကြည့်ရဲဘူး ဖြစ်နေတယ်"

"အဲဒါနဲ့ ဒေါက်တာဇီးကွက်က ဘာဆေးပေးလိုက်သလဲ"

"ချက်ချင်း မပေးသေးဘူး ဦးလေးရဲ့၊ ဒေါက်တာဇီးကွက်က ဒီရောဂါကို ကုရင် အလွယ်ကလေးဆိုတာသိပေမယ့် ပိုက်ဆံများများရအောင် ကျီးကန်းကို ခင်ဗျား ရောဂါပျောက်အောင် ကန့်သတ်ကြိုက်နဲ့ကုပေးမယ်၊ ပျောက်ရင် ဘယ်လောက် ပေးမလဲမေးပြီး ကျီးကန်းက ဆယ့်ငါးကျပ်ပေးပါ့မယ်ဆိုတော့မှ ခင်ဗျားဗိုက်ကို ရေထဲသွားပြီး တစ်နေ့လုံး စိမ်နေချည်၊ ပျောက်လိမ့်မယ်လို့ ပြောလိုက်တာပေါ့"

"ကျီးကန်းလည်း ဝမ်းသာအားရနဲ့ ရေထဲသွား ဗိုက်ကလေးလှန်ပြီး ရေစိမ်နေလိုက်တော့ ဗိုက်ထဲက လောက်ဒလုံးဟာ အရည်ပျော်ကျပြီး ဗိုက် ပေါက်လည်းပွင့်ရော အီးတွေ ဘုခနဲပေါက်လိုက်တာ ဒေါက်တာဇီးကွက် အိမ် ကတောင် ကြားရတာပဲ၊ အဲဒါနဲ့ ဒေါက်တာဇီးကွက်ကလည်း အီးသံတော့ဖြင့် ကြားရပြီ၊ ကျီးကန်းတော့ပျောက်ပြီ၊ ညနေကျရင်တော့ ငွေလာပေးတော့မှာပဲ လို့ စောင့်နေတာပေါ့လေ၊ ဒါပေမဲ့ ကျီးကန်းက အလွယ်ကလေးနဲ့ ရောဂါ ပျောက်သွားတော့ ဆယ့်ငါးကျပ်ပေးရမှာ သိပ်နှမြောနေပြီး၊ ဒေါက်တာဇီးကွက် ဆီ မသွားတော့ဘူးတဲ့"

"ဒေါက်တာဇီးကွက်က ညကျတော့ ကျီးကန်း ငါ့ကို ပတ်အီးနိုက်သွားပြီ၊ ငါ့ပိုက်ဆံမရရင် သူ့ကို သတ်မယ်ဆိုပြီး ကျီးကန်းအိမ်သွားပြီး ပိုက်ဆံ တောင်း

Generated by CamScanner from intsig.com

ပါရော၊ ဟင် ဦးလေးကလည်း ကောင်းကောင်း နားထောင်မယ်ဆိုပြီး အိပ်နေပြန်ပါပြီ"

"ပြောပါ၊ ပြောပါ၊ ငါနားထောင်နေပါတယ်"

"အဲဒါနဲ့ ပိုက်ဆံမရလို့ ကျီးကန်းနဲ့ ဇီးကွက်ရန်ဖြစ်ကြတာပေါ့၊ တစ်ခါတည်း ဇီးကွက်တွေဝိုင်းလာပြီး ကျီးကန်းအသိုက်ကိုဖျက်၊ ကျီးကန်းကိုလည်း ဦးနှောက်ဖောက်စားပစ်ကြပါရော၊ နောက်တစ်နေ့မနက် သတင်းစာတွေထဲမှာ 'ကျီးကန်းကို ဇီးကွက်သတ်တယ်'လို့ ဖတ်ရတော့၊ ကျီးကန်းတွေလည်း မခံချင်ဘဲ 'အမျိုးထိ မချိအောင်နာတယ်ဟေ့၊ အမျိုးသားအတွက် အသက်စွန့်ကြလော့၊ အချင်းတို့ အော်ကြလော့၊ ဆိတ်ကြလော့'ဆိုပြီး ဇီးကွက်တွေကို လိုက်သတ်ပါရော၊ အဲဒါနဲ့ တစ်ခါတည်း ကျီးကန်းနဲ့ ဇီးကွက် အဓိကရုဏ်း ဖြစ်လိုက်ကြတာ အဲဒါပထမဦးဆုံး အဓိကရုဏ်းပဲတဲ့"

"နောက်တော့ မာရှယ်လော ထုတ်ပြီး စစ်ပုလိပ်ခေါ်ယူရရောတဲ့လား"

"မာရှယ်လော မထုတ်ဘူးထင်တယ် ဦးလေးရဲ့၊ မာရှယ်လော ထုတ်ရင် အေးသွားမှာ၊ အခုတော့ ကျီးကန်းနဲ့ ဇီးကွက် ခဏခဏ အဓိကရုဏ်းဖြစ်နေတာပေါ့"

"နောက် ဘာဖြစ်သေးသလဲ"

"နောက်တော့ ဘာဖြစ်သလဲမသိဘူး ဦးလေးရဲ့၊ အဲဒါနဲ့ ပြီးရော"




ရွက်ဟောင်းများ ကြွေလျက်ရွက်သစ်ရွက်ညွန့် ဖူးကွန့်ဝေဆာကာ ကမ္ဘာလောကစာတ်ကြီးသည် နုပျိုသောအဆင်းကို ဆောင်၍နေသည့် အချိန်တွင် ပွင့်ဖြိုးသောနေရှိန်ကြောင့် လောင်ကျွမ်းလုပတတ်ရှိသော မဟာပထဝီမြေကြီးမှ တငွေ့ငွေ့ထွက်လျက်ရှိသည့် မြေသင်းနံ့သည် သကြိန်အချိန် နီးလာပြီဟုသော အထိမ်းအမှတ်ကို ပြလျက်ရှိလေ၏။

တစ်နေ့ဝယ် ကျွန်တော်သည် ဝတ္ထုတစ်ပုဒ်ကို အာရုံထူးစိုက် ရေးနေဒိုက် လည်ဂုတ်တည့်တည့်၌ အေးစိမ့်စိမ့်ကြီးဖြစ်သွားကာ စာရေးနေသည့် စက္ကူပေါ်သို့ ရေများဖြာ၍ကျသည်ကို တွေ့ရသောကြောင့် လွန်စွာဒေါသဖြစ်ပြီး လျှင် အနီးရှိမျဉ်းလုံးကိုကိုင်ကာ၊ ရေနှင့်ပက်လိုက်သူကို တအားပစ်လိုက်မည်ဟု လှည့်၍ကြည့်လိုက်ရာတွင် လက်ထဲ၌ ပြွတ်ကိုကိုင်ကာ "ရယ်တာပေါ့၊ ရယ်တာပေါ့"ဟု ဆို၍နေသော အပါကိုမြင်လိုက်ရမှ ဒေါသများသည် အလိုလို ပျောက်သွားလေတော့၏။

Generated by CamScanner from intsig.com

"ဟော့ ဘယ့်နှယ်လုပ်တာလဲအပါ၊ စာရေးနေတာ မမြင်ဘူးလား"

"မြင်လို့ပက်တာပေါ့၊ မမြင်ရင် ဘာကို သွားပြီးပက်မလဲ"ဟု ဆင်ခြေလဲသည့်အတွက် ကျွန်တော့်မှာထပ်၍ အပြောရခက်နေပြီးမှ "သင်္ကြန်ကျဖို့ အများကြီးလိုသေးတယ်၊ အခု မပက်ရသေးဘူးကွဲ့"ဟု ပြောလိုက်ရလေ၏။

'နောက်ကျတော့ ဦးလေး ပုန်းနေရင် ဘယ်မှာလိုက်ပြီး ပက်ရမှာလဲလို့"

"မင်းက ဦးလေးမှပဲ ပက်ချင်သလားကွယ်၊ သင်္ကြန်ကျတဲ့အခါ မိန်းမတွေကိုသာ ပက်ရတယ်"

"ဟင် ဘယ်ဟုတ်မလဲ ဦးလေးရဲ့၊ မိန်းမပက်ရင် ရန်ဖြစ်မှာပေါ့"

"မင်းဘယ်သူက ပြောသလဲ"

"ဆရာမက ပြောတယ်၊ ရှေးတုန်းက ရှင်ဘုရင်တစ်ယောက်၊ ဟုတ်ပေါင်ရှင်ဘုရင်တစ်ခု မိန်းမကို ရေပက်လို့ ရန်ဖြစ်ပါပကောလား"

ကျွန်တော့်မှာ ပုံကောင်းတစ်ခု နားထောင်ရတော့မည်ဟု ဝမ်းမြောက်ကာ "ဘယ်ရှင်ဘုရင်လဲကွာ၊ ပြောစမ်းပါဦး"ဟု မေးလိုက်လေ၏။

"ဟို ရှင်ဘုရင်ဟာလေ"

"အေး မင်းပြောမှဖြင့် တစ်ခါတည်း နာမည်ရောမြို့ရောရှင်းသွားတာပဲ"

"ဦးလေးကလည်း စကားမဆုံးခင် ဝင်ဝင်ပြောတာပဲ၊ ကောင်းကောင်းနားထောင်စမ်းပါ ဦးလေးရဲ့"

"ရှေးရှေးတုန်းက၊ အဲဒါ ရာဇဝင် ဦးလေးရဲ့၊ ရာဇဝင်ဆိုတာ ပုံမဟုတ်ဘူး၊ ရှေးတုန်းက တကယ်ဖြစ်တာလို့ ဆရာမက ပြောတာပဲ၊ ဒါပေမဲ့ ဘယ်သူမှ မြင်ဖူးတာ မဟုတ်ဘဲ၊ ဘယ်သူလိပ်ပြီးပြောလဲ ဘယ်သူငြင်းနိုင်မလဲ ဦးလေးရဲ့၊ အဲဒါနဲ့ ရှင်ဘုရင်ကြီးရှိရော"

"အင်း၊ ရှင်ဘုရင်နာမည်က အဆန်းသာပဲ၊ အဲဒီရှင်ဘုရင်တဲ့လား"

"မဟုတ်ဘူး ဦးလေးရဲ့၊ ဒီရှင်ဘုရင်ဟာ ရုပ်ချောတော့ မြန်မာတွေ မပြောနဲ့ ကုလားမတွေတောင် ကြိုက်လို့၊ သူ့ကို ကုလားကျမင်းလို့ခေါ်တယ် ဦးလေးရဲ့"

"ဒါဖြင့် တရုတ်ပြေးမင်းဆိုတာ၊ သူ့ကို တရုတ်မတွေမြင်ရင် လန့်ပြီးပြေးလို့ထင်ပါရဲ့၊ တော်တော်သောင်းကျန်းတဲ့ ရှင်ဘုရင်နဲ့ တူတယ်"

"ဒါတော့မသိဘူး ကျွန်တော်ပြောတဲ့ ရှင်ဘုရင်ကတော့ ကုလားစပ်နဲ့တူတယ်၊ ဒါကြောင့် ကုလားမတွေကျတာ၊ သူ့နာမည်က နရသူဆိုလားပဲ

Generated by CamScanner from intsig.com

ဦးလေးရဲ့၊ နရသူဆိုတော့ နရယန်ဆင်းတို့ ဘာတို့ဆိုတဲ့ ကုလားနာမည်မျိုး ဆိုတော့ ကုလားစပ်နဲ့တူတာပဲ"

"အမယ် ငါ့တူ ပညာဗဟုသုတတွေ တယ်ပြီးတိုးနေပါကလား၊ မင်း ဘယ်သူက ပြောသလဲ"

"ဘယ်သူမှ မပြောဘူး၊ ကျွန်တော်ထင်တာပဲ၊ အဲဒါနဲ့ သကြိန်ကျတော့ ရှင်ဘုရင်က သူ့မိန်းမတွေနဲ့ ကန်တော်ကြီးကို သွားကြတာပေါ့"

"မင်းပြောတဲ့ ပုံတွေထဲက ရှင်ဘုရင်တွေက ကန်တော်ကြီးကို တယ်ပြီး သွားကြပါကလား"

"ဟုတ်တယ် ရှင်ဘုရင်တွေ အရင်တုန်းက ခဏခဏသွားလို့ ကန်တော် ကြီးလို့ခေါ်တာပေါ့ ဦးလေးရဲ့၊ ရှင်ဘုရင် မသွားဘဲ လူတွေသာ သွားရင် လိပ် ကန်လို့ ခေါ်မှာပေါ့"

"ကဲ ကဲ ဆက်ပြီး ပြောစမ်းပါဦး၊ အဲဒါနဲ့ ကန်တော်ကြီးရောက်ရောလား"

"ဒါနဲ့ ကန်တော်ကြီးမှာ သူတို့ ရေကစားကြတာပေါ့ ဦးလေးရဲ့"

"ဩော် ရှေးကတည်းက ကန်တော်ကြီးမှာ ရေပက်တဲ့ အလေ့အထ ရှိ သကိုး"

"ဟုတ်တယ် ဦးလေးရဲ့၊ အဲဒါနဲ့ ရှင်ဘုရင်က သူ့မိန်းမတစ်ယောက် ရှိတယ်၊ သူ့နာမည်က စောလုံတဲ့"

"နေပါဦးကွဲ့ မေးစမ်းပါရစေဦး၊ နရသူဆိုတော့ ကုလားစပ်လို့ မင်းက ပြောတယ်၊ စောလုံဆိုတော့ ဘာလဲကွဲ့၊ ရှမ်းစပ်လား၊ ကရင်စပ်လား"

"ကရင်စပ်နဲ့တူတာပဲ၊ ရှင်ဘုရင်ဆေးရုံတက်တုန်းက နာ့စ်မတစ်ယောက် နဲ့ ကြိုက်ပြီး ယူထားတာဖြစ်မှာပေါ့"

"ဩော် ဒီရှင်ဘုရင် ဆေးရုံတက်ရသေးသကိုး၊ ဘာရောဂါနဲ့လဲကွဲ့၊ ကာလသားရောဂါဖြစ်လို့လား၊ ဒါမှမဟုတ် မီးယပ်ရောဂါလားကွာ"

"ဒါတော့ ဆရာမက မပြောဘူး၊ နားထောင်စမ်းပါဦး၊ ဦးလေးကလည်း ဝင်ဝင်ပြောတာပဲ၊ အဲဒါရှင်ဘုရင်က သူ့မယား ရေနဲ့ပက်တော့၊ သူ့မယားက လုံချည်စဆွဲ၊ ဖင်ကလေး ကုန်းကုန်းပြီး 'ကန်တော်ကြီးကို ခြေကန်ပက်တော့ ရယ်တာပေါ့၊ ရယ်တာပေါ့လို့' ဆိုတာပေါ့ ဦးလေးရဲ့"

"ဟား ဟား၊ ဟိုတုန်းကတည်းက ဒီသံချပ်ပေါ်နေတာကိုး ဟုတ်လား"

"အစစ်ပေါ့၊ ရှင်ဘုရင်ကလည်း မခံချင်တော့ ဗိုက်လုံးနဲ့ ပက်ပြန်ရော"

Generated by CamScanner from intsig.com

"ဒီတော့ စောလုံက 'ပိုက်စုတ်ကြီးနဲ့ ပက်တဲ့ရေ၊ တစ်စက်တလေ ဟိုရောက်ဒီရောက်လို့' ဆိုပြန်ပါရော"

"နေပါဦး၊ ပိုက်လုံးနဲ့ ပက်တော့ နားထဲမဝင်ဘူးလား"

"ဘာဝင်မလဲ ဦးလေးရဲ့၊ ရေခံဦးထုပ် ဆောင်းထားတာကိုး"

"ဩော် စောလုံက ရေခံဦးထုပ်နဲ့ ဘာနဲ့လား"

"ရှင်ဘုရင်ကတော်ပဲ ဦးလေးရဲ့၊ ပိုက်ဆံရှိတာပဲ ဆောင်းမှာပေါ့။ အဲဒါနဲ့ ရှင်ဘုရင်က ရေနဲ့ပက်လို့မနိုင်တော့ စောလုံကို အတင်းပွေ့ပြီး ကန်တော်ကြီးထဲ နှစ်တာပေါ့"

"ဒါတောင် အပျော့အပျော့လို့ မအော်ဘူးလား"

"မအော်နိုင်တော့ဘူး ဦးလေးရဲ့၊ မွန်းနေတာပေါ့။ ဒါနဲ့ စောလုံက စိတ်ဆိုးသွားတာပေါ့"

"နို့ ရှင်ဘုရင်က လိုက်မချော့ဘူးလား"

"ချော့ပေမဲ့လည်း မရဘူး၊ စိတ်ဆိုးပြီးနန်းတော်ကို လန်ခြားနဲ့ ပြန်သွားတာပေါ့"

"အင်း၊ အင်း ဆက်ပြောစမ်းပါဦး"

"နန်းတော်ကျတော့ ရှင်ဘုရင့်မိန်းမက မီးဖိုချောင်ထဲဝင်ပြီး ထမင်းတွေ ဟင်းတွေ ချက်တာပေါ့"

"နို့ သူ့လင်နဲ့ စိတ်ဆိုးနေတယ်ဆို။ ဒါတောင် ထမင်းတော့ ချက်ပေးသလား"

"စိတ်ဆိုးပေမယ့် သူချက်တာက သူ့လင်ကို သေစေချင်လို့ အဆိပ်ခတ်ချင်လို့ ချက်တာကိုး ဦးလေးရဲ့"

"ဩော် တယ်လဲ ရက်စက်ပါလား"

"အဲဒါနဲ့ သူ့လင်ကန်တော်ကြီးက ပြန်လာတော့၊ သူက စိတ်ဆိုးပြေနေတဲ့ဟန်နဲ့ ပြုံးပြုံးကလေးလုပ်ပြီး၊ 'ကိုကို ရေအရင်ချိုးမလား'လို့ မေးလိုက်တော့၊ သူ့လင်က ဟဲဟဲ ဟဲဟဲနဲ့ ပါးစပ်ကြီးဖြဲပြီး 'ရေမချိုးရင် ဘာအရင်လုပ်ရမှာလဲ' မေးတော့မှ၊ 'ဩော် ထမင်းအရင် စားမလားမေးချင်လို့ပါ'လို့ ပြောတာကိုး"

"ဒါနဲ့ ရှင်ဘုရင်က ထမင်းပဲ အရင်စားပါတော့မယ်ကွယ်လို့ ပြောတာပေါ့"

"ဘာဟင်းနဲ့ ချက်သလဲကွဲ့"

Generated by CamScanner from intsig.com

"ရှင်ဘုရင်ပဲ ပိုက်ဆံရှိတော့ ဝက်သားဘိဝတိတ်တွေ၊ ဘာတွေ စားမှာပေါ့"

"နို့ ခုနမင်းပြောတော့၊ ရှင်ဘုရင်ဟာ ကုလားဆို၊ ဝက်သားစားပါ့မလား"

"ဇာတ်ပျက်နေပြီ ဦးလေးရဲ့၊ ဒါကြောင့် စားတာပေါ့"

"စားလည်းစားရော ရှင်ဘုရင်လည်း သေရောလား"

"မသေဘူး ဦးလေးရဲ့"

"ဘာဖြုလို့လဲ"

"မစားရသေးလို့၊ အဲဒီအတောအတွင်းမှာ ရှင်ဘုရင်ရဲ့ ခွေးကလေးက အနားကပ်လာပြီး မျှော်နေတာကိုး၊ ဒါနဲ့ ရှင်ဘုရင်က သူမစားခင် နည်းနည်း ချကျွေးလိုက်ရင်ပဲ၊ ခွေးကလေးလည်း အပဲလုံးပစ်ပြီးသားဖြစ်ပြီး၊ ဆန့်ငင် ဆန့်ငင်နဲ့ နတ်ရွာစံတာပဲ"

"ဟဲ့ ခွေးကို နတ်ရွာစံတယ် မပြောရဘူး"

"နို့ ရှင်ဘုရင်တွေ၊ နန်းတော်တွေနဲ့ဆိုရင် သေတာကို နတ်ရွာစံတယ်လို့ ပြောရတယ်ဆို၊ ခွေးလည်း နန်းတော်မှာနေတာပဲ ဦးလေးရဲ့၊ အဲဒါနဲ့ ရှင်ဘုရင် လည်း အဆိပ်ပါတာသိပြီး စုံထောက်တွေဘာတွေခေါ်ပြီး လက်သည်ဖော်နိုင်း တော့ စောလုံကိုမိပြီး ကြိုးပေးလိုက်ရော၊ အဲဒါနဲ့ ပြီးရော"

□ □ □

# ပေါရိသာဒ



အပါသည် တုတ်ချောင်းကလေးတစ်ခုထိပ်တွင် ရေနံဆီမီးခွက်တစ်ခုမှ မီးစာကိုပတ်၍ မီးရှို့ကာ လမ်းပေါ်တွင် ခေါက်တုံ့ခေါက်ပြန် ရဲတပ်ခြေလှမ်းမျိုး လှမ်းလျက် ဟစ်အော်ပျော်မြူးနေရာက ကျွန်တော့်ကို မြင်လိုက်သဖြင့် "ဟေ့ တို့ဗဟာ"ဟု အော်လိုက်သောကြောင့်၊ ကျွန်တော်လည်း ပြန်၍ နှုတ်ဆက်လိုက်ရပြီးလျှင် အပါ့ကို အိမ်ပေါ်သို့ခေါ်လိုက်လေ၏။

"ဟေ့ အပါ မင်းဆိုတာ ဘယ့်နှယ်လဲကွ၊ ဘမော် ဘမော် အို့ အို့၊ မီးတုတ် မီးတုတ် ရှို့ ရှို့လို့ဆိုရမှာ၊ မင်းဟာက ဘမော် ဘမော် ရှို့ ရှို့ဆိုရင် ဘယ်နိုပ်မလဲကွ"

"ဟုတ်လား ဒါဖြင့် ကျွန်တော် ယောင်သွားလို့"ဟု အပါသည် ရင်း၏ တစ်သက်တွင် ပထမဦးဆုံး အမှားကိုဝန်ခံလေ၏။ ခါတိုင်း၌မူကား ငွတ်မိုတ်၍ အမှားကိုပင် အနိုင်ရအောင် ငြင်းစမြဲဖြစ်ပေ၏။

"ဘုရင်ခံက လူတွေကိုဖမ်း ထောင်ချပြီး သတ်စားလို့ ဦးလေးရဲ့"ဟု ဖြေလိုက်သောကြောင့် ကျွန်တော့်မှာ မျက်လုံးပြူး၍ သွားမိလေ၏။

Generated by CamScanner from intsig.com

"ဟုတ်ကဲ့လားကွ၊ မင်း ဘယ်သူပြောတာလဲ"

"ဟုတ်ပါတယ် ဦးလေးရဲ့ သတ်စားတာမှ အစစ်ပါ။ သူက ရှေးတုန်းက ရှင်ဘုရင်ကြီးကို အားကျလို့"

ကျွန်တော့်မှာ ပုံတစ်ပုံ ကြားရတော့မည်ဟု ဝမ်းမြောက်ကာ "ဘယ်ရှင်ဘုရင်လဲကွ၊ ပြောစမ်းပါဦး"ဟု မေးလိုက်ရလေ၏။

"ဟို ရှင်ဘုရင်ပေါ့ ဦးလေးရဲ့"

"ဩော် သူလား အင်း မင်းပြောမှပဲ နာမည်သိတော့တယ်"

"ဦးလေးကလည်း ရှုပ်မနေပါနဲ့ဦး၊ ဦးလေး ရှုပ်တာနဲ့ နာမည်တောင် မေ့သွားပြီ၊ ဩော်သိပြီ၊ သိပြီ၊ ဒီရှင်ဘုရင်ဟာ လူသားစားပြီး သိပ်ဝနေတာ၊ သူ့ကို လူပေါ်ကြီးလို့ ခေါ်ကြတယ်၊ နောက်တော့မှ နာမည်ပြောင်းပြီး ပေါရိသာဒလို့ ခေါ်တယ်"

"ဩော် ဝတဲ့လူဟာ လူပေါ်တွေချည့်ပေါ့ဟုတ်လား၊ ကိုင်းပြောစမ်းပါဦးကွာ၊ နားထောင်စမ်းပါရစေ"

"ဦးလေး၊ ကောင်းကောင်း နားထောင်နေ၊ ဝင်မရှုပ်နဲ့ အဟမ်း"

□ □

"ရှေးရှေးတုန်းက အဲဒါတကယ်ဖြစ်တာ ဦးလေးရဲ့ ပုံမဟုတ်ဘူး ရာဇဝင် မပေါ်ခင်တုန်းက ဖြစ်တာ၊ အဲဒါနဲ့ ပေါရိသာဒဆိုတာ ရှင်ဘုရင်ကြီး တစ်ယောက်ဖြစ်ပါရောတဲ့။ ရှင်ဘုရင်မဖြစ်ခင်တုန်းက ထမင်းတွေဟင်းတွေ ကောင်းကောင်းစားရတော့ ငါရှင်ဘုရင်ဖြစ်ရင် ဝက်သားခေါက်ဆွဲ ကောင်းကောင်းစားလိုက်ဦးမယ်လို့ အားခဲထားတာနဲ့ သူရှင်ဘုရင်ဖြစ်တော့ သူ့ဘိုင်ကုလားကို ဝက်သားခေါက်ဆွဲ လုပ်ခိုင်းပါရော"

"ဝက်သားခေါက်ဆွဲမှပဲ စားချင်သတဲ့လားကွာ၊ ဆိတ်သား ဒန်ပေါက်တော့ မစားချင်ဘူးတဲ့လား"

"လာပြီ၊ ဦးလေးက ဝင်ရှုပ်တော့မယ်"

"မရှုပ်ပါဘူးကွာ မေးတာပါ၊ နို့ သူ့ဘိုင်ကုလားနာမည်ကကော"

"ရန်ကနားတဲ့"

"ဟဲ့ အပါ မင်းမှားနေပြီ၊ ဘိုင်ကုလား နာမည်က ရသကပါကွ"

"ဟင် ဦးလေးက မသိဘဲနဲ့ မပြီးစမ်းပါနဲ့၊ ကုလားနာမည်မှာ ရသက ရယ်လို့ မရှိပါဘူး၊ ရန်ကနားမှ အစစ်ပါ၊ ဦးလေး ပြောရတာနဲ့ ပြောစရာ

တွေတောင် ဖမ့်ကုန်ပြီ"

"ဟိုဟာလေကွာ ရှင်ဘုရင်က ဝက်သားခေါက်ဆွဲ စားချင်လို့တဲ့"

"အင်း အင်း၊ ဟုတ်ပြီ၊ ဟုတ်ပြီ၊ အဲဒါနဲ့ ရန်ကနားက ဝက်သား အကောင်းဆုံးဝယ်လာပြီး ပီးပိုချောင်ထဲမှာ ထားတာပေါ့လေ၊ အဲဒီလိုထားတုန်း ဝက်သားကို ခွေးတစ်ကောင် ချီသွားပါရော"

"ဒီ ခွေးနာမည်ကကော ဘာတဲ့လဲ၊ ပါပီလား၊ ကုပ်ကျားလား၊ အောင်နက်လား"

"နာမည်မရှိဘူး ဦးလေးရဲ့၊ အဲဒါနဲ့ ဘွိုင်ကုလားက ခွေးကို ချော့ခေါ် လာပါရော"

"ဘယ်လိုများ ခေါ်ပါလိမ့်"

"ဘွိုင်ကုလားခေါ်တာက ဝက်သားတုံး ခွေးစားလို့ကုန်တော့ နောက်ထပ် ဝယ်လို့လည်းမရ၊ ဘာမှ မတတ်နိုင်ဖြစ်ပြီး အချိန်ကျလို့ ခေါက်ဆွဲမပေးနိုင်ရင် သူ့ကို ရှင်ဘုရင် သတ်ပစ်မှာစိုးလို့ ဝက်သားအစား ခွေးကိုသတ်ပြီး ချက်ဖို့ ကြံတာကိုး ဦးလေးရဲ့"

"ဪ ဒါဖြင့် ခွေးသားခေါက်ဆွဲဟာ ဟိုတုန်းကတည်းက ပေါ်တာ ပေါ့"

"အစစ်ပေါ့ ဦးလေးရဲ့၊ အရသာကောင်းမှန်းသိလို့ တရုတ်တွေကလည်း ခွေးသားခေါက်ဆွဲလုပ်ပြီး ရောင်းနေကြတာပေါ့"

"ကဲ ကဲ ဆက်စမ်းပါဦး၊ နားထောင်ကောင်းတုန်း ဇိမ်ပျက်လိုက်တာ"

"အဲဒါနဲ့ ဟိုဒင်းသားကျွေးတော့ ရှင်ဘုရင်က သိပ်အရသာရှိသွားတာ ကို ဦးလေးရဲ့၊ ဒီတော့ ရှင်ဘုရင်က ပေးဝက်ကဘကြား နင် အရင်က ဝက်သားကောင်းကောင်း မကျွေးဘူး။ အခုမှကျွေးတယ်၊ နင်စျေးဖိုးတွေ ခိုးထားသလား၊ မှန်မှန်ပြော၊ မပြောရင်သတ်မယ်။ ခွေးကုလား စုဝက် လန်ချား ကူရကား၊ ဆာလားလို့ ပြောတော့ ကုလားက မှန်မှန်ပြောရင် သက်သာမယ် မပြောရင် အသတ်ခံရတော့မှာပဲ၊ ဒါပေမဲ့ ဟိုဒင်းသားလို့ ပြောရင် သိပ်စိတ်ဆိုး လိမ့်မယ်။ လူသားလို့ ပြောမှနေရာကျမယ်ဆိုပြီး ဝက်သား ခွေးစားသွားလို့ လူသားနဲ့ ချက်ကျွေးရပါတယ်လို့ ပြောတာပေါ့"

"ဒီလိုပြောလိုက်တော့ ရှင်ဘုရင်က 'ဟာ ဟုတ်လား၊ တယ်နိပ်ပါကလား၊ လူသား ဘို့တချားဟဲ၊ နောက်ကို လူသား ဂရိး ဂရိး ချက်ကျွေးရမယ်'လို့ ပြောလိုက်တော့ ရန်ကနား ချောက်ကျသွားတာပေါ့"

Generated by CamScanner from intsig.com

"ဒါပေမဲ့ ရန်ကနားလည်း ရှင်ဘုရင့်အပိုင်ဆိုတော့ မတတ်နိုင်ဘူးပေါ့၊ လူသား ရှာရတာပေါ့၊ ဘယ်က ရှာသလဲဆိုတော့၊ ကြံတောသင်္ချိုင်းထဲ သွားပြီး၊ လာလာပြီး မြှုပ်တဲ့လူတွေရဲ့ အလောင်းကို ညညမှာဖော်ယူပြီး ချက်ကျွေးရတာပေါ့"

"ရှင်ဘုရင်ကလည်း လူသား ခေါက်ဆွဲချည့်ပဲ စားသလား"

"မဟုတ်ဘူး၊ ဦးလေးရဲ့၊ တစ်ခါတလေ ဆီပြန်ကြော်တယ်၊ တစ်ခါတလေလည်း မဆလာများများ ငရုတ်သီးများများနဲ့ ကော်ရင်ဂျီဟင်းချက်တယ်၊ တစ်ခါတလေ ကလေးငယ်ငယ်တွေရဲ့အလောင်းရရင် ချစ်ကင်းဆွပ်ပြုတ် လုပ်ကျွေးတယ်"

"အင်း ငါတောင် သွားရည်ယိုလာပြီ"

"အဲဒါနဲ့ ကြံတောသင်္ချိုင်းမှာ အလောင်းတွေကုန်တော့ တာမွေ သင်္ချိုင်းကို သွားပြီး ဖော်ပြန်ရော၊ နောက်တော့ လူတွေက သူတို့ဆွေမျိုးတွေရဲ့ အလောင်းတွေ ပျောက်ပျောက်သွားတာ တွေ့ရတော့ တို့များသေရင်လည်း ဒီလို ပျောက်ကုန်မှာပဲဆိုပြီး သေရမှာ ကြောက်လာကြတာပေါ့"

"ဩော် ဒီအခါကစပြီး လူတွေဟာ သေရမှာ ကြောက်ကြတာထင်ပါရဲ့"

"ဦးလေးကော မကြောက်ဘူးလား"

"ငါလား၊ ငါတော့ ဒီလိုပျောက်သွားမှာ မကြောက်ပါဘူး၊ မြေကြီးထဲကျတော့ ဖင်ထဲ တီကောင်ဝင်မှာ သိပ်ကြောက်တာပဲ၊ ယားကျိကျိနဲ့ သိပ်အခနေရခက်မှာ"

"ဦးလေးကလည်း ကြံကြံဖန်ဖန် မဟုတ်တာ သိပ်ပြောတာပဲ"

"မဟုတ်တာ အပြောချင်းတူတူ မင်းကသာပြီး ပိုသေးတယ်"

"ဟော ဦးလေး ဝင်ရှုပ်တာနဲ့ ပြောတာတွေတောင် မေ့ကုန်ပြီး၊ ဟို အင်း နေပါဦး၊ ဩော် ဟုတ်ပြီ၊ ဟုတ်ပြီ၊ အဲဒါနဲ့ သင်္ချိုင်းကုန်းမှာ လူတွေကုန်တော့ ရာဇဝတ်မှုဖြစ်တဲ့လူတွေ ကားစင်မှာသတ်ပြီး ချက်ဘားပြန်ရော၊ ဒီလိုစားတော့ လူတွေက ရာဇဝတ်မှုမလုပ်ရဲတော့ ထောင်ကျတဲ့လူ မရှိတော့ ရှင်ဘုရင်လည်း လူသားငတ်နေတာနဲ့ အကြံရပြီး၊ ဘုရင်ခံတစ်ချက်လွှတ် ဥပဒေနဲ့ လူတွေကို ဖမ်းပြန်ရော၊ ဖမ်းပြီးသတ်စားပြန်ပါရော"

"အဲဒါနဲ့ သင်္ချိုင်းကုန်းရော၊ ထောင်ရော၊ လူတွေကုန်တော့ ညည ချောင်းပြီး သတ်ပြန်တာပေါ့၊ တိုင်းသူပြည်သားတွေကလည်း လူတွေ တစ်နေ့

တခြား ကုန်လာတာ တွေ့ရတော့၊ တစ်ည ချောင်းဖမ်းတာ ရန်ကနားကို မိရော၊ မိတော့မှ ရိုက်နှက်ပေးတော့ အကုန်လုံး ပေါ်တာပေါ့"

"အဲဒါနဲ့ ရွှေတိဂုံဘုရားမှာ မြို့လုံးကျွတ် အစည်းအဝေးကြီးခေါ်ပြီး ပေါရိသာဒ အလိုမရှိ၊ သွေးစုတ်ကောင်ကြီး အလိုမရှိ၊ ပေါရိသာဒ ဘို့ ဘို့၊ ရန်ကနား ရှူးရှူး၊ မီးတုတ်၊ မီးတုတ် ရှို့ရှို့၊ အရေးတော်ပုံ အောင်ပါစေ၊ သခင်မျိုးဟေ့ တို့ဗမာ ဆိုပြီး ရှင်ဘုရင်ကို နှင်ထုတ်တာပေါ့"

"တစ်ခါတည်းပဲ နှင်ထုတ်လိုက်ရောလား၊ အယုံအကြည်မရှိ အဆို မသွင်းဘူးလား"

"ဒါတော့ မသိဘူး ဦးလေးရဲ့၊ လူတွေက ပေါရိသာဒနဲ့ ရန်ကနားကို သတ်မယ်ဆိုပြီး အတင်းဝိုင်းလိုက်ကြတာပေါ့၊ ပေါရိသာဒတို့က ရှေ့ကပြေး၊ လူတွေက နောက်ကလိုက်၊ ရုပ်ရှင်ထဲမှာဆိုရင် ဘယ်လောက်ကြည့်ကောင်း လိုက်မလဲ၊ နောင်ကျိမ် နောင်ကျိမ်၊ နောင်ကျိမ်၊ နောင်ကျိမ်၊ နောင်ကျိမ်၊ နောင်ကျိမ်း နောင်ကျိမ်း နောင် "

"ဟေ့ မင်းဟာက ပါးစပ်ကတင် ဆိုဝမ်းပါ လက်ကတုတ်ကြီး မယမ်း စမ်းပါနဲ့၊ မျက်စိထိုးမိပါဦးမယ်"

"အဲဒါနဲ့ ပြေးရင်းလွှားရင်း ပေါရိသာဒ ခြေထောက်နဲ့ သစ်ငုတ် တစ်ခု ပေါ် တက်နင်းမိပြီး ဗိုင်းကနဲလဲကျတာပေါ့ ဦးလေးရဲ့"

"ဒီလိုလဲတော့ နောင်ကျိမ်ရပ်သွားပြီး ကြုံသေးတယ်၊ ကုန်ဆွေး ဗျာထုကြွယ် ဆိုသေးသလား"

"မမိသေးဘူး ဦးလေးရဲ့၊ မိတော့မှ ဒီသီချင်းဆိုရတယ်၊ အဲဒါနဲ့ ပေါရိသာဒလည်း မပြေးနိုင်တော့၊ ရန်ကနားက ပုခုံးပေါ်ထမ်းပြီး ခေါ်ပြေးရ တာပေါ့"

"ရန်ကနားနဲ့နော် သိပ် ဘ တာပဲကိုးကွ၊ လန်ချားနဲ့ တင်ပြီး ခေါ်ခဲ့ရောပေါ့"

"လန်ချားခေါ်တာ ၂ ချက်ထိုးနေလို့ တစ်စီးမှ မလိုက်ဘူး ဦးလေးရဲ့၊ အဲဒါနဲ့ ရန်ကနားလည်း ချောက်ကျချင်တော့ တစ်နေ့ လူသားရှာမရဘဲ ရှိနေ ပါရော၊ ပေါရိသာဒကလည်း ငါ လူသားမစားရရင် မနေနိုင်ဘူး၊ မင်းကို သတ်ရလိမ့်မယ်ဆိုပြီး ဓားနဲ့ထခုတ်လိုက်တာ ရန်ကနားလည်း မာလကသွား ပါရော၊ အဲဒါနဲ့ ရန်ကနား မရှိတော့ ပေါရိသာဒ တစ်ယောက်တည်း လူသား ရှာရတာပေါ့"

"ဒို့၊ ခြေနာကြီးနဲ့ ဘယ့်နှယ်လုပ်ရသလဲ"

Generated by CamScanner from intsig.com

"ဪ ကျွန်တော်ပြောတာ အရင်ဦးနေတယ် ဦးလေးရဲ့၊ ရန်ကနားမရှိတော့မှ ပေါရိသာဒကို လူတွေလိုက်တော့ ဒီအနာရတာ၊ အဲဒါနဲ့ ပေါရိသာဒလည်း လမ်းမလျှောက်နိုင်ဘဲ ညောင်ပင်ကြီးတင်ခုံအောက် လဲနေတာပေါ့လေ၊ လဲနေရာက နေပြီး၊ ညောင်ပင်စောင့်နတ်ကို နတ်ကြီးရယ် ကျွန်တော့် အနာပျောက်အောင် ကုပေးပါ၊ ခင်ဗျားကို လူသားနဲ့ ပူဇော်ပါ့မယ်လို့ ပြောတာပေါ့"

"ဒီတော့ နတ်ကြီးက ပြောင်နေခင် ချပ်ချိန်း၊ ချပ်ချိန်းနဲ့ နတ်ဗိုးတီးပြီး ဆင်းလာရောလား"

"နတ်က ဘိုင်ဝကုတ်သွားနေလို့ ဒီအချိန်မှာ မရှိဘူး ဦးလေးရဲ့၊ ဒါပေမဲ့ ပေါရိသာဒဟာ အစာမစားဘဲနေရတာနဲ့ ခြေထောက်က အနာလည်း အလိုလို သွေးချောက်ပြီး ပျောက်သွားပါရော"

"ဪ ဒါ အားကျလို့ ခြေလျင်ကိုဘုန်းခင်လည်း နေမကောင်းတဲ့အခါ ထမင်းမစားဘဲ နေတဲ့ဆေးနဲ့ ကုတာထင်ပါရဲ့"

"ဟုတ်မှာပေါ့ ဦးလေးရဲ့၊ အဲဒါနဲ့ ခြေနာပျောက်တော့ လူတွေကို လိုက်ဖမ်းပြန်တာပေါ့၊ ဖမ်းလို့ရတဲ့ လူတွေ ညောင်ပင်မှာချည်ထားရော၊ အဲဒီတော့မှ နတ်က အကြောင်းကိုသိတာကိုး၊ သိတော့မှ ဒီလူဟာ ငါ့ကို အနာကုပေးတယ် ထင်ပြီး လူတွေနဲ့ ပူဇော်မလို့ လုပ်နေတာပဲ၊ သူ့ကိုတော့ အကျွတ်တရားရအောင် လုပ်ရမယ်ဆိုပြီး၊ ပြောင်နေခင်ချပ်ချိန်းနဲ့ နတ်ကြီး ဆင်းလာပြီး ကိုယ်ရောင် ပြတာပေါ့၊ ဒါပေမဲ့ နတ်က အပါး ဦးလေးရဲ့ ရုပ်ပြောင်းရုပ်လွှဲ အင်မတန်ကောင်းတယ်၊ ရိုးရိုးအတိုင်း ကိုယ်ရောင်ပြရင် နတ်ကောင်းလို့ သိသွားမှာနိုးလို့၊ နတ်ဆိုးနဲ့တူအောင် လန်ကွတ်တီဝတ်ပြီး ဆင်းလာတာကိုး၊ ဆင်းလာပြီးတော့ ဘိုင်ဆေး ပေါရိသာဒ၊ ခင်ဗျား ငါ့ကို လူတစ်ရာ ယစ်ပူဇော်မယ်လို့ ပြောတယ်၊ အခုတော့ ကိုးဆယ့်ကိုးယောက်တည်း ရှိသေးတယ်၊ ခင်ဗျား ငါ့ကို ပတ်ဘီးမရိုက်နဲ့၊ ခင်ဗျားကြီး ဒုက္ခဖြစ်သွားမယ်လို့ ပြောတာပေါ့"

"ပေါရိသာဒလည်း ဟုတ်တယ် ငါ့ကတိအတိုင်း လုပ်မှပဲဆိုပြီး လူတွေကို လိုက်ရှာတာ၊ သူ့သူငယ်ချင်း ရှင်ဘုရင်တစ်ယောက်ကို မိလာတာပေါ့၊ မိလာတော့ သူ့သူငယ်ချင်းက ဘိုင်ဆေး ပေါရိသာဒ၊ မင်း ငါ့ကို သတ်ချင်လည်း သတ်တာပေါ့ကွာ၊ ဒါပေမဲ့ မသတ်ခင်မင်းကို ငါက လက်ချာပေးစမ်းပါရစေဆိုပြီး ပေါရိသာဒကို လက်ချာပေးတော့ ပေါရိသာဒလည်း သတ်ရမှာခက်ပြီး 'သူငယ်ချင်း မင်းကိုတော့ ငါမသတ်ဘူး၊ ငါ တခြားလူ သတ်စရာမရှိရင် ငါ့ကိုယ်ကိုပဲ သတ်တော့မယ်'ဆိုပြီး မှိုင်ပြီး ပြန်လာခဲ့တာပေါ့"

Generated by CamScanner from intsig.com

"ဒါဖြင့် ဒီနေရာမှာ ပေါရိသာဒ လွှမ်းခန်းပေါ့၊ ဘို ပူပုံပန်း။ လွှမ်းဘွဲ့တေး ဖြေမဆည်နိုင် . . ."

"ဦးလေးကလည်း နားထောင်စမ်းပါဦး၊ အဲဒါနဲ့ ပေါရိသာဒလည်း မိုင်ပြီး ပြန်လာတော့၊ ညောင်ပင်စောင့်တဲ့နတ်က ကိုယ်ယောင်ပြပြန်ရော"

"လန်ကွတ်တီကလေးနဲ့ပဲလားကွ"

"ဒီတစ်ခါတော့ ဘုန်းကြီးလို လုပ်ပြီးပြတယ်"

"ဘုန်းကြီးလည်း မြင်ရော ပေါရိသာဒက ဟော့ ဒေါက်တာ မာမက မပြေးနဲ့ ဆိုပြီး လိုက်တာပေါ့၊ ဒါပေမဲ့ နတ်က တန်ခိုးကြီးတော့ လိုက်လို့ မမီဘူးပေါ့၊ အဲဒီတော့ နတ်က တရားဟောတော့မှ"

"ပေါရိသာဒလည်း ညွန့်ပေါင်းအဖွဲ့က ထွက်ရောလား"

"ဦးလေးကလည်း လာပြန်ပြီ၊ ပေါရိသာဒ အကျွတ်တရား ရသွားတာပေါ့၊ ဒီလိုအကျွတ်တရားရပြီး သူ့တိုင်းပြည် သူပြန်ပေမယ့် တိုင်းသူပြည်သားတွေက သူဟာ တို့အစ်ကိုတွေ ညီတွေ၊ မောင်တွေ၊ အဖေ၊ အမေတွေ သတ်တဲ့လူ ဆိုပြီး ပေါရိသာဒ ဂိုးဘက်၊ ပေါရိသာဒ ဂိုးဘက်၊ ပေါရိသာဒ ပြန်သွား၊ သွေးစုပ်ကောင်ကြီး အလိုမရှိဆိုပြီး နှင်ထုတ်ကြပါရော၊ အဲဒါနဲ့ ပြီးရော"

□ □ □

Generated by CamScanner from intsig.com



ကျွန်တော်၏ မိတ်ဆွေကြီးအပါကလေးသည် တစ်နေ့တွင် အလည်ကြွ၍ နေသဖြင့် အပါ၏ မိခင်သည် ကျွန်တော်၏အိမ်တွင် ရှိသည်ထင်မှတ်၍ လာရောက်မေးမြန်းသောကြောင့် အပါတစ်ယောက် ပျောက်နေသည်ကိုသိရ၍ ကျွန်တော်မှာ အေးအေးထိုင်ကာမနေနိုင်သေးဘဲ အပါကို တွေ့အောင်လိုက်၍ ရှာဖွေပေးရလေ၏။

အပါသည် အိမ်နောက်ဖေး လမ်းကြားထဲတွင် ၎င်း၏ ကစားဖော်ကစားဖက် ကလေးတစ်ယောက်က လူကြီးများ မသိအောင် အိမ်မှတိတ်တဆိတ်ခိုးယူလာသော စီးကရက်တစ်လိပ်ကို မီးညှိကာ တစ်ယောက်တစ်လှည့်စီ ဖွာရှိုက်လျက် ဆေးလိပ်သောက်သင်နေသည်ကို ကျွန်တော်တွေ့ရသဖြင့် အပါသည် ကျွန်တော့်ကိုမြင်သည်နှင့်တစ်ပြိုင်နက် ၎င်း၏မိခင်အား တိုင်ကြားမည်စိုးသောကြောင့် ထွက်၍ပြေးလေရာ ကျွန်တော်မှာ လမ်းတစ်ဖက်မှလှည့်၍လိုက်ပြီး ဖမ်းရလေ၏။

အပါသည် မပြေးသာတော့သဖြင့် ကျွန်တော့်ကို ကြည့်ပြီး ငိုမည့်ဟန်ဖြင့် "ကျွန်တော် အိမ်ကဝီးကရက်ကို ခိုးလာတာမဟုတ်ဘူး ဦးလေးရဲ့၊ ကြွက်နီ သူ့အိမ်ကသူ ခိုးလာတာ"ဟု အပြစ်လွှတ်ရန် ပြောလေ၏။

"မင်း ဝီးကရက်သောက်တာ ငါ ဖမ်းရအောင်လာတာမဟုတ်ဘူး၊ မင်းကိုလည်း ငါမတိုင်ပါဘူး၊ မင်းအိမ်က တစ်နေ့လုံး ပျောက်နေလို့ ငါလိုက်ရှာတာ"ဟု ပြောမှ အပါလည်း မျက်နှာ ကြည်လင်ရွှင်လန်းလာပြီး ကျွန်တော်ခေါ်ရာသို့ လိုက်လာခဲ့လေ၏။

ကျွန်တော်သည် အပါအား သူ၏အိမ်သို့ မပို့သေးဘဲ အလည်အပတ်ပြုလုပ်တတ်ခြင်းကို ဆုံးမသတိပေးရန် ကျွန်တော်၏အိမ်သို့ ခေါ်လာပြီးနောက် "အပါ၊ မင်း ဘာပြုလို့ အိမ်ကိုမပြန်ဘဲ ဒါလောက်တောင် လည်ရသလဲ၊ ပသျှူးခေါင်းပြတ်ကြီးတွေ ကလေးတွေ လိုက်ဖမ်းနေတယ်ဆိုတာ မကြားဘူးလား" ဟု မေးလိုက်ရာ . . .

"ဟင့်အင်း မကြားဘူး"ဟုဆိုသဖြင့်

"အေး၊ အခု ငါပြောလို့ ကြားပြီမဟုတ်လား၊ သတင်းစာထဲမှာ ပါတယ်၊ ရန်ကုန်မှာရော၊ အင်းစိန်မှာရော၊ ကျောက်မြောင်းမှာရော၊ ကလေးတွေကို လိုက်ဖမ်းပြီး နတ်ပူဇော်ရအောင် သတ်ပစ်တယ်တဲ့"ဟု ပြောပြရျပြီး "မင်း မကြောက်ဘူးလား"ဟု မေးလိုက်လေ၏။

"မကြောက်ပေါင်"

"အမယ်၊ မင်းမကြောက်ဘူး၊ ဟုတ်လား၊ အသတ်ခံရမှာ မကြောက်ဘူးလား"

"အပါ့ကို သတ်ပေမယ့် သေချင်မှ သေမှာပေါ့၊ ဗိုက်ထဲက ကလေးကို သတ်တဲ့ဇာတ် ဦးလေးမကြားဖူးဘူးလား"

"ထိလပ်နဲ့ ပိုးအုလား"

"မဟုတ်ဘူး ဦးလေးရဲ့၊ ကလေးတွေအများကြီး သတ်တာလေ၊ သူ့ကို သတ်တော့ မသေတာလေ၊ သူ့နှာမည်ထဲမှာ ကြဲလည်းပါတယ်"

"ဩော် ကျန်ဝဝ်သားလား"

"ဟုတ်တယ် ဟုတ်တယ်၊ အဲ့သလိုပေါ့၊ ကျွန်တော်လည်း သေချင်မှသေမှာ။ ဒီပုံကို ဦးလေး မကြားဖူးသေးဘူးလား"

ကျွန်တော်မှာ အပါ့ ပါးစပ်ကထွက်လျှင်၊ ရိုးနေပြီးသော ရာဇဝင်ကိုပင် အသစ်အဆန်း ကြားရတော့မည်ကိုသိ၍ "အေးကွယ် ငါဖြင့် မကြားဖူးသေး

ဘူးကွဲ့၊ မင်းရဲ့ ဆရာမကတော့ ပုံပြောကောင်းတဲ့သူမို့ မင်းတော့ ကြားဖူးမှာပဲ၊ ပြောပြစမ်းပါဦးကွဲ့"ဟု ပွဲတောင်းရလေ၏။

❑ ❑

"ရှေးရှေးတုန်းက၊ အဲဒါရာဇဝင် ဦးလေးရဲ့၊ ရာဇဝင်ဆိုတာ ဘာလဲဆိုတာ အပါပြောဖူးပြီမဟုတ်လား၊ အဲဒါနဲ့ ရှင်ဘုရင်တစ်ပါးရှိရော၊ အဲဒါလည်း ပုဂံရောင်းတဲ့ တိုင်းပြည်မှာ ဖြစ်တာပဲတဲ့။ အဲဒီအခါတုန်းကလည်းပဲ ပဲခူးမှာ လျှေင်းသူပ်သလို ပုဂံမှာလည်း လျှေင်လှူပ်တာပဲတဲ့။ ဒါပေမဲ့ ပဲခူးမှာလိုလူတွေ မသေကုန်ဘူး၊ လှူပ်ရုံပဲလှူပ်တယ်၊ ရှင်ဘုရင်က ဗေဒင်ဆရာကို ခေါ်ပြီး၊ ဘာဖြစ်လို့ လျှေင်လှူပ်တာလဲလို့ မေးတော့၊ ဗေဒင်ဆရာက မင်းလောင်း ပဋိသန္ဓေရှိလို့လို့ ဟောလိုက်တယ်။ ဗေဒင်ဆရာများဟာ လျှေင်လှူပ်ပြီးမှ ဟောတယ်၊ ဘယ်တော့မှ လျှေင်မလှူပ်ခင်က မဟောဘူး၊ လျှေင်လှူပ်ပြီးရင် သူတို့သိပြီ၊ မလှူပ်ခင်တော့ဖြင့် မသိဘူး"

"လူသတ်တယ်ဆိုတာ ပတာနိပါတာကံ သင့်မှာပေါ့နော်"

"ပါဏာတိပါတကံပါကွ၊ ဘယ်ကလာ ပတာနိပါတာရမှာလဲ"

"ကျွန်တော်မှ မခေါ်တတ်ဘဲ ဦးလေးရဲ့၊ နောက်ပြီးတော့ ဗိုက်ထဲက ကလေးကိုသတ်ရင် လူကြီးရော၊ ဗိုက်ထဲက ကလေးရော သေတာမို့ ၂ ကြိမ် ငရဲကြီးမှာပေါ့၊ ကျွန်တော်သာ ဒီရှင်ဘုရင်ဆိုရင် လူတွေအားလုံးခေါ်ပြီ ပဋိသန္ဓေတားဆေးတွေကို ရေနဲ့ဖျော်၊ ရှာလပတ်ရည်လှူတယ်ဆိုပြီး ညာတိုက်မှာပေါ့"

"ဒါနဲ့ မင်းလောင်း ပေါ်လိမ့်မယ်လို့ ဆိုတော့ ရှင်ဘုရင်ကလည်း သိပ်ကြောက်တာပေါ့၊ မင်းလောင်းဆိုရင် ငါ့ကိုသတ်ပြီး နန်းတက်မှာပဲ၊ သူ့ကို ငါဦးအောင် သတ်မယ်ဆိုပြီး မြို့ထဲမှာရှိတဲ့ ဗိုက်ကြီးတဲ့မိန်းမမှန်သမျှကို သတ်စေလို့ အမိန့်ထုတ်လိုက်တော့ ရှင်ဘုရင့်စစ်သားတွေလည်း ဗိုက်ကြီးနဲ့ မိန်းမတွေမှန်သမျှ လိုက်သတ်တာပေါ့"

"ရှင်ဘုရင်သတ်ပစ်လိုက်တာ တစ်ထောင်နှစ်ထောင်မကဘူး၊ အများကြီးပဲတဲ့၊ ဒါတောင် ဗိုက်ကြီးတဲ့မိန်းမတွေ မကုန်သေးဘူး၊ ရှင်ဘုရင် မသိအောင် တိတ်တိတ်ပုန်း ဝပ်းဆွဲသည်မခေါ်ဘဲ ကလေးမွေးတာတွေ အများကြီးပဲတဲ့၊ ဗိုက်ကြီးရင် ရှင်ဘုရင် အသတ်ခံရမယ်ဆိုတာ သိကြလျက်သားနဲ့ ဗိုက်ကြီးချင်ကြတာ အံ့ပါရဲ့နော်၊ မကြောက်ကြဘူးလား မသိဘူး"

"သူတို့ ကြီးချင်လို့ ကြီးရတာ မဟုတ်ပါဘူး ထင်ပါရဲ့ကွယ်၊ မင်းပြောတဲ့

ဂျာမနီအားတိုးဆေးတို့ ရှူဝါးဘွန်းတို့ ချိုင်းဂစ်ဖားတို့ကို ဝမ်းနုတ်ဆေးနဲ့ မှားပြီး စားမိကြလို့ ထင်ပါရဲ့"

"အဲဒါနဲ့ ရှင်ဘုရင်က ဗေဒင်ဆရာ၊ လက္ခဏာဆရာလို့ လမ်းလျှောက်ဘော်တဲ့ ကုလားတစ်ယောက်ကို နန်းတော်ထဲကကြားလို့ ကုလားဗေဒင်ဆရာကို ခေါ်ပြီး တစ်ခါမေးရင် ဘယ်လောက်လဲလို့ဆိုတော့ တစ်ကျပ်တဲ့။ ရှင်ဘုရင် တစ်မတ်နဲ့ ၂ ပြားရအောင်ဆစ်ပြီး မင်းလောင်းရှိသေးသလားလို့ မေးတော့၊ ရှိသေးတယ်၊ နို့စို့ကလေးအရွယ်ရှိနေပြီလို့ ဟောတာနဲ့၊ နို့စို့ကလေးတွေကို လိုက်ပြီး သတ်ကြပြန်ပါရော၊ အဲဒီတုန်းကလည်း တစ်ထောင် တစ်သောင်းလောက် သေကုန်တာပဲတဲ့၊ အဲဒီကလေးတွေဟာ ဗိုက်ကြီးတဲ့မိန်းမ သတ်တုန်းက မသေဘဲ ကျန်နေတာပေါ့ခေနော်၊ ဒီကလေးတွေနဲ့ အရင်သေတဲ့ကလေးတွေ ပေါင်းလိုက်ရင် ဘယ်လောက်များမလဲ၊ ကြည့်ခမ်း တစ်နှစ်တည်း ဗိုက်ကြီးတဲ့ မိန်းမတွေ သိပ်ပေါတာပဲ၊ ရှင်ဘုရင်သာ သတ်မပစ်ရင် ဗိုက်ပူကလေးတွေနဲ့ မိန်းမတွေ ဘယ်လောက်များမလဲ၊ သိပ်အကြည့်ရဆိုးမှာပဲနော်၊ ဟိုကြည့်လိုက်၊ ဗိုက်ပူကလေးနဲ့၊ ဒီကြည့်လိုက် ဗိုက်ပူကလေးနဲ့ပြည့်နေမှာပဲ၊ ဗိုက်ပူတာ လှတယ်ထင်လို့ ဗိုက်ကြီးအောင် လုပ်ကြတာထင်ပါရဲ့"

"ဟုတ်ချင်လည်း ဟုတ်မှာပဲ၊ အခုကာလ လေယာဉ်ပျံဆံထုံး ခေတ်ထသလို၊ ဟိုတုန်းကလည်း ဗိုက်ပူတာ ကာလပေါ် နယူးဖက်ရှင်လားမှ မသိဘဲ"

"ဟုတ်တယ် ဦးလေးရဲ့၊ ဟိုတုန်းက ဖက်ရှင်ပဲ ဘမှန်ပဲ၊ အဲဒါနဲ့ ကလေးတွေ သတ်ပစ်တာတောင် မင်းလောင်းလည်း မသေဘူး၊ ကလေးတွေလည်း အများကြီးကျန်သေးတာလဲ။ ရှင်ဘုရင်က နောက်ထပ်ဗေဒင်မေးတော့ ရှိသေးတယ်ဆိုတာ သိတာပေါ့"

"ဒီဗေဒင်ဆရာကော ဘယ်ဈေးနဲ့ ဆစ်လိုက်သေးသလဲ၊ တစ်မတ်နဲ့ နှစ်ပြားပဲလား"

"အဲဒါတော့ မေ့နေတယ်"

"ဘယ်ကဗေဒင်ဆရာလဲ၊ ဆူးလေဘုရားကလား၊ ရွှေတိဂုံဘုရားကလား"

"အဲဒါလည်း မသိတော့ဘူး၊ ကျွန်တော်ပြောတာ နားထောင်နေပါ ဦးလေးရဲ့၊ ဦးလေးကလည်း သိပ်သိပ်မေးတာပဲ၊ ဘယ်ဖြေတတ်မှာလဲ၊ အဲဒါနဲ့ ရှင်ဘုရင်ကလည်း ဘယ်အသက်အရွယ်ရှိပြီလဲ မေးတော့ ဗေဒင်ဆရာက ကိုရင်ဖြစ်နေပြီလို့ ပြောတော့ ရှင်ဘုရင် သတ်ဖို့ခက်နေတာပေါ့၊ ဘုန်းကြီးကို သတ်ရင် အဝီစိချိုးကပ်နေမယ် မဟုတ်လား၊ သိပ်ခွကျနေတာပေါ့"

Generated by CamScanner from intsig.com

"မြန်မာရှင်ဘုရင်တွေဟာ မကောင်းဘူး ဦးလေးရဲ့၊ လူတွေကို သတ်သတ်ပစ်တယ်လို့ ဆရာမက ပြောတယ်၊ ဂျာမနီမှာဆိုရင် ဗိုက်ကြီးတဲ့မိန်းမတွေ၊ ကလေးမွေးတဲ့ မိန်းမတွေ ဆုပေးတယ်တဲ့၊ ဟိုမှာဆိုရင် ဆုရအောင် သိပ်ပြိုင်ကြီးတားကြရမှာပဲနေ့၊ မြန်မာပြည်မှာတော့ သတ်ပစ်တာပဲ။ သတ်မပစ်လို့ ဆုပေးမယ်ဆိုရင် အခုသတ်ပစ်တဲ့ဟာတွေကို ပေးရမှဖြင့် ဒီရှင်ဘုရင်ဒေဝါလီခံရမှာပဲနေ့၊ ဒီလူတွေသာ သတ်မပစ်ဘူးဆိုရင် မြန်မာပြည်မှာလူဦးရေသိပ်များပြီ၊ စစ်သားတွေသိပ်များလို့ ဘယ်သူမှ မြန်မာပြည်ကို မနိုင်ဘဲ မြန်မာရှင်ဘုရင်နဲ့ ဖြစ်နေမှာပေါ့"

"ဒါတွေ ထားဦးကွယ်၊ ကိုရင်ဖြစ်တော့ ဘာလုပ်တယ်ဆိုတာ ဆက်ပြီး ပြောစမ်းပါဦး"

"ကိုရင်ဖြစ်တော့၊ ရှင်ဘုရင်လည်း မသတ်ပစ်နိုင်တော့ ဘယ်လို လုပ်ရပါ့မလဲလို့၊ ဗေဒင်ဆရာကို မေးတော့ ဗေဒင်ဆရာက ဆွမ်းပင့်ပြီး ကျွေးပါ၊ ပါးစပ်ထဲက ပြောင်ပြောင်လက်လက်နေတာတွေ့ရရင် အဲဒီလူဟာ မင်းလောင်းပဲလို့ ပြောတာနဲ့၊ ရှင်ဘုရင်လည်း ဆွမ်းကျွေးတော့ ပါးစပ်ထဲက ပြောင်ပြောင်လက်လက်နဲ့ ကိုရင်ကို တွေ့ရတာပေါ့၊ ဒီကိုရင်ဟာ ဘာပြုလို့ ပါးစပ်ထဲက ပြောင်ပါလိမ့်မလဲ"

"ရွှေသွား တပ်ထားတယ်လို့ ဆရာမက မပြောဘူးလား"

"ဩော် သိပြီ၊ သွားတိုက်ဆေးကောင်းလို့ ဦးလေးရဲ့၊ ဘိလပ်က သွားတိုက်ဆေးကောင်းကောင်း ဝယ်တိုက်တယ် ထင်တယ်"

"ဟုတ်ပါ့မလား၊ သတင်းစာတွေထဲမှာ သွားတိုက်ဆေးကောင်းကြောင်း ဓာတ်ပုံနဲ့ သက်သေခံတဲ့ ကျွန်စစ်သားကို မတွေ့ရပါလား"

"ဟိုတုန်းက ဦးလေးမှ မမွေးသေးဘဲ၊ ဟိုတုန်းက သတင်းစာကို ဦးလေး ဘယ့်နှယ်လုပ် ဖတ်ရမလဲလို့၊ နားထောင်စမ်းပါ ဦးလေးရဲ့၊ ဝင်ဝင် စကားမပြောပါနဲ့ဦး၊ အဲဒါနဲ့ ရှင်ဘုရင်က ကိုရင်ကို ခင်ဗျားဘယ်တော့ ရှင်ဘုရင်ဖြစ်မလဲ မေးတော့ ကိုရင်က ဒကာကြီးသေပြီး နောက်ရှင်ဘုရင် နတ်ရွာစံတော့မှ ကျွန်တော် ရှင်ဘုရင်ဖြစ်မယ်လို့ ပြောတော့မှ ရှင်ဘုရင်လည်း အမယ်လေး အခုမှ စိတ်အေးရပါတော့တယ်ဆိုပြီး ကိုရင်လူထွက်ဒိုင်းပြီး လူနာမည်မှည့်တယ်၊ နာမည်က ဘာပါလိမ့်မလဲ ဦးလေးရဲ့"

"ကိုရင်လူထွက် ငါးပိချက်ဆိုတာ ထင်ပါရဲ့"

"ဟိုဒင်းလေ၊ ဦးလေး ခုနပြောတာ။ ဟို ဟို၊ ကျွန်စစ်သားဆိုတဲ့

Generated by CamScanner from intsig.com

နာမည်ကိုပေးတယ်၊ သူ့ကို လိုက်သတ်တာ မသေဘဲ ကျန်နေ၊ ရှင်ဘုရင်က စစ်သားခန့်လိုက်လို့ ကျန်စစ်သားတဲ့။ အဲဒါနဲ့ ပြီး ကျန်စစ်သားဟာ စစ်ပုလိပ် ရာထူးကို ရပြီးတဲ့နောက် ရှင်ဘုရင်ကို ဆယ်အိမ်ခေါင်း တစ်ယောက်က သူ့သမီးနဲ့ လာဘ်ထိုးတာ ကျန်စစ်သားကို သွားပြီးယူခိုင်းတာမှာ၊ ရှင်ဘုရင်က လမ်းမှာ ကျန်စစ်သားက လင်ငယ်နေတယ်ထင်ပြီး သစ်ပင်ချည်ပြီး လှံနဲ့ထိုးတာ ကံကောင်းတဲ့လူမို့ လူကိုမထိဘဲ၊ ကြိုးထိပြီး ကြိုးပြတ်တော့ ထွက်ပြေးတာပေါ့"

"အဲဒီလို ထွက်ပြေးပြီး၊ အဝေးကြီး ရောက်လာတာ ခြံတစ်ခြံနားကို ရောက်လာရော၊ ခြံထဲမှာ စောင့်တဲ့ မာလီကုလားဟာ ကျောင်းမှာတုန်းက ဟိုက်ဂျမ့်ခုန်တာ ဝိုလ်ဆွဲသွားတော့ ခြံကို တံခါးမရှိဘဲ၊ အလုံပိတ်ပြီး ခြံထဲကို ခုန်ဝင်တတ်တယ်တဲ့၊ ကျန်စစ်သားလည်း အဲဒီကိုရောက်သွားတော့ သိပ်ဆာတာနဲ့ ခြံအပြင်ကနေပြီး မာလီကုလားကို မာလကာသီးတစ်လုံးပေးပါတောင်းတော့ မာလီကုလားက နင်ငါ့လို ခုန်ဝင်နိုင်ရင် ယူလို့ပြောတာနဲ့ ကျန်စစ်သားလည်း လှံထောက်ပြီး ဟိုက်ဂျမ့် ခုန်ဝင်လိုက်တာပေါ့၊ သိပ်တော်တာပဲနော်၊ အိုလံပစ်မှာ ကျန်စစ်သား ဝင်ပြိုင်ရင် မြန်မာပြည် နာမည်သိပ်ကြီးမှာပဲ"

"ဒါနဲ့ မာလီကုလားက ကျန်စစ်သားကို သဘောကျပြီး အိမ်မှာ ကျွေးထားတုန်းမှာ ကျန်စစ်သားက မာလီကုလားရဲ့တူမကို ရည်းစားစာပေးပြီး ကြိုက်ကြပါရော၊ နောက်တော့ သူတို့ အချင်းချင်း တိတ်တိတ်ပုန်းညားပြီး မာလီရဲ့တူမက ဗိုက်ကြီးတော့ ကျန်စစ်သား ထွက်ပြေးပြီး ရှင်ဘုရင်လည်း မရှိတော့တာနဲ့ သူပဲ ရှင်ဘုရင်လုပ်နေလိုက်တာပေါ့"

"မာလီရဲ့တူမလည်း ကလေးမွေးပြီးတဲ့အခါကျတော့ ကျန်စစ်သားလည်း မလာ၊ စားစရိတ်လည်း မရတာနဲ့ ကျန်စစ်သားဆီ လိုက်လာပြီး ရုံးကနေပြီးတော့ စားစရိတ်ရလိုမှုနဲ့ တရားစွဲတာပေါ့၊ ဒီတော့ ကျန်စစ်သားက ငါ့မှာလည်း မိန်းမ မရှိဘူး သားလည်းမရှိဘူး၊ အမွေခံမယ့်လူလည်းမရှိလို့ သူတို့သားအမိပဲ ပြန်ပေါင်းမယ်ဆိုပြီး ခေါ်ထားလိုက်တာပေါ့၊ အဲဒီလို နေလာကြပြီး တစ်နေ့ကျတော့၊ နေဦး ဦးလေးရဲ့ ကျွန်တော်နည်းနည်းမေ့နေတယ်၊ အဲဒါနဲ့ပြီးရော"

❏ ❏ ❏



တစ်နေ့တွင် ကျွန်တော်သည် လမ်းဘက်သို့ ကြည့်၍နေစဉ် ထွားထွား ကျိုင်းကျိုင်း ပသိုင်းမွေး ပုတ်ဆိတ်မွေး ထူလှသော ပထန်ကုလားကြီးတစ်ယောက် နှင့် ၎င်း၏မယား ခပ်ငယ်ငယ် ညားခါစနှင့်တူသော စုံတွဲနှစ်ယောက်တို့ကို မျက်စိထဲတွင် စူးစူးစိုက်စိုက်မြင်မိသဖြင့် ဤကဲ့သို့အရွယ် အသက်မမျှတသော ပေါင်းသင်းမှုကို အံ့ဩသည့်စိတ်ဖြင့် ကြည့်၍ နေမိစဉ်၊ အပါသည် ရုတ်တရက် ပေါ်ပေါက်လာပြီး၊ နောက်မှနေ၍ ကျောကိုပြေးတက် ကုန်းပိုး၍ဖက်ကာ "ဦးလေး ဘာကြည့်နေသလဲ"ဟု မေးလေ၏။

"လန့်လိုက်တာ အပါရာ၊ ငါ့ဘယ်သူများလဲလို့"ဟုဆိုလိုက်ပြီးမှ "တခြား မဟုတ်ပါဘူးကွာ၊ ဟိုလင်မယားကို ကြည့်ရတာ၊ ကောင်မလေးက ငယ်ငယ် ကလေး၊ သူ့လင်က ရောမဟာကြီး တွေးပြီး အသည်းယားလွန်းလို့"ဟု ဖြေ လိုက်လေ၏။

"အမယ်၊ ဒါ ဘာဟုတ်သေးသလဲ ဦးလေးရဲ့၊ ခြသေ့်တောင် ယူ သေးတယ်"

"ဟဲ့ မဟုတ်တာ ဖြစ်နိုင်ပါ့မလား၊ လူနဲ့ ခြင်္သေ့နဲ့ မင့်ဘယ်သူက ပြောသလဲ၊ သတင်းစာထဲမှာလည်း မတွေ့လိုက်ရပါကလား"

"အခုဖြစ်တာ မဟုတ်ဘူးဦးလေးရဲ့ ကြာပြီတဲ့၊ ဆရာမပြောလို့ ကျွန်တော်လည်း သိတာ"

"ဟုတ်မယ် မထင်ပါဘူးကွယ်၊ မင်းဆရာမကလည်း မင်းတို့ကို မဟုတ်တာတွေ ပြောနေပြီထင်တယ်၊ ခြင်္သေ့ဆိုတာ ဟောက်လိုက်ရင် နားတောင်ကွဲတာ"

"အမယ်လေး၊ မကွဲဘူး၊ နားမပြောနဲ့ ဘာမှမဖြစ်ဘူး၊ အဲဒီမိန်းမက ဘာဘူကုလားမကြီး၊ ခြင်္သေ့နဲ့ရတာနဲ့ သူ့သားကို သီဟဘာဘူလို့ နာမည်မှည့်ထားလိုက်သေးတယ်"

ထိုအခါမှ ကျွန်တော့်မှာ အပါ၏ပုံကို ရိပ်မိကာ အပါအား ကျောပေါ်မှ ဆင်းစေပြီးနောက် "သြော် မင်းပြောတာ ငါသိပြီ၊ ဒါပေမဲ့ သီဟဘာဘူ မဟုတ်ဘူးကွဲ့၊ သီဟဗာဟုပါ"ဟု ပြင်လိုက်လေ၏။

"ဘယ်က ဟုတ်ရမှာလဲ၊ သီဟဘာဘူမှ အစစ်ပါ၊ ဦးလေးက သိတယ်လည်းဆိုသေးရဲ့ နားလည်းမလည်ဘူး၊ ဦးလေး ဒီပုံကို ကြားဖူးလို့လား"

ကျွန်တော်မှာ အပါပြောပြပါလျှင် အသစ်အဆန်း ကြားရလိမ့်မည်ဟု တွေးမိသည့်အတိုင်း၊ အပါ့အား အငြင်းအခုံပြုင်၍ မနေလိုတော့ဘဲ "အေး ငါ မှားလိမ့်မယ်၊ ငါကြားဖူးတာက တခြားပုံထင်တယ်၊ ကိုင်း မင်းဆရာမ ပြောပြတဲ့ပုံကို ငါ့ကိုပြန်ပြီး ပြောပြစမ်းပါဦး"ဟု ပြောလိုက်ရလေ၏။

❑ ❑

"ရှေးရှေးတုန်းက အဲဒီမိန်းမကြီး တစ်ယောက်ရှိရော"

"အင်း မင်းပြောမှပဲ ဘယ်သူ ဘယ်ဝါဆိုတာ သေသေချာချာ သိရတော့တာပဲ"

"ဦးလေးကလည်း နားထောင်စမ်းပါဦး၊ ပြောမယ်ဖြင့် မကြံရသေးဘူး ဝင်ရှုပ်ပြီ၊ အဲဒါနဲ့ မိန်းမကြီးက ရှင်ဘုရင့်သမီး ဦးလေးရဲ့၊ ဒါနဲ့ ရှင်ဘုရင့်သမီးဆိုတော့ ယောကျ်ားတွေ မတွေ့ရအောင် လုပ်ထားတာပေါ့၊ ရှင်ဘုရင်ကတော့ဖြင့် ဘာမှမသိဘူး၊ သူ့သမီးက သိပ်လင်လိုချင်နေတာကို ဦးလေးရဲ့၊ မတွေ့ရအောင် လုပ်ထားတော့ သာပြီးတွေ့ချင်နေတာပေါ့၊ တစ်နေ့ကျတော့ သူ့သမီးက အပြင်ထွက်ရအောင်ကြံပြီး၊ ဖေဖေရယ် ကျွန်မတို့ ကန်တော်ကြီးကို

ပျော်ပွဲစားသွားချင်တယ်လို့ပြောတာနဲ့ သူ့အဖေကြီးလည်း လွှတ်လိုက်ပါရော"

"ကန်တော်ကြီးဘာနဲ့ သွားလဲ၊ လန်ချားနဲ့လား"

"ရှင်ဘုရင့်သမီးပဲ ဦးလေးရဲ့၊ လန်ချား ဘာစီးမလဲ၊ နွားလှည်း စီးမှာပေါ့၊ ဟုတ်တယ် မရယ်နဲ့လေ၊ ရှေးတုန်းက နွားလှည်းစီးကြတာပဲ၊ အဲဒါနဲ့ ကန်တော်ကြီး ရောက်သွားကြတော့ အဲဒီမိန်းမတစ်ယောက်တည်း တောထဲဝင်သွားတာ ခြင်္သေ့နဲ့ တွေ့ကြပါရော"

"ဟုတ်ကဲ့လားကွာ၊ ကန်တော်ကြီးမှာ ခြင်္သေ့ရှိနိုင်ပါ့မလား"

"ရှိတာပေါ့ ဦးလေးရဲ့၊ ရှေးတုန်းက တောကြီးထဲ တိရစ္ဆာန်ရုံထဲက လွှတ်လာတဲ့ ခြင်္သေ့ဖြစ်ရင်လည်း ဖြစ်မှာပေါ့"

"အင်း ခြင်္သေ့မြင်တော့ ကြောက်ပြီး ပြေးရောလား"

"မပြေးဘူး ဦးလေး၊ တစ်ခါတည်း ညားကြရော"

"ဟင် မြန်လှချည့်လား၊ ဘယ်အချိန်များ ရည်းစားစကား ပြောလိုက်ကြပါလိမ့်မလဲ"

"တွေ့တုန်း ပြောမှာပေါ့ ဦးလေးရဲ့"

"ဘယ်သူက စပြောသလဲ၊ ခြင်္သေ့ကြီးက 'အမလေး နှမကို မရလို့ရှိရင် ကန်တော်ကြီးထဲ ခုန်ချပြီး သေလိုက်ပါတော့မယ်'လို့များ ပြောသလား"

"ခြင်္သေ့ကြီးကတော့ ပြောမှာပဲ၊ ဘယ်လိုပြောသလဲတော့ မသိဘူး၊ ဒါပေမဲ့ အဲဒီရှင်ဘုရင့်သမီး ဘာဘူကုလားပက လင်လိုချင်နေတုန်း ခြင်္သေ့မြင်လိုက်တော့ သဘောကျသွားပြီး သူကစပြီး ပြောသလားမှ မသိဘဲ"

"ဩော် ဟုတ်ပေလိမ့်မယ်၊ မြင်မြင်ချင်း ကြိုက်တယ်ဆိုတာ မျိုးလို၊ ခြင်္သေ့ကြီးရဲ့လည်ဆံမွေးကလေးတွေကိုပဲ ရွှေတုံးရွှေခဲတွေလို ထင်ပြီး၊ အဲဒီမိန်းမက မောင်ရယ် နှမမှာဖြင့် မောင့်ရဲ့ အမွေးတွေကို မြင်ကတည်းက"

"ဦးလေးကလည်း မဟုတ်တာ"

"ဒို့ မင်းကပဲ ပြောတယ် မဟုတ်လား၊ ဒီမိန်းမကြီးကပဲစပြီး ရည်းစားစကား ပြောတယ်ဆို"

"ဒါတော့ သူတို့နှစ်ယောက် တစ်ယောက်ယောက်တော့ ပြောမှာပေါ့"

"ဩော်၊ ဒါ မင်းပြောမှကိုး"

"နို့၊ ကျွန်တော်ပြောနေတာပဲ ဦးလေးရဲ့"

"ကဲ၊ ကဲ ပြောပါဦး ပြောပါဦး၊ သူတို့ တောထဲမှာပဲ ညားကြရောလား"

"ဟုတ်တယ်၊ ဦးလေးရဲ့ ညားပြီးတော့ အဲဒီမိန်းမကြီးလည်း ခြင်္သေ့

ဘနုသ်က မခွာဘူး။ တောထဲမှာပဲ နေရော"

"အဲဒါနဲ့ သူတို့ တောထဲမှာနေကြတော့ ခြင်္သေ့ကြီးက ဘာမှ လုပ်ကိုင် မကျွေးဘူးလား"

"ခြင်္သေ့ကြီးက ဘာအလုပ်လုပ်နိုင်မလဲ ဦးလေးရဲ့၊ တမှ မတတ်ဘဲ၊ တရေအလုပ်လည်း မလုပ်နိုင်၊ ဘာမှ မလုပ်နိုင်ဘူး၊ ဒီလိုပဲ ညားနေကြတာပေါ့"

"နို့၊ ရှင်ဘုရင်ကြီးက သူ့သမီးခိုးမှုနဲ့ ဂတ်ကို မတိုင်ဘူးလား"

"ဂတ်ကို မတိုင်တော့ဘူး၊ တစ်ခါတည်းနှင်ပစ်လိုက်လို့ တောထဲမှာပဲ နေတာပေါ့"

"အဲဒါနဲ့ ကလေးတစ်ယောက် မွေးရော"

"အင်း တယ်လည်း မြန်ပါကလား"

"နားထောင်စမ်းပါဦး ဦးလေးရဲ့၊ ဦးလေးကလည်း သိပ်ခွကျတာပဲ၊ ကျွန်တော်ပြောတာတောင် ဘယ်ရောက်သွားပြီလဲ မသိဘူး၊ ဪ၊ ဪ သိပြီ၊ အဲဒါနဲ့ သားကလေးမွေးတော့ ခြင်္သေ့ကြီးကလည်း သူ့နာမည်ပေးမယ်၊ ဘာဘုကုလားမကလည်း သူ့နာမည်ပေးမယ်နဲ့ လင်မယားရန်ဖြစ်နေကြပြီးတော့မှ နှစ်ယောက်သဘောတူ နာမည် ၂ ခုဝလုံးပါအောင် သီဟဘာဘုလို့ မှည့်လိုက်ပါရော"

"ဒီကလေးမွေးတော့ ဘာနဲ့ နို့တိုက်သလဲ၊ လက်တိုဂျင်လား၊ ဂလက်ဇိုလား"

"ဘာနဲ့ တိုက်သလဲတော့မသိဘူး၊ တော်တော်ကောင်းတဲ့နို့ ဖြစ်မှာပဲ၊ ဘာပြုလို့လဲဆိုတော့ ဒီကောင်ကလေးက သိပ်အားရှိတာပဲတဲ့"

"ဖျံသိုတိုနစ်လား"

"အဲဒါအားရှိသလား၊ ဦးလေးစားဖူးသလား"

"ငါတော့ မသိဘူး ပြောသံကြားဖူးတာပဲလေ၊ ကဲကဲ ဒါနဲ့ မေးစမ်းပါရစေဦး၊ ခြင်္သေ့ကြီးက သူ့သားကလေးမွေးတော့ ဘယ်လိုသီချင်း ဆိုပြီး ချော့သလဲ၊ လူကလေးရဲ့ တိတ်ပါဆို နို့ဖမ်းလို့ပေးလို့များ ဆိုသေးသလား"

"အဲဒါ ဆရာမ မေးကြည့်ရဦးမယ်၊ ပုံပြောတုန်းက အဲဒါကို ပြောမပြဘူး၊ ဒါပေမဲ့ ကြောင်ကြီးရဲ့မီးတံတိုနဲ့ ချော့တယ်ထင်တာပဲ၊ အဲဒါနဲ့ သီဟဘာဘုလည်း အသက်နည်းနည်းကြီးလာတော့ သူ့အဖေဟာ ဘယ်သူလဲလို့ သူ့အမေကိုမေးတော့ မပြောဘူးတဲ့။ အဲဒီတော့ သူ့သူငယ်ချင်းတွေက သူနဲ့ရန်ဖြစ်တော့ သူ့အမေနဲ့ ခြင်္သေ့ရလို့ မွေးတဲ့သားလို့ ဆဲကြတော့ သူ့အမေ

Generated by CamScanner from intsig.com

ကလည်း ပြောပြလိုက်ရောတဲ့။ ဒီလိုပြောပြလိုက်တော့ သူလည်း သိပ်ရှက်တာပေါ့။ ရှက်တာနဲ့ ဒီခြင်္သေ့ကြီးကို သတ်ပစ်မယ်ဆိုပြီး သေနတ်သွားဝယ်တာပေါ့"

"မဟုတ်ပါဘူးကွဲ့၊ လေးနဲ့ မြားနဲ့ လုပ်တာပါ"

"ဦးလေးကလည်း မသိဘဲနဲ့ ပြောနေပြန်ပါပြီ၊ လေးဆိုရင် ခြင်္သေ့မပြောနဲ့ ကျိုးကန်းတောင် သေချင်မှ သေမှာ၊ ရိုင်ဖယ်နဲ့ပစ်မှ ခြင်္သေ့ သေမှာပေါ့"

"ဒီလိုဆိုရင် ရိုင်ဖယ်မှ ဟုတ်ပါ့မလား၊ စက်သေနတ်ထင်တယ်"

"ဟုတ်မှာပေါ့၊ အဲဒါနဲ့ ညညကျမှ ခြင်္သေ့ကြီးလာတာကိုး၊ အဲဒီညနေ ခြင်္သေ့ကြီးလည်းလာရော သူ့သားက စက်သေနတ်နဲ့ ပစ်ချလိုက်ပါရော"

"နို့၊ ခြင်္သေ့ကြီးက လူမှားပါ့မယ် လူကလေးရဲ့၊ ငါ မင်းဖေဖေပါကွဲ့လို့ မပြောဘူးလား"

"ပြောပေမယ့် မရဘူး၊ ရှက်ရှက်နဲ့ သတ်ပစ်လိုက်ရော"

"အဲဒါနဲ့ ပြီးရောလား"

"မပြီးသေးဘူး ဦးလေးရဲ့၊ ခြင်္သေ့ကြီးသေပြီးတော့မှ သူ့အဖေ သတ်တဲ့အတွက် ခေါင်းကြီးကိုက်နေရောတဲ့"

"ခေါင်းကိုက်ဆေး ဝယ်မစားဘူးလား"

"စားပေမယ့် မရဘူး၊ သိပ်ပြီးကိုက်လာတော့ ဗေဒင်ဆရာတွေက၊ အဲဒါ ကိုယ့်အဖေကိုသတ်လို့ဖြစ်တာ၊ ခြင်္သေ့ကြီးအရုပ်လုပ်ပြီး ရှိခိုးရမယ်ဆိုတော့၊ ခြင်္သေ့ရုပ်ကို လူများရှေ့ရှိခိုးရမှာ ရှက်တာနဲ့ ဘုရားနားမှာ ခြင်္သေ့ရုပ်လုပ်ပြီး ရှိခိုးရော၊ အဲဒီတော့မှ ခေါင်းကိုက်ပျောက်ရော၊ အဲဒါနဲ့ ပြီးရော"

❑ ❑ ❑




တစ်နေ့တွင် လမ်းပေါ်၌ ဆူဆူညံညံဖြစ်နေကြသည့်အသံများကို ကြားရသဖြင့် ပြတင်းပေါက်မှထွက်၍ကြည့်လိုက်ရာ ကဗော်မူး၍နေသဖြင့် တွေ့ကရာရှုပ်သောင်း ဟစ်ဇော် ရေရွတ်နေသော ကုလားတစ်ယောက်အား ကလေးများ ဝိုင်းအုံနောက်ပြောင်နေသည်ကို တွေ့ရပေ၏။ ထိုကလေးများထဲတွင် ကျွန်တော်၏ မိတ်ဆွေကြီး အပါကလေးလည်း ပါဝင်နေရာ၊ အရက်မူးသမားက တစ်စုံတစ်ရာ မတော်တဆ ပြုလုပ်လိုက်မည်ကို စိုးရိမ်သောကြောင့် အပါ့အား လှမ်း၍ခေါ်လိုက်ရလေ၏။

အပါသည် အိမ်ပေါ်သို့ တက်လာပြီး "ဦးလေး ဦးလေး၊ ကုလားကြီး အရက်မူးနေတယ်" ဟု ဝမ်းသာအားရ ပြောပြလေ၏။

"အဲဒါ မင်းဘာလို့ အနားသွားကပ်သလဲ၊ မကြောက်ဘူးလား"

"အရက်မူးတာပဲ၊ ဘာပြုလို့ ကြောက်ရမှာလဲ၊ သူ့မိန်းမတောင် သူများက ခိုးယူမှာ သူကကြောက်ရသေးတာပဲ"

"အရက်သမား မယားကို ဘယ်သူက ယူဦးမှာလဲ"

"သိကြားမင်းက ယူမှာပေါ့ ဦးလေးရဲ့"

"ဟဲ့ မဟုတ်တာ၊ မင့်ကို မိုးကြိုးပစ်နေလိမ့်မယ်၊ မင်း ဘယ်သူက ပြောသလဲ"

"ဘာပြုလို့ ပစ်ရမှာလဲ ဦးလေးရဲ့၊ ပစ်စရာရှိရင် ဆရာမကို အရင်ပစ်ရမှာ၊ သူအရင်စပြီး ပြောတာပဲ"

ထိုအခါမှ ကျွန်တော်သည် ပုံကောင်းတစ်ခု ကြားရဦးတော့မည်ကို မျှော်လင့်ကာ "ဘယ်သူ့အကြောင်းလဲကွဲ့"ဟု မေးလေ၏။

"ဒီလူ့နာမည်က နေပါဦး၊ ဟိုဒင်းလေ ရေထဲက အကောင်တစ်ကောင်ရဲ့ နာမည်မျိုးပါ ပါတယ်"

"ကိုကကူရုံခြောက်လား"

"မဟုတ်ဘူး ဦးလေးရဲ့။ အိလိပ်သတဲ့၊ အဲဒီပုံ ပြောပြမယ် ကောင်းကောင်း နားထောင်နော်"

❑ ❑

"ရှေးရှေးတုန်းက၊ အဲဒါနဲ့ အဲဒီကောင်မလေးက သိပ်ချောတာပဲ။ သူ့နာမည်ကတော့ ဒွိစိတ္တတဲ့၊ ရှေးတုန်းက နာမည်တွေ ဘယ်လိုမှန်းလဲ မသိဘူးနော်။ ခင်ခင်နွဲ့တို့ ခင်လှဝင်းတို့ဆိုရင် ဘယ့်လောက်ကောင်းမလဲ။ အခုတော့ ဒွိစိတ္တတဲ့၊ ဂေါက်တေးဆိုတဲ့ နာမည်ကမှ ပိုပြီးကောင်းဦးမယ်။ ဒါနဲ့ ဒီကောင်မကလေးဟာ သိပ်လှတော့၊ အိလိပ်သဆိုတဲ့ သူဌေးသားက ကြိုက်တာပေါ့"

"ကြိုက်တော့ ရည်းစားစာ ပေးရောလား"

"ရည်းစားစာ မပေးရဘဲ အဖေကြီးက သဘောတူတာနဲ့ လက်ထပ်ပေးလိုက်တယ်။ လက်ထပ်ပေးလိုက်တော့ လင်မယားဖြစ်သွားကြတာပေါ့ ဦးလေးရဲ့"

"အံမယ် တယ်ဆန်းပါကလား။ လက်ထပ်ရင် လင်မယား ဖြစ်တယ် နော်"

"ဟုတ်တယ် ဦးလေးရဲ့။ ဒါပေမဲ့ သူဌေးသားက သိပ်အရက်သောက်တာပဲ။ ဟိုတယ်ဆိုင်တက်၊ မိန်းမတွေခေါ်၊ မော်တော်ကားနဲ့လည်၊ တစ်နေ့လုံး မူးနေတာပဲ။ သူ့အဖေကြီးကတော့ အလှူတွေလည်း လုပ်၊ အရက်လည်း

မသောက်ဘူး။ ဒါပေမဲ့ သူ့သား အရက်သောက်တာကို ပြောမရလို့ ငါ သေချင်ပါပြီဆိုပြီး သေလိုက်ရော။ သေတော့ သိကြားမင်းဖြစ်ရော ဦးလေးရဲ့။ သူ့အဖေကြီး မရှိတော့ သူ့သားဟာ သာ့ပြီးအရက်သောက်တာပေါ့။ အရက်သောက်တော့ အလှူလည်း မလုပ်ဘူး။ မူးပြီး လမ်းထဲလျှောက်ဆဲ၊ မြောင်းထဲ လှဲအိပ်၊ လုံချည်ကျွတ်၊ ခွေးဆွဲ၊ တစ်ခါတလေ အိမ်ပြန်မရောက်ဘူး။ သူ့မိန်းမကလည်း သူ့ကိုကြောက်ရတော့ အိမ်မှာ အရက်နဲ့သောက်ဖို့ အမြည်း အမြဲတမ်းချက်ပြီး ထားတယ်။ ချက်မထားလို့ရှိရင် ဆံပင်ဆွဲပြီး ကစော်ပုလင်းနဲ့ ထိပ်ပိတ်ချလိုက်တာပဲ"

"အဲဒါနဲ့ သူ့အဖေကြီး သိကြားမင်းဖြစ်တော့ ငါ့သား ဟိုတုန်းက အရက်မသောက်ပါနဲ့ပြောတာ မရဘူး။ အခု ရအောင်လုပ်မယ်။ ငါ့ ပစ္စည်းတွေ သူ အရက်သောက်ပြီး ဖြုန်းပစ်တယ်။ သူ အရက်ဝယ်ပြီး သောက်စရာမရှိအောင် သူ့များကို ငါပေးပစ်မယ်ဆိုပြီး နတ်ပြည်က ဆင်းလာရော"

"နတ်ပြည်က ဆင်းလာတော့ ခြောင်နှောင်ချပ်ချိန်း ချပ်ချိန်းနဲ့ ပေါင်ကလေးနှစ်ချောင်း မြောက်ပြီး ကလာရော့သလား"

"က တော့ မလာဘူး။ သူ့သားက ကစော်ဆိုင်သွားနေတုန်း သူ့သားနဲ့တူအောင် ရုပ်ပြောင်းရုပ်လွှဲတွေလုပ်ပြီး ဗွိစိတ္တဆီကိုသွားတော့ ဗွိစိတ္တကလည်း သူ့လင်လို့ တကယ်ပဲထင်တာပေါ့။ ဒါနဲ့ သိကြားမင်းက ငါ့ပစ္စည်းတွေ အကုန်လှူပစ်မယ်ဆိုပြီး လာသမျှလူတွေကို ပိုက်ဆံတွေ၊ ငွေတွေ၊ လှည်းတွေ အဝတ်အစား ရှိတာတွေ အကုန်ပေးပစ်တာပေါ့။ ဒီဟာတွေရတဲ့လူတွေက ဝမ်းသာအားရနဲ့ လမ်းပေါ်မှာဆွဲပြီး ယူသွားကြတော့ 'ကစော်ဆိုင်က အရက်မူးပြီး လန်ချားနဲ့ ပြန်လာတဲ့ ဣလိပ်သနဲ့တွေ့ကြတာပေါ့။

"ဣလိပ်သက သူ့ပစ္စည်းတွေမြင်တော့ 'သူခိုးတွေ၊ ငါ့အိမ်က ပစ္စည်းတွေ ဘာလုပ်ယူသွားရသလဲဆိုပြီး အတင်းလိုက်လုပေမယ့် ဘယ်သူမှ သူ့ကိုဂရုမစိုက်ဘဲ အရက်သမား၊ နင် ဘယ်ကအကောင်လဲ၊ တို့သူဌေးသားဆီက ရတာလို့ပြောပြီး ထွက်သွားကြပါရော။ ဣလိပ်သက ငါ သူဌေးသားကွ၊ ဘယ်မှာ သူဌေးသားရှိသေးလို့လဲ ပြောပေမယ့် ဘယ်သူမှ သူ့စကားကို နားမထောင်ကြဘူး"

"အဲဒါနဲ့ အိမ်ရောက်တော့ သူ့မိန်းမရယ်၊ သူနဲ့တူတဲ့ ယောကျာ်းတစ်ယောက်ရယ် တွေ့တာနဲ့ အံ့သြသွားပြီး၊ ဘိုင်ဆေး၊ ခင်ဗျား ဘယ်သူလဲလို့ မေးလိုက်တာပေါ့။ ဒီတော့ သူနဲ့တူအောင် ဖန်ဆင်းထားတဲ့ သိကြားမင်းက

ငါ သူဌေးသား အိလိပ်သလို ပြန်ပြီးပြောတော့၊ အရက်သမားက နိုး မင်း၊၊ နိုး နိုး၊ ယူ အိလိပ်သ မဟုတ်ဘူး။ အိုင်အင်(မ်) အိလိပ်သပါမင်း၊ ယူ အညာသား၊ ဘယ်ကအကောင်လဲလို့ ဆိုလိုက်တာပေါ့"

"သိကြားမင်းကလည်း ဟော့ ဓူဝက် တွမ်ပက်ကလား၊ ဘုလုံးတာလိ တားတယ်။ နင် ဘာပြုလို့ မူးပြီး ရမ်းနေတာလဲ၊ ငါ့အိမ်ပေါ်က အခုဆင်းသွား၊ ပုလိပ် တိုင်လိုက်မယ်လို့ ပြန်ပြီးပြောတာပေါ့"

"အဲဒီ အရက်သမားက ဒွိစိတ္တကို ဒီမှာ သူအိလိပ်သလား၊ ကိုယ် အိလိပ်သ လား။ မင်း ဘယ်သူ့မယားလဲ၊ မင်းလင်ဟာ သူလား၊ ငါလားလို့ မေးတော့ ဒွိစိတ္တလည်း နှစ်ယောက်စလုံး တူနေတော့ မပြောတတ်ဘူးပေါ့"

"ဒါနဲ့ အရက်သမားက ခင်ဗျား ကျုပ် မခံဘူး။ မယားနိုးမှုနဲ့ ဂတ်တိုင်မယ် ဆိုပြီးတော့ ပန်းဆိုးတန်းဂတ်ကိုသွားတိုင်တော့ ဂတ်က ဒီအမှုကို ရှင်ဘုရင့်ဆီ ပို့လိုက်ပါရော"

"ရှင်ဘုရင်လည်း စဉ်းစားပြီး မရတာနဲ့ 'ဟော့၊ မင်းတို့ မယားကို ဒီမှာ ခဏထားခဲ့အုံး၊ မင်းတို့ ခုနှစ်ရက်ကြာမှ လာဆိုပြီး' ရက်ချိန်းပေးလိုက်တယ်၊ ခုနစ်ရက်ကြာတော့ နှစ်ယောက်စလုံး ရှင်ဘုရင့်ရုံးကို ရောက်လာကြတော့ သူ့မိန်းမသေပြီး ခုတင်ပေါ်မှာ ထဘီလွှမ်းထားတာ တွေ့ကြတာကိုး။ အဲဒါ ဒီလို ဦးလေးရဲ့၊ ဒီမိန်းမဟာ တကယ်မသေဘူး။ ရှင်ဘုရင်က သူ့ကို သေဘယ် လို့ လုပ်ထားရင် တကယ်လင်ဟာ သိပ်ငိုမှာပဲ၊ လင်အခစ်မဟုတ်ရင် မငိုဘူး ဆိုပြီး ရှင်ဘုရင်က ဥာဏ်ဆင်ထားတာ ဦးလေးရဲ့"

"နို့ သေသလို လုပ်ထားတော့ ပဲဝိုင်းတွေ၊ ဘာတွေကော လုပ်ထားသေး သလား။"

"ပဲဝိုင်းနဲ့ ဘာနဲ့ပေါ့ ဦးလေးရဲ့၊ အဲဒါနဲ့ ဒွိစိတ္တသေနေတာကို တွေ့တော့ အရက်သမားက ရင်ဘတ်ကြီးထု ပါးစပ်ကြီးဖြဲပြီး၊ အမလေး ဒွိစိတ္တရဲ့၊ အစတုန်းကတော့ မင်း ငါ့ကို နောက်မယားတွေနဲ့ နေရစ်မှာ မယုံဘူးဆို၊ အခုတော့ မင်းက လင်နှစ်ယောက်ယူပြီးအားရလို့ နတ်ပြည်မှာ လင်ငယ်နေ ရအောင် သွားတာလား ခင်ခင်ဒွိရဲ့ဆိုပြီး၊ သိပ်ငိုတာပဲ။ အဲဒီတော့ ရှင်ဘုရင် က ဒီအကောင်ဟာ သူ့လင်အစစ်ပဲ၊ ဟိုအကောင်က နင်ဘာလာလုပ်တာလဲ လို့ မေးတော့မှာ သိကြားမင်းက လူယောင်ဖျောက်ပြီး သိကြားမင်းအတိုင်း ပြန်ပြီး လုပ်ပြလိုက်တာပေါ့။"

"ရုပ်ရှင်သာဆို ဒီနေရာ ကင်မရာထရစ် သိပ်ကောင်းတာပဲလို့ လက်ခုပ်

Generated by CamScanner from intsig.com

တီးကြမှာပဲ"

"ဟုတ်တယ်၊ အဲဒီတော့မှ သိကြားမင်းက ငါဟာ သူ့အဖေ တော်ဘယ်၊ သေပြီး သိကြားမင်းဖြစ်နေတယ်။ သူ့သိပ်ပြီး အရက်သောက်လို့ သူ့ကို ဆုံးမရအောင် လာတယ်လို့ပြောတာပေါ့"

"ဒီတော့ ရှင်ဘုရင်ကြီးက အရက်သမားကို 'ဟေ့ကောင် မင်း မိန်းမ သေနေပြီ။ ဘယ့်နှယ်လုပ်မလဲ၊ သူပြန်ပြီး ရှင်လာရင် မင်းအရက်ကို ဖြတ်မလား' မေးတာနဲ့၊ ဟုတ်ကဲ့၊ ကျွန်တော် သိပ်ချစ်တဲ့မယား အသက်ရှင်ရင် တော်ပြီလို့ပြောလည်းပြောရော ရှင်ဘုရင်က ကောင်မလေးကို အိပ်ရာက နိုးပေးလိုက်ရော၊ သိကြားမင်း မိုးပေါ်ပြန်လည်း ပြန်ရော။ အဲဒါနဲ့ ပြီးရော"

❑ ❑ ❑

Generated by CamScanner from intsig.com




ထိုနေ့သည်ကား ဥပုသ်နေ့ဖြစ်သဖြင့် အပါသည် ကျောင်းအားသည့် အလျောက် ကျွန်တော့်ထံသို့ ရောက်၍လာလေ၏။

"ဦးလေး အူးဗုတ် ရသလား"

"မရပါဘူးကွယ်၊ အလုပ်တွေများလွန်းလို့ ဒီနေ့ ဥပုသ်နေ့မှန်းတောင် မသိဘူး၊ မင်းတို့အိမ်က လူကြီးတွေကော ရကြသလား"

"ရတယ် ဦးလေးရဲ့"

"ဘယ်ကျောင်း သွားယူကြသလဲ"

"ကျောင်းကို မသွားဘူး၊ အိမ်မှာပဲ ယူတယ်။ ဘုန်းကြီးကျောင်း သွားတာ မကောင်းဘူး"

"ဘာပြုလို့လဲကွဲ့၊ ဘယ့်နှယ် မကောင်းရမှာတုံး"

"ဟုတ်တယ်၊ မကောင်းဘူး ဦးလေးရဲ့၊ ဘုန်းကြီးကျောင်းသွားရင် ဘုန်းကြီးက ကျွန်တော်တို့ အမေကို နောက်ပိုးမှာ"

"ဩော်၊ မင်းတို့ ဘုန်းကြီးက မကောင်းလို့လား"

Generated by CamScanner from intsig.com

"မသိဘူး၊ ဘုန်းကြီးက နောက်ပိုးတယ်လို့ ကြားဖူးတယ် ဦးလေးရဲ့"

"ဟဲ့ ဒီလို မပြောကောင်းဘူး၊ ငရဲကြီးတတ်တယ်"

"ဘုန်းကြီးတိုင်း ဒီလိုမဟုတ်ပါဘူးကွယ်၊ ဘုန်းကြီးဆိုတာ ကြည်ညို ရတယ်"

"ဦးလေး ဘာသိသလဲ၊ ရှေးတုန်းကလည်း ဘုန်းကြီးတွေနောက်ပိုး တာပဲ"

ကျွန်တော်သည် ပုံကောင်းတစ်ခု နားထောင်ရတော့မည်ဟု ဝမ်း မြောက် ဝမ်းသာစွာနှင့် "ပြောစမ်းပါအုံးကွယ်၊ ဘယ်တုန်းက ဘယ်ဘုန်းကြီး ဘယ်လို နောက်ပိုးလို့လဲ"ဟု မေးလိုက်လေ၏။

"အပါ ပြောပြမယ်၊ ဦးလေး နားထောင်နော်"ဟုဆိုပြီးလျှင် အပါသည် စမ္ပကထိက ထိုင်ဟန်မျိုးဖြင့် ကျကျနန ထိုင်လေ၏။

□ □

"ရှေးရှေးတုန်းက၊ အဲဒါ တကယ်ဖြစ်တာဦးလေးရဲ့၊ အဲဒီတုန်းက မြတ်စွာဘုရားရှိသေးတယ်။ အဲဒီတော့၊ ဘယ်တိုင်းပြည်ဆိုလား"

"အေး အဲဒီလို ရှင်းရှင်းလင်းလင်းကလေး ပြောမှာပေါ့ကွဲ့"

"လာပြီ၊ ဦးလေးက ဝင်ဝင်ရှုပ်ပြီး၊ အဲဒါနဲ့ မုဆိုးကြီးတစ်ယောက်ရှိရော၊ သူ့နာမည်က လုဒ္ဒကတဲ့၊ အဲဒီမုဆိုးဟာ သိပ်လက်တည့်တာပဲ၊ တောထဲသွားပြီး သမင်တွေကို လောက်လေးနဲ့ ပစ်ပစ်ပြီး သတ်တာပဲ"

"နေပါအုံးကွဲ့၊ လောက်လေးနဲ့ပစ်လို့ သမင်သေပါ့မလားကွ"

"ဦးလေးက မယုံဘူးလား၊ မယုံရင် ဦးလေးကို ကျွန်တော် လောက်လေး နဲ့ ပစ်ပြမယ်လေ"ဟုဆိုကာ ခါးကြားမှ လောက်လေး သားရေပတ်ကို ဖြုတ် လိုက်သည့်အတွက် "အေး အေး ယုံပါပြီ၊ မပြပါနဲ့တော့၊ မပြပါနဲ့တော့" ဟု ဇွတ်အတင်း ယုံလိုက်ရလေတော့၏။

"အဲဒါနဲ့ မုဆိုးကြီးဟာ တောထဲရောက်သွားပြီး၊ သစ်ပင်အောက်မှာ ဝပ်နေတဲ့ ဝါဝါအရောင်တစ်ခုမြင်လို့ လောက်လေးနဲ့ပစ်လိုက်တော့ သမင် မဟုတ်ဘဲ၊ ဘုန်းကြီးတစ်ယောက် အဲလေ ဘုန်းကြီးတစ်ခုကို ထိပ်ပိတ်မှန် တာပေါ့"

"ဘုန်းကြီးက ထိပ်မှန်တော့ ဒေါသဖြစ်သွားပြီး ဘယ်ကောင်လဲ၊ ငါ့ကို လေးနဲ့ပစ်တာလို့ အော်လိုက်တော့ မုဆိုးကြီးလည်း ဘုန်းကြီးကို မှားပစ်မိတာ

Generated by CamScanner from intsig.com

သိပြီး 'အရှင်ဘုရားရယ်၊ ကျွန်တော် ခင်ဗျားကို သမင်မှတ်လို့ပစ်မိပါတယ်၊ စိတ်မဆိုးပါနဲ့'လို့ တောင်းပန်တာပေါ့။ ဒါပေမဲ့ ဘုန်းကြီးက 'ဟော့၊ မင်းက စိတ်မဆိုးနဲ့ပြောပေမယ့် သိပ်နာတာပဲကွ'လို့ ပြောတော့ မုဆိုးကြီးက ကျွန်တော် ခင်ဗျားဆီ နေ့တိုင်းဆွမ်းပို့ပါမယ်၊ ကျေပါတော့လို့ပြောမှ ဘုန်းကြီးလည်း စိတ် ကျေနပ်လိုက်ရတာပေါ့"

"မုဆိုးကြီးလည်း အိမ်ပြန်သွားပြီး သူ့မိန်းမကို ဘုန်းကြီးဆီ ဆွမ်းပို့ဖို့ ပြောပြတာပေါ့၊ သူ့မိန်းမက 'ကျုပ် အမဲသားလည်ပြီး ရောင်းရဦးမယ်၊ မအားဘူး။ ရှင့်သမီး ခိုင်း ဆိုတာနဲ့ မုဆိုးကြီးလည်း သူ့သမီးကို ဆွမ်းပို့ခိုင်းလိုက်ရော"

"မုဆိုးကြီးသမီးက သူ့နာမည် ဆာဝါတဲ့၊ အမဲသားသည်သမီးပေမယ့် သိပ်ချောတာပဲတဲ့၊ အဲဒါနဲ့ ဆာဝါက ဘုန်းကြီးကျောင်းကို ဆွမ်းသွားပို့ရော၊ ဘုန်းကြီးလည်း ဆာဝါကိုမြင်တော့ သိပ်ကြိုက်သွားတာပေါ့"

"ဘုန်းကြီးက ကြိုက်တော့ ရည်းစားတပေးရောလား"

"[redacted]ပေါ့"

"လူပျိုစကားဆိုတာ ဘု[redacted]ကြီးမပြောရဘူး၊ ဘုန်းကြီးဆိုတာ လူပျိုမှ မဟုတ်ဘဲ၊ ဘုန်းကြီးပြောရင် ဘုန်းကြီးစကားပေါ့"

"ဘုန်းကြီး စကားတော့ ဘုန်းကြီးစကားပဲ၊ ဒါပေမဲ့ နောက်ပိုးတဲ့ စကား ဦးလေးရဲ့"

"ကဲ ကဲ ဆိုစမ်းပါအုံး၊ ဘုန်းကြီးက ဘယ်လိုပြောသလဲ"

"ဘုန်းကြီးက အိုင် လပ်(ဖ)ယူ ဘဲဒီးပတ်လို့ ပြောတာပေါ့"

"အမယ်၊ ဘုန်းကြီးက အင်္ဂလိပ်စာတတ်သလား"

"တတ်တာပေါ့ ဦးလေးရဲ့၊ ဘုန်းကြီးတွေ အင်္ဂလိပ်လိုသိပ်ပြောတာ၊ ဒီဘုန်းကြီးဟာ ဘဂဝါဟိုက်ခကူးက ထွက်တာဦးလေးရဲ့"

"ဒါဖြင့်၊ ရွှေမျက်မှန်နဲ့ ငါးကရက်နဲ့၊ လက်နှိပ်ခတ်မီး ကိုင်မှာပေါ့"

"ကိုင်ချင် ကိုင်မှာပဲ၊ ဆရာမပြောပြတုန်းက ဒါတွေ မပါဘူး"

"နို့ ဘုန်းကြီးက အိုင်လပ်(ဖ်)ယူလို့ ပြောတော့ ဆာဝါက ဘာပြော သလဲ"

"နိုးမင်၊ အိုင်ဘဲဒီးရှိန်းလို့ ပြောတာပေါ့"

"အဓိပ္ပာယ်က ဘာတဲ့လဲကွဲ့"

"ကျွန်မ သိပ်ရှက်တယ်လို့ ပြောတာပေါ့ ဦးလေးရဲ့၊ ဦးလေးကလည်း အင်္ဂလိပ်စကား နားမလည်ဘူးလား၊ အဲဒါနဲ့ ဘုန်းကြီးက ငါ ပါးဝပ်နဲ့ပြောလို့

Generated by CamScanner from intsig.com

တော့ မဖြစ်ဘူးဆိုပြီး လက်ကိုဆွဲပါရော"

"ဆွဲတော့ မအော်ဘူးလား"

"ကျယ်ကျယ်ကြီးတော့ မအော်ဘူး၊ လွှတ်နော်၊ လွှတ်ရှင့်၊ အော်လိုက်လိမ့်မယ်လို့သာဆိုတယ်၊ တကယ်တော့ မအော်ပါဘူး"

"ဒါနဲ့ ဘုန်းကြီးက လွှတ်ရောလား"

"မလွှတ်ဘူး၊ အတင်းဆွဲထားတော့ ဆာဝါက၊ ဟဲ့ မလွှတ်ရင် ဂါတ်တိုင်မယ်ဆိုတော့မှ လွှတ်လိုက်တယ်။ ဒါနဲ့ ဆာဝါပြန်သွားတော့ ဘုန်းကြီးလည်း ဒိန်းဒလိန်းနတ် ပူးနေတာပေါ့"

"ဒိန်းဒလိန်းနတ်ဆိုတာ ကော်ရင်ဂျီနတ်လား'

"မသိဘူး၊ ဒိန်းဒလိန်းနတ်လို့ ဆရာမက ပြောတာပဲ။ ဒိန်းဒလိန်းနတ်ဆိုတာ ကော်ရင်ဂျီနဲ့ တူတာပဲ"

"ဒါဖြင့် ဒီနတ်ဟာ လန်ကွတ်တီကလေးနဲ့ပေါ့"

"ဦးလေးကလည်း နားထောင်နေပါဆို ဝင်ဝင်ပြောတာပဲ။ အဲဒါနဲ့ ဆာဝါလည်း ငိုပြီးအိမ်ပြန်သွားတော့ သူ့အဖေနဲ့ အမေကမေးတော့ ဘုန်းကြီးလက်ဆွဲလို့ ဆိုတာ သိကုန်တာပေါ့၊ သိကုန်တော့ ဆာဝါရဲ့အမေက မခံဘူး၊ ဘုန်းကြီးကို ကျောင်းပေါ်ကဆွဲချပြီး ဖိနပ်နဲ့ရိုက်မယ်၊ ငါ အမဲသားသည်ဟဲ့၊ ဘုန်းကြီးကို အရေဆုတ်ပစ်လိုက်မယ်လို့ ဆိုတာပေါ့၊ ဒီတော့မှ မုဆိုးကြီးက ငါ့ ဘုန်းကြီးကို ဒီလိုမလုပ်ကြပါနဲ့ဟယ်၊ ငါ သွားပြောပါ့မယ်ဆိုပြီး ဘုန်းကြီးကျောင်း လိုက်သွားတော့၊ ဘုန်းကြီးဟာ ဆာဝါကို ကြိုက်လွန်းလို့ အရူးထနေတာ တွေ့ရတာကိုး"

"အရူးထနေတာ တွေ့ရတော့ တံတားကလေးပို့လိုက်ရောလား"

"မပို့ဘူး၊ မုဆိုးကြီးက ခင်ဗျား ကျုပ်သမီးကိုကြိုက်ရင် လူထွက်၊ ကျုပ်ပေးစားမယ်ဆိုပြီး လူထွက်ခိုင်းတော့ ဘုန်းကြီးလည်း လုံချည်လဲစရာ မရှိတာနဲ့ မုဆိုးကြီးလုံချည်ကို နှစ်ယောက်ဝတ်လာကြရတာပေါ့"

"လုံချည်တစ်ထည်တည်းကို ဟိုကဆွဲ ဒီကဆွဲနဲ့၊ လမ်းမှာ ခွေးတစီစီနေမှာပဲ"

"မသိဘူး၊ ဦးလေးရဲ့ အိမ်ရောက်တော့မှ အကျႌလုံချည် ဝယ်ပေးရတာပဲ"

"ဘုန်းကြီး လူထွက်ဆိုတော့၊ ကတုံးနဲ့ ဘီအေပေါင်းနဲ့၊ မျက်မှန်နဲ့၊ တုတ်ကောက်နဲ့၊ ဘွတ်ဖိနပ်နဲ့ ဖြစ်နေမှာပဲ ထင်ပါရဲ့"

"ဟုတ်မှာပေါ့ ဦးလေးရဲ့၊ အဲဒါနဲ့ ဥပကနဲ့ ဆာဝါ လက်ထပ်လိုက်


Generated by CamScanner from intsig.com

ကြရော၊ လက်ထပ်လိုက်တော့ ဦးပကမှာ အလုပ်အကိုင်လည်းမရှိ ဘာမှမရှိ တော့ ငါ အလကား အအားနေရင် ငါ့ယောက်ျားက စိတ်ဆိုးမယ်ဆိုပြီး ကလေး တစ်ယောက် မွေးပေးလိုက်ရရော"

"ကလေးမွေးပေးတော့၊ မဘောဝါက မရှိပဲ ဦးပကချီခိုင်းတော့ ဘုန်းကြီး လူထွက်ကြီးက ဆွမ်းခံတဲ့အခါ သပိတ်ကို လက်တစ်ဖက်နဲ့ပိုက်ပြီး မြှောက်ထား တဲ့ အကျင့်ကပါနေလို့ ကလေးကိုလည်း လက်တစ်ဖက်နဲ့ မြှောက်ပိုက်ထားတော့ လက်ထဲက လွတ်ကျတာပေါ့၊ အဲဒါနဲ့ မဘောဝါက စိတ်ဆိုးပြီး 'ပု' အကောင်ကြီး ကလေးတော့ မွေးအောင်လုပ်တတ်တယ်၊ ချီတော့ မချီတတ်ဘူးလားဆိုပြီး ခေါင်းကနဲမြည်အောင် ကတုံးပြောင်ကလေး ပေါ်ကို စိတ်ခေါက်လိုက်တာပေါ့"

"ဦးပကလည်း သိပ်နာသွားပြီး၊ သူ့အမေကလည်း ငါ့ကို ငယ်ထိပ် လောက်လေးနဲ့ပစ်တယ်၊ သူကလည်း ထိပ်ခေါက်ပြန်ပြီ ကြာကြာနေရင် သူ့ အမေကြီးပါ ငယ်ထိပ်ခုံမိနပ်နဲ့ နှလိမ့်မယ်၊ တောတောကနေပြေးမှပဲဆိုပြီး ဘုန်းကြီး ကျောင်း ပြန်ပြေးရော၊ အဲဒါနဲ့ ပြီးရော"

❑ ❑ ❑



ကျွန်တော်သည် နေ့တကုတ်ကုတ် ညတကုတ်ကုတ် စာရေးခြင်း အလုပ်ဖြင့် မအားမလပ်နိုင်အောင်ရှိကာ အညောင်းထိုင်ရလွန်း အားကြီးသည့် အတွက် လူမှာ အားအင်နည်းပါး မကျန်းမမာသကဲ့သို့ဖြစ်နေလေရာ ဆရာဝန်က ကိုယ်လက်လှုပ်ရှား ကစားရမည်ဟု ညွှန်ကြားသည့်အတိုင်း ကြိုးခုန်ခြင်း၊ သစ်သားလုံးလှည့်ခြင်း၊ အလေးမခြင်း စသည်တို့ကို ညနေ အားလပ်သည့် အချိန်တိုင်း၊ ပိနစ် အနည်းငယ်ခန့်မျှ လေ့ကျင့်ခြင်းပြုလုပ်လာခဲ့ရာ တစ်နေ့တွင် ကျွန်တော်လှုပ်ရှား ကစားနေစဉ်က် မိတ်ဆွေကြီး အပါကလေး ရောက်လာလေ၏။

"ဦးလေး ဦးလေး၊ ဦးလေးက အိုလံပစ်ပြိုင်ပွဲမှာ ဝင်မလို့ အားစမ်းနေတာလား"

"မဟုတ်ပါဘူးကွယ်၊ ကျန်းမာအောင် လုပ်တာပါ"

"ဒါပေမဲ့ ဦးလေး၊ အဲဒါတွေမလုပ်နဲ့၊ ဦးလေး မကြောက်ဘူးလား"

"ဘာကို ကြောက်စရာရှိလို့လဲကွယ်"

"ရှင်ဘုရင်က သတ်ပစ်လိမ့်မယ်၊ ရှင်ဘုရင်တွေဟာ အားရှိတဲ့ လူတွေကို သတ်သတ်ပစ်တာ၊ ဇော်ဝိတ်ကြီးကိုလည်း သတ်ပစ်မလို့ ဇော်ဝိတ်ကြီး ပြီးရင် ဦးလေး အသတ်ခံနေရလိမ့်မယ်"

"ဘယ်သူတွေ အသတ်ခံရဖူးလို့ ဒီလို ပြောနေတာလဲ"

"အခုမှ သတ်တာ မဟုတ်ဘူး၊ ရှေးကတည်းက သတ်နေတာ၊ ဆရာမက ပြောပြတယ်၊ ဦးလေးငယ်ငယ်တုန်းက သတင်းစာထဲမှာ မတွေ့လိုက်ဘူးလား၊ ဘဲရောင်းစားတဲ့ မောင်တင့်တယ်ဆိုတာ ရှင်ဘုရင် သတ်ပစ်လိုက်တာပေါ့"

"ဘဲရောင်းစားတဲ့ မောင်တင့်တယ် မဟုတ်ပါဘူး၊ ပန်းပဲ မောင်တင့်တယ် ပါ။ ဘဲရောင်းတာ ကိုလောဝံပဲကွဲ့"

"ဦးလေးက ဘာသိသလဲ၊ ဦးလေး သတင်းစားထဲမှာ ဖတ်ရလို့လား"

ကျွန်တော့်မှာ ငြင်းနေလျှင် အပါဒါပုံကို နားထောင်ရမည် မဟုတ်တော့သည်ကို စဉ်းစားမိသဖြင့် "ကဲကွယ်၊ ဦးလေးငယ်ငယ်တုန်းက စာမတတ်သေးလို့ သတင်းစာ မဖတ်နိုင်ဘူးတဲ့၊ မင်းသိတာ ပြောစမ်းပါဦး"ဟု ပြောလိုက်ရလေ၏။

❑ ❑

"ရှေးရှေးတုန်းက အဲဒါနဲ့ သူ့အဖေကြီး ဦးတင့်တော်တဲ့၊ အဲဒါက တကယ်ဖြစ်တာ ပုံမဟုတ်ဘူး၊ တကယ်ဆိုပေမယ့် အဲဒါရာဇဝင် ဦးလေးရဲ့၊ ရာဇဝင်ဆိုတာ ရှင်ဘုရင်တွေ၊ နန်းတော်ထဲကလူတွေ အလုပ်မရှိတော့ မဂ္ဂဇင်း တိုက်တွေကို သွင်းဖို့ရေးတဲ့ဝတ္ထုတွေကို ရာဇဝင်လို့ခေါ်တာပဲ"

"အဲဒါနဲ့ သူ့သားက မောင်တင့်တယ်တဲ့၊ သူတို့က ဘဲကလေးတွေကို ဓာတ်နဲ့ဖောက်ပြီး ရောင်းစားကြတယ်၊ အားတဲ့အချိန်ကျရင် မောင်တင့်တယ်က အလေး မ တယ်၊ ရှေးတုန်းက အိုလံပစ်ပြိုင်ပွဲဝင်ဖို့ မြန်မာပြည်က သိပ်ကြိုးစား တာပဲ၊ ကျန်စစ်သားဆိုတာ ကျွန်တော်အရင် ပြောဖူးတယ်မဟုတ်လား၊ သူ ကတော့ ဝါးလုံးထောက်ပြီး ခုန်တဲ့ဘက်က အတော်ဆုံးပဲ၊ ဇနက္ကဆိုတာ ရေကူး ပြိုင်ပွဲမှာ သူ့ခံချိန်ကို ကနေ့ထက်ထိ ဘယ်သူမှ မမီသေးဘူး"

"အဲဒါ သူတို့နေတာ ပုဂံရောင်းတဲ့တိုင်းပြည်မှာ ဦးလေးရဲ့၊ အဲဒီပြည် က ရှင်ဘုရင်ကို ဝန်ကြီးတွေက မြှောက်ပေးကြတယ်၊ မောင်တင့်တယ်ဆိုတာ အလေးမတာမှာ သိပ်တော်တယ်။ ဆင်းရဲတဲ့လူကတောင် ဒါလောက်တော်တာ၊

Generated by CamScanner from intsig.com

ခင်ဗျားက ရှင်ဘုရင်ပဲ သူ့ထက်ပိုပြီး တော်ဖို့ကောင်းတယ်၊ ခင်ဗျားလည်း အိုလ်ပစ်ဝင်ရအောင် ကြိုးစားပါလားဆိုတာနဲ့ ရှင်ဘုရင်က လူပေါ်ဆိုတော့ မြှောက်ပေးတဲ့အတိုင်း လုပ်တာပေါ့၊ ဒါပေမဲ့ ဘာရမလဲ၊ မောင်တင့်တယ်ကို မပီနိုင်တော့ ရှင်ဘုရင်ကရှက်ပြီး သူ့ကိုသတ်ပစ်ဖို့ ကြံတာပေါ့ ဦးလေးရဲ့၊ အဲဒါနဲ့ ရှင်ဘုရင်က ငါ ဘယ်လို သတ်ရပါ့မလဲလို့ စဉ်းစားလိုက်တော့ အကြံ တစ်ခု ရလာရော"

"ဒါနဲ့ ဝန်ကြီးတွေခေါ်ပြီး၊ ဟောကောင်တွေ၊ မောင်တင့်တယ်ဆိုတဲ့ အကောင် အိမ်မှာ မွေးထားတဲ့ ဘဲတွေဟာ ဂတ်ဂတ် ဂတ်ဂတ်နဲ့ သိပ်နားငြီး တာပဲ၊ ငါ အရှင်ကိုယ်တော်မြတ် ကောင်းကောင်းမအိပ်ရဘူး၊ တယ် အအိပ် ပျက်တာပဲ၊ ဒါကြောင့် ဒီအကောင်ကို ရပ်ရွာအနှောင့်အယှက် ဆူဆူညံညံဖြစ် အောင် လုပ်မှုနဲ့ ဖမ်းပြီး သတ်ပစ်လိုက်ကြစမ်းကွာလို့ ဆိုတာကိုး"

"ရှေးတုန်းက လူတစ်ယောက်မှာ အပြစ်ရှိရင် တစ်ဆွေလုံး တစ်မျိုးလုံး သတ်ပစ်တာပဲ၊ ရှင်ဘုရင်တွေဟာ လူကြောက်တွေ ဦးလေးရဲ့၊ လမ်းသွားရရင် တစ်ယောက်တည်း မသွားရဲဘူး၊ ဝန်ကြီးတွေ သက်တော်စောင့်တွေနဲ့မှ သွားရဲ တယ်၊ လူတစ်ယောက်ကို သတ်ပစ်ရင်လည်း ကျန်ရစ်တဲ့ သူ့ဆွေမျိုးတွေက ချောင်းပြီး သတ်မှာစိုးလို့ တစ်ခါတည်း အကုန်သတ်ပစ်ခိုင်းတာပဲ"

"အဲဒါနဲ့၊ မောင်တင့်တယ်က သူတို့ကို သတ်တော့မယ်ဆိုတာ ရေဒီယို က သတင်းကြားတာနဲ့၊ သူ့နှမကလေးတွေ ပခုံးပေါ်ထမ်းပြီး လျှောက်ပြေး တာပေါ့၊ ဝန်ကြီးတွေကလိုက်၊ သူတို့က ပြေးနဲ့၊ ရုပ်ရှင်ဆိုရင် နောင်ဂျိမ် နောင်ဂျိမ် ဖြစ်နေမှာပဲ။ ဒါပေမဲ့ မောင်တင့်တယ်က ငါးဖာလုံကို တစ်မိနစ် ၆ စက္ကန့်နဲ့ အလျားပေါင်း အများကြီးဖြတ်ပြီး၊ ရေချိန်အကောင်းဆုံးနဲ့ ပြေး နိုင်တော့ ဝန်ကြီးတွေ လိုက်လို့မမီဘူးပေါ့၊ တောထဲရောက်တော့ ပခုံးပေါ်က အေးအေးထိုင်လိုက်ပါလာတဲ့ နှမတစ်ယောက်က မောတယ်ဆိုလို့ ရေရှာသွားရ ပြန်တာပေါ့၊ ပြေးရတဲ့လူက မမောရဘူး၊ မိန်းမများ သိပ်ခွကျတာ။ ဒါနဲ့ မောင်တင့်တယ် ရေခပ်သွားနေတုန်း နှမတစ်ယောက်က အရေးထဲ လှချင် လိုက်သေးတယ်၊ တောထဲလျှောက်ပြီး ပန်းတွေခူးနေတာ၊ မျက်စေ့လည်သွားပြီး ရှင်ဘုရင်တစ်ယောက်နဲ့တွေ့တာနဲ့ ရှင်ဘုရင်က အချောင်ထုတ်သွားပါရော၊ ကျန်တဲ့ နှမတစ်ယောက်ကိုလည်း ဝန်ကြီးတွေမိပြီး နန်းတော် ခေါ်သွားပါရော၊ မောင်တင့်တယ်ပြန်လာတော့ တစ်ယောက်မှမတွေ့တာနဲ့ ဒီနေရာမှာ လွမ်း ခန်းပေါ့ ဦးလေးရဲ့"

Generated by CamScanner from intsig.com

"ဒါနဲ့ နန်းတော်ထဲရောက်သွားတဲ့ နှမကို ရှင်ဘုရင်က မှောကောင်တွေ ဒီငတိမကို မသတ်ပစ်ကြနဲ့၊ ငါ ကိုယ်တော် ယူတော်မူပြီး မိဖုရားလုပ်ထားမယ် နောက်ကျမှ သူ့မောင်ကို အိမ်ရှေ့မှာ ဒရဝမ်ရာထူးကိုပေးမယ်လို့ ညာခေါ်ပြီး သတ်ပစ်မယ်လို့ ပြောတာပေါ့"

"အဲဒါနဲ့ သူ့နှမ မိဖုရားဖြစ်တော့ ရှင်ဘုရင်က ကဲ ငါအရင်တုန်းက ဆိုးတာတွေ ဘယ်လိုမှ မအောက်မေ့ပါနဲ့ မိန်းမရယ်၊ ငါ့အပြစ်တွေကျေအောင် မင်း မောင်ကို နန်းတော်ကြီးမှာ အိမ်ရှေ့ဒရဝမ်အလုပ် ပေးမယ်လို့ ချော့တော့ သူ့နှမကလည်း တကယ်ယုံပြီး သူ့မောင်ကို သံကြီးရိုက်ခေါ်လိုက်တာပေါ့"

"သူ့မောင်လည်း နန်းတော်ရောက်လာရော၊ တစ်ခါတည်း ဖမ်း၊ စံကားဝါပင်ကြီးနဲ့တုပ်ပြီး မီးဖုတ်ပြီးသတ်ပစ်လိုက်ပါရောဗျာ၊ အဲဒါ သူ့နှမက သိတော့ ငါ့ကြောင့် ငါ့မောင်သေရတယ်ဆိုပြီး၊ မီးပုံထဲခုန်ဆင်းလိုက်ရော၊ နှစ်ယောက်စလုံး မာလကချာန်ကြွသွားရော၊ အဲဒါနဲ့ ပြီးရော"

□ □ □



တစ်နေ့သ၌ ကျွန်တော်သည် သတင်းစာဖတ်နေစဉ်၊ အပါ အနားသို့ လာရောက်ကြည့်ရှုပြီးနောက် "ဦးလေး ဦးလေး၊ သတင်းစာထဲမှာ သမင်က လူကိုမွေးတာ မပါဘူးလား"ဟု မေးလေ၏။

"ဟ ကြံကြံဖန်ဖန်ကွာ၊ တိရစ္ဆာန်က လူကို မွေးပါ့မလား"

"မွေးတယ် ဦးလေးရဲ့"

"မင်း ဘယ်ကကြားခဲ့လို့တုံး၊ အလကား နောက်ပြောတာ ဖြစ်ပါလိမ့်မယ်"

"မနောက်ဘူး၊ အတည်ပြောတာ၊ ဆရာမက ပြောတယ်"

"ငါဖြင့် နေ့တိုင်း သတင်းစာဖတ်တာပဲ၊ ဒီသတင်း မတွေ့ရပါဘူး၊ အင်္ဂလိပ်သတင်းစာတွေ၊ နိုင်ငံခြားသတင်းစာတွေထဲလည်း မတွေ့ဘူး"

"မတွေ့ပေမယ့် မွေးတယ် ဦးလေးရဲ့၊ ရှေးတုန်းက မွေးတာ"

"ရှေးတုန်းကဟာကို ဒီနေ့ သတင်းစာက ထည့်ပါ့မလားကွာ၊ ရှေးကလည်း မွေးမယ်မဟုတ်ပါဘူး"

Generated by CamScanner from intsig.com

"မွေးလို့တောင် ဟိုဘက်နှစ်ဘုတာ လွန်သေးတယ်၊ သမင်က လူမွေးပြီး၊ ကောင်မကလေး မွေးလို့၊ ကြီးတော့ လင်ရပြီး သူ့သားတွေ ရှင်ဘုရင်တောင် ဖြစ်သေးတယ်"

"အမယ်၊ တယ်ဆန်းပါကလေးဟော့။ ဦးလေး မကြားဖူးတာတောင် မင်းက သိသကိုး၊ ကဲ ပြောခမ်းပါဦးကွယ်၊ နားထောင်ပါရစေ"

"ဦးလေး မကြားဖူးဘူးဆိုပြီး ကျွန်တော်ပြောတဲ့အခါ ဝင်ပြီးတော့ လုတာတ် မလုပ်နဲ့နော်၊ နားထောင်"

❑ ❑

"ရှေးတုန်းက၊ အဲဒါ တကောင်းပြည်ကာခတယ် ဦးလေးရဲ့၊ တကောင်း ပြည်ဆိုတာ ကျွန်တော်ပြောပြနေတဲ့ ရေတခေါင်းလုပ်တဲ့ပြည်ပေါ့ ဦးလေးရဲ့၊ အဲဒီက ရှင်ဘုရင်ရဲ့ညီဟာ ညည လျှောက်လည်လွန်းလို့၊ ပြန်လာတဲ့အခါ တံခါးပိတ်ပိတ်ထားတာ တွေ့ရပြီး၊ အိပ်ရေ့ပြင်မှာချည့် အိပ်ရလို့ အိပ်ရေ့ မင်းသားလို့ သူငယ်ချင်းတွေက ဝိုင်းပြီးအနောက်ခံရတဲ့ မင်းသားတစ်ယောက် ရှိရော၊ အဲဒီမင်းသားက ဝက်သားသိပ်ကြိုက်တာပဲ၊ အဲဒီမင်းသားဆီ ကမဟာရွာ က တရုတ်တွေက၊ အမြဲဝက်သားဖိုးမိုးပြီး ရောင်းကြတယ်။ တစ်နေ့တော့၊ တရုတ်တွေဟာ လမ်းမှာ ဝက်သားအင်ဝပိတ်တော်နဲ့ တွေ့ပြီး၊ ဖမ်းသွားလို့ မင်းသားလည်း ဝက်သားမစားရတာနဲ့၊ သူကိုယ်တိုင် တောထဲသွားပြီး ဝက် တစ်ကောင်လိုက်ပြီး ဖမ်းပါရော"

"ဝက်ကလည်း ဒီမင်းသားကိုယ်က၊ ဝက်သားနံ့တွက်နေတာကို အနံ့ရ တာနဲ့ တစ်ပြိုင်နက်၊ ငါတော့ နတ်ရွာစံတော့မှာပဲဆိုတာ သိပြီး၊ ကြောက်အား လန့်အားနဲ့ ထွက်ပြေးတော့တာပဲ၊ မင်းသားလည်း ဝက်ကိုမြင်ပြီးမှ မစားရဘဲ မနေနိုင်တာနဲ့၊ အတင်းနောက်ကလိုက်တာ တကောင်းပြည်ကနေပြီး ပြည်မြို့ ကို ရောက်တော့တာပဲ။ ဒီမင်းသားဟာ သိပ်ပြေးနိုင်တာပဲနော်၊ အဝေးကြီး ပြေးလာရတာတောင် မမောဘူး။ လန်ချားကုလားသေလို့ ဝင်စားတာပဲ ထင်တယ်၊ အခုခေန ဒီမင်းသားရှိလို့ အိုလံပစ်အပြေးပြိုင်ပွဲမှာ ခရီးအရှည်ကြီး ပြေးပွဲသဲ ဝင်ပြေးလိုက်ရင် မြန်မာပြည်ဟာ သိပ်နာမည်ကြီးသွားမှာပဲ"

"ကိုင်းပါ၊ မင်းပုံကို ဆက်ပြောခမ်းပါ၊ အာဘော်တွေ ထုတ်မနေခမ်း ပါနဲ့ဦး"

"အဲဒါနဲ့ ဖြည်ဖြိုကျတော့ မင်းသားလည်း ဝက်ကြီးကိုပစ်ပြီး လှံနဲ့ ထိုးသတ်လိုက်ပြီးတော့ ဝက်သားဆိုပြန်ဟင်းချည့် ချက်စားလိုက်တာ ဝက်ဆီ ရင်ပြီး လမ်းတောင် မလျှောက်နိုင်တော့ဘူး၊ ငါလာတုန်းကတော့ လာနိုင် တယ်။ အပြန်တော့ ဗိုက်လေးနေလို့ မပြန်နိုင်တော့ဘူး၊ ဒီမှာပဲ ရသေ့လုပ်ပြီး အချောင် ဆန်ခံစားတော့မယ်ဆိုပြီး၊ ရသေ့လို ဝတ်နေလိုက်ပါရော"

"ဒီရသေ့ဟာ သိပ်ညစ်ပတ်တယ် ဦးလေးရဲ့ ရှူးရှူးပေါက်တာ၊ အိပ်သော့ ကို ရောက်အောင်မသွားဘူး၊ လမ်းဘေးမှာပဲ ငေါ့ပန်းလိုက်တာပဲ"

"မဟုတ်ပါဘူးကွာ၊ မင်းကို ဘယ်သူက ပြောသလဲ"

"လမ်းဘေး ငေါ့ပန်းလို့ သမင်မက သောက်မိတာပေါ့။ အိမ်သာထဲ သွားပြီး ရှူးရှူးပေါက်ရင် သမင်မက သောက်လို့ရပါ့မလား။ သမင်မလည်း ရသေ့ကြီး ရှူးရှူးသောက်မိတာနဲ့ ဗိုက်ကြီးပါရော။ အခုခေတ်အခါ ဒီလိုသမင်မ ဗိုက်ကြီးတယ်ဆိုရင်၊ ဒီရသေ့ဟာ သမင်မနဲ့ ညစ်ပတ်တယ်ဆိုပြီး အရုပ်ထိုက် ဝိုင်းပြီး ခဲနဲ့ပေါက်ထုတ်ကြမှာပဲ။ ရှေးတုန်းကမို့လို့ ကံကောင်းသွားတယ်။ အဲဒါနဲ့ သမင်မလည်း ဆယ်လစေ့တော့၊ ကောင်မကလေးတစ်ယောက် မွေးနေ ပြင်တာပေါ့။ သမင်မလည်း ဗိုက်ရှိတုန်းက လင်မရှိတဲ့ ဗိုက်ရှိတာမို့ တောစပ် နားထဲမှာ မနေဘဲ ကလေးလည်းမွေးပြီးရော၊ သူ့ကိုယ်သူ အပျိုကလေးလုပ်ပြီး၊ ကလေးကို စွန့်ပစ်ခဲ့ပြီး တောနက်ထဲက သူ့ဆွေမျိုးသမင်တွေဆီ ပြန်သွား တာပေါ့"

"ဒါနဲ့ ရသေ့ကြီးက ကောင်မလေးကို မွေးထားရပြီး၊ ကောင်မကလေး အပျိုဖြစ်လာတော့ ရသေ့ကြီးလည်း သူ့စိတ်ကို သူ မနိုင်မှာစိုးတာနဲ့ တစ်နေ့လုံး မြစ်ထဲသွားပြီး ရေခပ်ခိုင်းထားရော"

"အဲဒါနဲ့ ပြီးရောလား"

"မပြီးသေးဘူး ဦးလေးရဲ့၊ ဒီပုံက ရေတကောင်းပြည်ကို ပြန်ပြီး စပြန် ရော၊ ဘယ်လိုလဲဆိုတော့၊ အဲဒီပြည်က ရှင်ဘုရင်ကြီးဟာ သိပ်ပြီး မိန်းမပွေ တာပဲ"

"အပါနရဲ မင်းဟာတွေတော့ မဟုတ်ဘူးထင်တယ်"

"ဟုတ်တာပေါ့"

"ရာဇဝင်ထဲမှာ ဒီအတိုင်းပဲပါရဲ့လားကွာ"

"မပါပေမဲ့ ရောဂါရလို့ သူကမွေးတဲ့ ကလေးတွေဟာ မျက်စိကန်း

ကလေးတွေ မွေးတာမဟုတ်လား။ ကျွန်တော်တို့ ကျောင်းကို တစ်နေ့တုန်းက ဆရာဝန်တစ်ယောက်လာပြီး၊ ကာလသားရောဂါနဲ့ ကျန်းမာရေးအကြောင်း ပြောတုန်းက အဲဒီလိုပဲ ပြောတယ်။ ရောဂါရတဲ့လူတွေရဲ့ ကလေးတွေဟာ ရောဂါ ပါလာတတ်တယ်တဲ့။ ဦးလေး ငြင်းချင်သေးလား"

"မငြင်းရဲပါဘူး မောင်ရယ်၊ မင်းပုံကိုသာ ဆက်ပါဦး"

"ရှင်ဘုရင်ကလည်း သူ့မိန်းမဆီသွားချင်တဲ့အခါမှ သွားသလား မသိဘူး၊ အကန်းကလေးနှစ်ယောက် မွေးလို့ ရှင်ဘုရင်က ရှက်ပြီးသတ်ပစ်မှာစိုးလို့ ဝှက်ထားတာတောင် မသိဘူး၊ အကန်းတွေ ကြီးလာတော့မှ သိတယ်။ အဲဒီလို သိတော့ ဒီကောင်တွေ ရှိနေရင်၊ ငါရောဂါရှိတာ လူသိကုန်တော့မယ်။ သတ်ပစ် နိုင်းတော့၊ မိဖုရားကြီးက သူ့သားသမီးကို မသတ်ရက်တာနဲ့ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းကို ရောက်အောင်သွားကြဆိုပြီး ဖောင်ပေါ်တင်ပြီး လွှတ်လိုက်တာပေါ့။ လမ်းမှာ စားဖို့ထမင်းတွေလည်း မသိုးအောင်လုပ်ပြီး ပေးလိုက်တယ်"

"အဲဒါနဲ့ ဖောင်ကြီးမျောလာတော့၊ လမ်းမှာ သစ်ပင်တစ်ပင်နဲ့ ဖောင်ငြိပြီး ဘီလူးမတစ်ပါးက သစ်ပင်ပေါ်ကနေပြီး ဖောင်ပေါ်ကူးလာပြီးတော့ သူတို့ ထမင်းစားတဲ့အခါတိုင်း နှိုက်နှိုက်စားပါရော။ ခါတိုင်းတော့ ထမင်းတစ်ထုပ်ဆိုရင် နှစ်ယောက်ဝတယ်။ ဘီလူးမဝင် စားကတည်းက သူတို့ဖို့ အပြဲမလောက်ဘဲ ဖြစ်နေကြတော့ အစ်ကိုကြီးက 'ဟေ့ ငါ့ညီ၊ တို့များ ဒီလိုနေလို့တော့ မဖြစ်ဘူး၊ တို့ထမင်းကို တစ်ယောက်ယောက် အမြဲဝင်ပြီး ဘုံးနေပြီထင်တယ်။ သူ့နိုး ဖမ်းရအောင်'လို့ တိုင်ပင်တာပေါ့၊ အကန်းတွေဟာ သူခိုးဖမ်း သိပ်လည်တာပဲ၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းသားတွေဟာ ခဏခဏ သူခိုးဖမ်းလို့မိတယ်။ သူတို့လည်း သူခိုးဖမ်းတာ ဘီလူးမကို မိပါရော"

"မိတော့ အစ်ကိုကြီးက 'ကိုင်း မယ်မင်းကြီးမ၊ သေရအောင် ပြင်ပေတော့'ဆိုပြီး သန်လျက်နဲ့ရွယ်လိုက်တော့ ဘီလူးမလည်းကြောက်ပြီး 'ချမ်းသာပေးပါရှင်၊ ကျွန်မဆာလွန်းလို့ နှိုက်စားမိတာပါ။ ရှင်တို့မျက်စိမြင်အောင် လုပ်ပေးပါမယ်'လို့ ပြောပြီး၊ တန်ခိုးနဲ့လုပ်လိုက်တာ မျက်စိမြင်သွားကြပါရော"


"အကန်းနှစ်ယောက်လည်း အခုမှ ကြည့်တတ်ပြီး၊ ဟိုကြည့်ဒီကြည့်နဲ့ အမယ် မိုးဆိုတာ အဖုံးကြီးကွဲ့၊ မြေဆိုတာ အထဲကနေတာပဲနေ်လို့ ဆိုတာနဲ့ အဲဒီလိုပြောတဲ့နေရာတွေကို မိုးဖုံးမြေထဲလို့ခေါ်တယ် ဦးလေးရဲ့၊ မြေထဲဆိုတာ အာလံကို ခေါ်တယ်တဲ့။ အဲဒါမြေထဲက ကာလရွေ့လျောပြီး အာလံလို့ခေါ်တာ

Generated by CamScanner from intsig.com

ဘာပြုလို့လဲဆိုတော့ ဘီလူးမ ဖောင်ပေါ်ကခုန်ပြီးချလို့ မြေထဲက အာလဲ ဖြစ်တာတဲ့။ နောက်ဖောင်မျောလာပြီး၊ ပြည်မြို့နားရောက်လို့ ဖောင်ဦးတိုးတာနဲ့ အဲဒီနေရာကို ဖိုးဦးတောင်လို့ခေါ်တယ်၊ အခုဘုရားတွေ ဘာတွေနဲ့ရှိတယ်။ ဒီဘက်နားရောက်တော့ စားစရာတွေကုန်တာနဲ့ ညီအစ်ကို နှစ်ယောက် ကုန်း ပေါ်တက်ပြီး စားစရာရှာပြီး ပြန်လာတော့၊ ဖောင်ပရှိတော့ဘဲ လူခိုးသွားတာ တွေ့ရလို့ ဖောင်ခိုးတဲ့နေရာမို့ အခု ဖွားခေါင် ဆိုတဲ့ ရွာကလေးရှိတယ် ဦးလေးရဲ့"

"ဒါနဲ့ သူတို့လည်း ဖောင်ပရှိတော့ ကမ်းနားက ခြေကျင်ဆက်ပြီး လျှောက် လာကြတော့ ရသေ့ကြီးမွေးစားထားတဲ့ သမီးကိုမြင်ရတော့၊ အစ်ကိုကြီးက 'ဟော့ ဟိုမှာ မြာကစ်ယောက်တွေ့နေတယ်။ မင်းဒီမှာနေဦး၊ ငါ သွားနှုတ်လိုက် ဦးမယ်' ဆိုပြီး သွားပြီး လူပျိုစကားပြောတော့၊ ကောင်မကလေးက ရှက်တာနဲ့ ငိုပြီး အဖေကြီး သွားတိုင်မယ်ဆိုပြီး ရသေ့ကြီးဆီ ဆောင့်ဆောင့်နဲ့ ပြန်သွား တာပေါ့။ ရသေ့ကြီးက 'ဟဲ့ သမီး ရိရိ၊ နင်ခါတိုင်းညနေမှ ပြန်လာတယ်၊ ဒီနေ့ စောလှချည်လား'ဆိုတော့ ရိရိက 'အဖေ ဟိုနှစ်ကောင် ကျွန်မကို လူပျို စကားပြောတယ်'ဆိုတာနဲ့၊ ရသေ့ကြီးကလည်း 'ပြစပ်း၊ ဘယ်ကောင်တွေလဲ၊ ငါ လိုက်ဆော်စမ်းမယ်'ဆိုပြီး တောင်ဝှေးကိုင်ပြီး လိုက်သွားတာ၊ ဟိုရောက်လို့ မေးမြန်းကြည့်တော့ သူ့အစ်ကို တကောင်းပြည်က ရှင်ဘုရင်ရဲ့သားတွေ ဖြစ် နေတာ တွေ့ရတာနဲ့ ရိရိကိုခေါ်ပြီး 'ငါ့တူတွေပါကွယ်၊ စိတ်မဆိုးပါနဲ့ သူတို့က ကြိုက်လို့ပါတဲ့၊ သမီးကလည်း ကြိုက်လိုက်ပါ'လို့ အောင်သွယ်လုပ်ပြီး အစ်ကို ကြီးနဲ့ ပေးစားလိုက်ရော။ မကြာခင် အစ်ကိုကြီး မာလကသွားပြီး ညီနဲ့ရရော၊ အဲဒါနဲ့ ပြီးရော"

□ □ □




တစ်နေ့တွင် ကျွန်တော်သည် အိမ်ထဲ၌ မတော်တဆချော်လဲ၍ လက်တွင် ထိခိုက်ဒဏ်ရာ ရရှိသွားသည့်အတွက် ဆေးထည့်၍ အဝတ်ခည်းပတ်ထားလေရာ ကျွန်တော်၏ မိတ်ဆွေကြီး အပါကလေးသည် ထုံးစံအတိုင်း အိမ်သို့ အလည်ရောက်ရှိလာရင်း ကျွန်တော်၏ လက်ကို တွေ့မြင်ရသဖြင့် "ဦးလေး ဦးလေး လက် ဘာဖြစ်လို့လဲ၊ ဟိုရောဂါလား"ဟု မေးလိုက်ရာ၊ ရုတ်တရက် ကျွန်တော့်မှာ အံ့အားသင့်သွားမိပေ၏။

"ဟဲ့ ဘယ်ကလာ ဟိုရောဂါဖြစ်ရမှာလဲ၊ အဲဒီရောဂါက လက်မှာ ဘယ်တော့မှ မဖြစ်ဘူး"

"ဒီ့ ဦးလေး ဘယ်နေရာမှာဖြစ်သလဲ"

"ဟာ ဦးလေး ဟိုရောဂါမရဘဲနဲ့ဟာ ဘယ်နေရာဖြစ်ရမှာလဲ"

"ဒီ့ ဦးလေးလက်မှာ ဘာဖြစ်တာလဲ"

"အဲဒီလို မေးမှပေါ့ကွ၊ မင်းဟာက ဘာမှန်းမသိဘဲ အရမ်းစွပ်စွဲနှင့်တာက သိပ်ဆိုးတာပဲ"ဟု ဆိုပြီးနောက် ချော်လဲရာက သွပ်ပြားနှင့်ထိ၍ အနာရကြောင်း ပြောပြလိုက်ရလေ၏။

Generated by CamScanner from intsig.com

အပါသည် စိုးရိမ်သည့်အမူအရာဖြင့် မျက်လုံးပြူး၍ ကြည့်နေပြီး နောက် "ဟာ ဒီလိုဖြစ်ရင် မကောင်းဘူး ဦးလေးရဲ့၊ တော်တော်ကြာ ဦးလေး အနူဖြစ်ပြီး ပိုက်ဆံတောင်းစားနေရဦးမယ်"ဟု ဆိုလေ၏။

"မင်းဘယ်သူက ပြောသလဲ၊ အနူဖြစ်မယ်လို့ မင်းက ဆရာဝန်လား"

"ဆရာဝန်တော့မဟုတ်ဘူး။ ဒါပေမဲ့ ရှေးတုန်းက ရှင်ဘုရင်တစ်ပါး သွပ်ပြားရှုတာနဲ့ အနူဖြစ်သွားတယ်"

"မဟုတ်တာကွယ်၊ ငါဖြင့် မကြားဖူးပါဘူး"

"ဦးလေး မကြားဖူးဘူးလား။ ဆရာမက ပြောပြလို့ အပါလည်းသိရတာ၊ ဦးလေးမသိရင် နားထောင်"

❑ ❑

"ရှေးရှေးတုန်းက၊ အဲဒီရှင်ဘုရင်ဟာ ပထမဦးဆုံး နာမည် မရှိသေးဘူး ဦးလေးရဲ့"

"ဟုတ်ကဲ့လားကွာ၊ အနည်းဆုံး ငယ်ငယ်တုန်းကတော့ ငခွေးလို့၊ ချက်ကြီးလို့၊ ကြွက်နီလို့တော့ ခေါ်ဦးမှာပေါ့"

"ငယ်နာမည်တော့ ရှိမှာပေါ့၊ နည်းနည်းကြီးလာတော့ နာမည် မရှိတော့ဘူး။ နောက်တော့မှ အဲဒီရှင်ဘုရင်ဟာ သိပ်ဆော့သိပ်ကမြင်းတာနဲ့ တစ်နေ့တော့ ဘောလုံးကန်ရင်း၊ သူ့ခြေထောက်ကို သွပ်ပြားထိတာနဲ့ အနာကြီး ရသွားရော၊ ဒါနဲ့ ဒီရှင်ဘုရင်ကို သွပ်ထိသေနလို့ခေါ်တယ် ဦးလေးရဲ့"

"မဟုတ်ပါဘူး အပါရာ၊ သောတ္ထိသေနပါ။ ကြံကြံဖန်ဖန် ဘယ့်နှယ် သွပ်ထိရမှာလဲ"

"ဟုတ်တယ် ဦးလေးရဲ့၊ ဦးလေးက မသိဘူးလည်း အစက ဆိုသေးတယ်၊ သိပ်ပြီးတော့လည်း လုလည်လုပ်ချင်တာပဲ။ သွပ်ထိသေနမှ အစစ်ပါ ဦးလေးရဲ့။ ဒီရှင်ဘုရင် သွပ်ပြားထိလာတော့ သူ့အမေကြီးက၊ 'ဟဲ့ နင် ဒါလောက်တောင် နရသလား၊ တစ်နေ့နင်သေလိမ့်မယ်၊ ဟဲ့ သွပ်ထိတဲ့ သေနာ့ကောင်ကလေး'လို့ ခေါ်တာ၊ နောက်တော့ ကာလရွေ့လျောပြီး သွပ်ထိ သေနဖြစ်တာ"

"တဲ ကဲ ပြောစမ်းပါဦးကွာ၊ မင်းကြားသမျှတွေ"ဟု ကျွန်တော်က ဆိုလိုက်ပြီးနောက် "အဲဒီဘောလုံးကန်ရင်း သွပ်ပြားထိတော့ ဘယ်မှာ

ဆေးထည့်သလဲ၊ ရန်ကုန်ဆေးရုံကြီးလား"ဟု မေးလိုက်လေ၏။

"ဆေးရုံကြီးကို မသွားပါဘူး ဦးလေးရဲ့။ လန်ချားခ မရှိလို့ အိမ်မှာပဲ ဆေးထည့်တယ်။ ဒါပေမဲ့ ဆေးမဟုတ်သေးဘူး။ ဘာလဲဆိုတော့ ပြီးတော့ ပြောမယ်၊ အဲဒါနဲ့ ဒီရှင်ဘုရင်မှာ မိန်းမရှိတယ်။ ဒီမိန်းမက သူ့လင် ခြေထောက်မှာ အနာဖြစ်တာတွေ့ရတာနဲ့ 'တော့်နှယ်နေ့၊ ဒါလောက်တောင် ကဲတာ ထိတာပဲကောင်းတယ်၊ တော့်ကိုတော့လား ဆေးမထည့်ဘူး၊ အနာကျက် သွားအောင် သံချောင်းမီးဖုတ်ပြီး အနာကိုထိုးမယ်'ဆိုပြီး အနာကို သံပူနဲ့ ကပ်တာနဲ့ အဲဒီမိန်းမ နာမည်ကို သံပူလလို့ခေါ်တယ်"

"ဟုတ်ကဲ့လားကွယ်၊ တချို့တော့ သံတို့ဘာတို့စူးရင် သံပုရာသီး ညှစ်ထည့်တယ်၊ သူလည်း သံပုရာသီးညှစ်ထည့်လို့ သမ္ဗုလ ခေါ်သလားမှ မသိဘဲ"

"အဲဒါကိုတော့ ကျွန်တော် ဝိဝါဒမကွဲဘူး"

"ဘယ့်နှယ်ကွဲ့၊ ဘာပြောတယ်၊ မင်းစကားက တယ်ကြီးကျယ်ပါလား"

"ဆရာမက အဲဒီလိုပဲ ပြောတာပဲ။ ဘယ်ဒင်းဖြစ်တယ်ဆိုတာ စဉ်းစား မရရင် ဝိဝါဒမကွဲဘူးလို့ ဆိုရတယ်တဲ့၊ ဦးလေးကလည်း နားထောင်ပါဦး။ အဲဒါနဲ့ ရှင်ဘုရင်ကြီးဟာ အနာရှိပေမယ့်၊ အညော်တွေခံ လိပ်ဥ၊ ငါးသေတ္တာ တွေ့ကရာတွေ လျှောက်စားနေတာနဲ့ တစ်နေ့ကျတော့ အနူဖြစ်ပါရော"

"လိပ်ဥစားတာနဲ့ နူတယ်ဆိုကာ ကာလသားရောဂါရှိမှကွဲ့"

"ဒီရှင်ဘုရင်ကော ဒီရောဂါမရှိဘူးဆိုတာ ဦးလေးသိလို့လား၊ တက်တူတို့ အဖေ ဘုရားလူကြီးတောင် ဒီရောဂါရှိသေးတာ၊ ရှင်ဘုရင်ဆိုတော့ သာပြီး ရှိသေးတာပေါ့ ဦးလေးရဲ့"

"ရှင်ဘုရင်ပဲကွာ၊ ဒီလိုရောဂါရှိရင် အင်ဂျက်ရှင် ထိုးမှာပေါ့"

"ဟိုတုန်းကမှ မပေါ်သေးဘဲ ဦးလေးရဲ့။ ဦးလေးကလည်း နားထောင် ဝမ်းပါဦးဗျာ။ အဲဒါနဲ့ ရှင်ဘုရင် အနူဆိုတော့ တိုင်းသူပြည်သားတွေက သိပ် ရှက်တာပေါ့။ သူများ ရှင်ဘုရင်တွေက အကောင်း၊ တို့ရှင်ဘုရင်က အနူဆိုရင် တို့မျှား နာမည်ပျက်တယ်။ ဒီရှင်ဘုရင်ကို မလိုချင်ဘူးဆိုတာနဲ့ ရှင်ဘုရင် လင်မယားလည်း တောထဲထွက်ပြေးရတာပေါ့"

"ဒါနဲ့ ရှင်ဘုရင်လင်မယားကလည်း သူတို့ရှိတဲ့ အဝတ်အစားတွေ အထုပ်နဲ့ထုပ်၊ တုတ်ကလေးလျှိုထမ်းပြီး တောထဲသွားကြပါရော"

"လှည်းနဲ့ သွားသလား၊ မော်တော်ကားနဲ့ သွားသလား"

Generated by CamScanner from intsig.com

"ရှင်ဘုရင်က သိပ်ပြီးတော့ နုနေတာ ဦးလေးရဲ့။ လက်တွေ ခြေတွေပါ လိမ်ကောက် ပြတ်ကျနေလို့ လမ်းမသွားနိုင်လို့ သူ့မိန်းမက ဆပ်ပြာခဲထည့်တဲ့ ထင်းရှူးသေတ္တာကို ဘီးတပ်လက်တွန်းလှည်းကလေး လုပ်ပြီးတော့ တောထဲကို တွန်းပြီးပို့ရတာပေါ့၊ အဲဒါ သိပ်ပြီးဖွားတာပေါ့နော်"

"ဘာပြုလို့လဲ"

"တောထဲမှာဆိုရင် ဘယ်က ပိုက်ဆံလာပြီးရမှာလဲ။ မြို့ထဲမှာ လက်တွန်းလှည်းကလေးနဲ့လှည့်ပြီး ဆလံပါဘာဘူ၊ ပိုက်ဆံနိုပ်း၊ ခါနာနိုပ်း ဆလံပါသခင်ကြီး၊ ကိုကိုတို့ မမတို့ ပိုက်ဆံကလေး တစ်ပြားတစ်ချပ် ပေးမှ ကမ်းမှ သနားမှ စွန့်ကြဲမှ စားရသောက်ရမယ့် ဘဝပါရှင်"

"အမယ်၊ မင်း ဒီအတတ်ပညာ အတော်တတ်ပါကလား၊ မင်းလည်း ပိုက်ဆံတောင်းစားရင် မခေဘူး၊ နေ့တွက်စီမှာပဲ"

"ဦးလေးကလည်း အပေါ့ကို ဒီလိုမပြောနဲ့ ငရဲကြီးတတ်တယ်"

"ဒါဖြင့် ကန်တော့ဗျာ၊ ကန်တော့"

"အဲဒါနဲ့ အနုလင်မယား၊ တောထဲရောက်သွားတော့ ပိုက်ဆံတောင်းလို့ မရတာနဲ့ သူ့မိန်းမက ဟင်းသီးဟင်းရွက်ခူးပြီး သက်သတ်လွတ် ချက်ကျွေး ရတယ် ဦးလေးရဲ့။ ဒါပေမဲ့ တောထဲမှာ ဆီမရှိ ငံပြာရည်မရှိနဲ့ ဘာစားလို့ ကောင်းမလဲနော်၊ ချက်စရာမရှိဘူး သစ်သီးချည့်ပဲ စားပယ်ဆိုပြီး ဟလကာ သီးချည့် စားနေရရင် ဒီရှင်ဘုရင် ချောင်းဆိုးရင်ကျပ်ပြီး သေမှာပဲ"

"ဒါနဲ့တစ်နေ့ကျတော့ အနုမိန်းမ သံပုလက တောထဲမှာ လူတစ်ယောက် တွေ့လို့ ပိုက်ဆံတောင်းတော့၊ အဲဒီလူက လူမဟုတ်ဘူး ဦးလေးရဲ့၊ ဘီလူးတဲ့။ အဲဒီ ဘီလူးက 'ဟော့ ငါတော့ပွတာပဲ၊ မြာတစ်ယောက်တော့ လူမရှိတဲ့ တောထဲ မှာ တွေ့နေပြီ၊ နသားပါယားလုပ်မှပဲ' ဆိုပြီး လက်ကို ဖမ်းဆွဲလိုက်တာပေါ့။ ဒီလို ဖမ်းဆွဲလိုက်တော့ သံပုလလည်းလန့်ပြီး 'အမယ်လေးတော်၊ ကယ်ကြပါဦး ဆိုပေမယ့် ဘယ်သူမှ ရောက်မလာဘူး"

"ဝီစီမှုတ်ပြီး ပုလိပ်မခေါ်ဘူးလား"

"ခေါ်တယ် ဦးလေးရဲ့၊ ဒါပေမဲ့ ပုလိပ်ဆိုတာ ခေါ်တုန်း ဘယ်တော့မှ မလာဘူး၊ အမှုဖြစ်ပြီးမှ လာတာပဲ။ အဲဒါနဲ့ သံပုလလည်း ဘာမှမလုပ်တတ်ဘဲ ရှိနေတော့၊ ဘီလူးက 'ဟဲ့ ကောင်မကလေးရယ်၊ နင် ငါနဲ့ လင်မယားလုပ်တမ်း ကစားပါလားကွယ်၊ နောက်တော့မှ နင် သဘောမတူရင် ဂတ်ကိုတိုင်ပြီး ကွာနိမ စားမြပြီး အတင်းလုပ်လို့ ကျွန်မ မခေ်ရဲပါ၊ ပါးစပ်ကိုလည်း ပိတ်ထားပါ

တယ်လို့ တိုင်ချင်တိုင်တာပေါ့လို့ ပြောတော့၊ သံပူလက 'လွှတ်နော် လွှတ်၊ ရှင် ကျုပ်ကို ဘာမှတ်သလဲ၊ ကျုပ်ဟာ လင်ကြီးမုဲ၊ ဒုသနသော ရှင် မကြောက်ဘူးလား၊ မကြောက်ရင်နေ ကျုပ်ခုံဖိနပ်က ဒုသနသောထက် ဆိုးသေးတယ်၊ ဘယ်ပါးမှ မရွေးဘူး။ ရှင် ပါးကျိုးသွားချင်သလား'ဆိုပြီး လက်တစ်ဖက်နဲ့ ဖိနပ်ကို ချွတ်ကိုင်လိုက်တော့ ဘီလူးလည်း ကြောက်ပြီး လွှတ်လိုက်တာပေါ့"

"အဲဒါနဲ့ သံပူလဟာ သူ့လင်ဆီပြန်ရောက်တော့ သူ့လင်ကြီးက သူ့မိန်းမမျက်နှာကြည့်ပြီး 'ဟဲ့ ကောင်မ၊ နင် ဒီနေ့တယ်ပြီး ကြာပါကလား၊ ပါးမှာ ပေါင်ဒါတွေလည်းပျက်၊ ဆံထုံးတွေလည်းပြေလို့၊ မှန်မှန်ပြော နင် ဘယ်သူနဲ့ လင်ငယ်နေခဲ့သလဲ၊ တလိပ်ဆန်မ၊ နင်တော့ ဒီကနေ့ သေရအောင် ပြင်ပေတော့'ဆိုတာနဲ့ သူ့မိန်းမက မျက်ရည်လေး စဝ စဝနဲ့ 'ကျွန်မ ဘယ်သူနဲ့မှ မကြိုက်ပါဘူး၊ ကိုကိုအနူကြီးကလွဲရင် ဖွဲနဲ့ စပါးခွံချည့်အောက်မေ့ပါတယ်၊ လမ်းမှာ ဘီလူးတစ်ယောက်က လက်အတင်းဆွဲထားလို့ ကြာနေတာပါ'ဆိုပြီး သစ္စာရေသောက်ပြီးတော့ အနူကြီးအပေါ် သစ္စာရေလောင်းချလိုက်တာ အနူရောဂါတွေ အဖပ်လိုက်အဖပ်လိုက် ကွာကျပြီး အနူပျောက်သွားရော၊ အဲဒါနဲ့ ပြီးရော"

Generated by CamScanner from intsig.com




စာရေးခြင်းအလုပ်၌ တကုပ်ကုပ်နှင့် အလွန်ညောင်းညာလှသောကြောင့် တစ်နေ့သောညနေတွင် ကျွန်တော်သည် ကိုယ်လက်လှုပ်ရှား ကစားနေစဉ်၊ ကျွန်တော်၏ မိတ်ဆွေကြီး အပါကလေးသည် အိမ်သို့ရောက်လာပြီး "ဟာ ဦးလေး အားစမ်းနေသလား၊ ဦးလေးအားမစမ်းနဲ့၊ ဦးလေးကို သတ်ပစ်လိမ့်မယ်"ဟု ပြောသောကြောင့် ကျွန်တော်မှာ များစွာအံ့အားသင့်လျက် "နေပါဦးကွဲ့၊ ဦးလေးဘာအပြစ်ရှိလို့ ဘယ်သူက သတ်ရမှာလဲ"ဟု မေးလိုက်လေ၏။

"ရှင်ဘုရင်က သတ်မှာပေါ့"

"ဟ မင်း ဘယ်သူပြောသလဲ၊ ရှင်ဘုရင် လူသတ်တယ်လို့"

"ဟုတ်တယ် ဦးလေးရဲ့၊ ဆရာမက ပြောတယ်၊ ရှေးတုန်းက ရှင်ဘုရင်တွေက သာပြီး ဆိုးသေးတယ်"

Generated by CamScanner from intsig.com

•

"ဘယ် ရှင်ဘုရင်လဲ"

"ဟိုဒင်းလေ၊ နာမည်တော့ မေ့နေပြီ၊ သံဖြူဆရာကို သတ်တာ"

"ငါလည်း မကြားဖူးပါကလား၊ ရာဇဝင်မှာ သံဖြူဆရာ မပါ ပါဘူး"

"ပါတယ် ဦးလေးရဲ့၊ သူ့နာမည်က မောင်တင့်တယ်တဲ့"

"အဲဒါ၊ ပန်းပဲဆရာကွဲ့၊ သံဖြူ မဟုတ်ဘူး"

"သံဖြူနဲ့ ပန်းပဲ အတူတူ မဟုတ်လား ဦးလေးရဲ့"

"မတူဘူး တစ်ခြားစီ"

"ဒါဖြင့် အဲဒီဆရာကို သတ်တယ် ဦးလေးရဲ့။ နောက်ပြီး ကုလား နှစ်ယောက်ကိုလည်း သတ်တယ်"

"ဘယ်ကုလားလဲ၊ ဟာဘန်းဆင်းလား"

"မဟုတ်ဘူး။ ဗျတ်ဝိ ဗျတ္တတဲ့၊ အဲဒီပုံကို ဦးလေး ကြားဖူးပြီးလား"

"အေး ကြားဖူးတယ်"ဟု ပြောလိုက်သော်လည်း "ဒါပေမဲ့ ဦးလေး မေ့နေပါပြီ၊ ကျွန်တော်ပြောပြမယ်"ဟု ဠွတ်အာင်း ပြောနေသောကြောင့် ကျွန်တော်မှာ သည်းညည်းခံ၍ နားထောင်နေလိုက်ရပေတော့သတည်း။

❏ ❏

"ရှေးရှေးတုန်းက အဲဒါ မြန်မာက တောမဟုတ်ဘူး။ ဘင်္ဂလားက အစ ဦးလေးရဲ့၊ အဲဒီ ဘင်္ဂလားပြည်မှာ ခေါ်တော ကုလားကလေးနှစ်ကောင် ငါးမျှား နေတုန်း မြုန်းဆို ရေထဲလိမ့်ကျပြီး ပင်လယ်ထဲ မျောလာပါရော၊ အဲဒါနဲ့ မြန်မာပြည်ကို ရောက်လာတော့ သထုံမှာ ဘုန်းကြီးကျောင်း တစ်ကျောင်း ရှိတယ်၊ ဒီဘုန်းကြီးက တွေ့တာနဲ့ ရေထဲကဆယ်ပြီး နင်တို့ နာမည် ဘယ်သူလဲ လို့မေးတော့ ခေါ်တောကုလားက ဘုရားတပည့်တော်. . ."

"အမယ် ခေါ်တောက ဘုရားတပည့်တော်တွေ ဘာတွေတတ်သလား"

"တတ်တယ် ဦးလေးရဲ့၊ ကျွန်တော်တို့ ဘုန်းကြီးကျောင်းသွားရင် ဆွမ်းအုပ်လိုက်ပို့တဲ့ ဂေါ်ရင်ဂျီကုလားကတောင် တတ်သေးတယ်။ အဲဒါနဲ့ ခေါ်တောကလေးတွေက 'ဘုရားတပည့်တော် အလီမိနားနဲ့ အလီဟုစိန်ပါ ဘုရား'လို့ ပြောတော့၊ ဘုန်းကြီး နားမလည်တာနဲ့ 'ဟယ် နင်တို့နာမည်တွေ အခေါ်ရခက်တယ်၊ နင်တို့ကို ဗျတ်ထဲထည့်ပြီး ထမင်းကျွေးရလို့ ဗျတ်ဝိနဲ့ ဗျတ်တ'လို့ နာမည်မှည့်လိုက်တာပေါ့"

Generated by CamScanner from intsig.com

"နို့ ဘုန်းကြီးက နေ့သင့် နံသင့် ဗေဒင်ကလေး ဘာလေး တွက်ချက် မကြည့်ဘူးလား"

"ဘုန်းကြီးဆိုရင် ဗေဒင် တွက်ကြည့်တာပဲ။ ဒီဘုန်းကြီးလည်း တွက်မှာ ပေါ့။ အဲဒါနဲ့ ကုလားနှစ်ကောင်လည်း ဘုန်းကြီးကျောင်းသား ဖြစ်သွားကြ ပါရော"

"ဒါဖြင့် သူတို့ ဇာတ်ပျက်ကုန်တာပေါ့"

"အခု မပျက်သေးဘူး၊ တော်တော်ကြာမှ ပျက်တယ်၊ ဘာဖြုလို့လဲ ဆိုတော့ တစ်နေ့ကျတော့ ဘုန်းကြီး ဆွမ်းခံကြွလာတဲ့အထဲမှာ ဝက်သားဆီပြန် သုံးထပ်သားနှစ်တုံးပါလာပါရော။ ဘုန်းကြီးက သူတစ်ယောက်တည်း ဝအောင် စားချင်တာနဲ့ 'ဟဲ့ ကုလားဆိုတာ ဝက်သား မစားကောင်းဘူး၊ ဇာတ်ပျက်တတ် တယ်'လို့ ကြံဖန်ပြောတာပေါ့"

"ဒါပေမဲ့ အလီမိနားက သူတို့ညီအစ်ကို အချင်းချင်း 'ဟေ့ ဝက်သား ဆိုတာ ငါတစ်ခါမှ မစားဖူးဘူး၊ ကုလားပြည်မှာ အင်မတန်ရှားတယ်။ ဘုန်းကြီး က ကောင်းတဲ့အစာမို့ မစားရအောင် ပြောတာထင်တယ်၊ ခိုးကြိတ်ရအောင်'လို့ ပြောပြီး နှစ်ယောက်စလုံး သဘောတူခိုးစားကြပါရော"

"ဟဲ့ အဲဒါ ဝက်သားပဟုတ်ဘူး၊ ဇော်ဂျီသားကွဲ့"

"ဦးလေး မသိပါဘူး၊ ဝက်သားပါ။ ဝက်သားစားလို့ သိပ်အားရှိသွားတာ။ ဒီလိုအားရှိသွားတာနဲ့ အလေးမတာ အကုန်လုံးမနိုင်တာပဲ၊ နောက်ဆုံး မှုစရာ မရှိတော့ ဘုန်းကြီးကျောင်းကို ကိုင်ပြီး မကြည့်တာပေါ့။ ဒီလိုဆိုရင် ဇော်ဝိတ် ကြီးထက် သာတာပေါ့နော်၊ အိုလံပစ်မှာဆိုရင် ပထမဆုရမှာပဲ"

"အဲဒါနဲ့ သူတို့အားရှိတာကို ရှင်ဘုရင်သိတော့ တစ်နေ့ကျလို့ ငါ့ နန်းတော်ကြီးကို လာပြီး အားစမ်းပြီး မကြည့်ရင် ငါတို့တွေ ဇော်ထိုးမိုးမျှော် ကျကုန်လိမ့်မယ်၊ ဒီကုလားနှစ်ကောင်ဖမ်းဖို့ အမိန့်ပေးလိုက်ပါရော။ ဒါပေမဲ့ သူတို့က အားရှိလို့ ဖမ်းမရဘူး ဦးလေးရဲ့၊ အလီဟူစိန်ကတော့ အဲဒီမြို့က ထွက်ပြေးပြီး ပုဂံရောင်းတဲ့ တိုင်းပြည်ရောက်သွားရော။ အလီမိနားကတော့ မြန်မာမိန်းမတစ်ယောက်နဲ့ ကြိုက်နေတာနဲ့ ထွက်မပြေးဘူး"

"အဲဒါနဲ့ ရှင်ဘုရင်က ဒီကောင်မှာ ရည်းစားရှိတယ်။ သူ့ရည်းစား အိမ်က ချောင်းပြီးဖမ်းဆိုတာနဲ့ တစ်ညတော့ သူ့ရည်းစား အိမ်နောက်ဖေး

လေ့ကားက အတက် ထဘီနဲ့အုပ်ပမ်းလို့ မိပါရောဗျ၊ ထဘီဟာ သိပ်တန်ခိုးကြီးတယ်။ ခေါ်တောမပြောနဲ့ တစ္ဆေတောင်ဖမ်းလို့ရတယ်"

"အဲဒါနဲ့ သူ့ကိုမိပြီး 'ကဲ နင့်ကို သတ်ရမယ်၊ နင်ဘာလိုချင်သလဲ'လို့ မေးတာပေါ့။ ခေါ်တောဆိုတော့ ကွမ်းသိပ်ကြိုက်တယ်ဦးလေးရဲ့။ အဲဒါနဲ့ အလိမ်နားက 'ကျွန်တော့်ကို ရှာလပတ်ရည်တစ်ခွက်နဲ့ ကွမ်းတစ်ယာပေးပါ။ ထုံးများများ မထည့်ပါနဲ့၊ မဆာလာထည့်ပါ'လို့ ဘောင်းတာနဲ့ ကွမ်းနဲ့ ရှာလပတ်ရည်တိုက်ပြီး သတ်ပစ်လိုက်ရော။ သတ်ပြီးတော့ သူ့သွေးတွေကို တစ်မြို့လုံးပတ်ပြီး လောင်းထားတော့ အစိမ်းသရဲဖြစ်ပြီး မြို့ထဲကို ဘယ်သူမှ မဝင်ရအောင် သူကုပ်ချိုး သတ်စားနေတာပေါ့"

"ဦး အလိဟူစိန်ကော ပုဂံပြည်က မသတ်ဘူးလား"

"သူက သိပ်ပါးတယ်၊ ရှင်ဘုရင့်ဆီပြေးဝင်ပြီး 'ဘုရားဆပ်၊ ကျွန်တော်ဘုရားဆပ်ကိုသတင်းပေးမယ်၊ သထုံပြည်မှာ ပိုက်ဆံသိပ်ချမ်းသာတယ်၊ ဟိုကကျွန်တော်လာတယ်၊ ခင်ဗျားဟိုကို သွားပြီးစစ်တိုက်ပါ'လို့ပြောတော့ ရှင်ဘုရင်က 'ကဲ ဒါဖြင့် မင်းလည်း စစ်ထဲလိုက်ခဲ့'ဆိုပြီး ခေါ်သွားပါရော"

"သထုံပြည်ကျတော့ အစိမ်းသရဲ အလိမိနားက ဖမ်းစားတာနဲ့ စစ်တိုက်လို့ မရဘူးဦးလေးရဲ့၊ စစ်သားတွေက သူ့ရဲအချောက်ခံရလို့ မတိုက်ဝံ့ဘူး၊ ဒါနဲ့ အလိဟူစိန်သွားကြည့်တော့ သူညီဖြစ်တာတွေ့ရပြီး ခေါ်တောလို တစ်ယောက်လည်ပင်း တစ်ယောက် ဖက်ငိုကြပြီးတော့မှ 'နင့်သတ်တဲ့ ရှင်ဘုရင်ကို တို့သတ်ချင်တယ်။ မြို့ထဲဝင်ရအောင် လုပ်ပေးပါ'ဆိုတာနဲ့ အလိမိနားက သူ့ သွေးစက်လွှတ်သွားတဲ့နေရာက အဝင်ခိုင်းတော့မှ ဝင်လို့ရကြပါရော"

"သထုံရှင်ဘုရင်မှာ လက်နက်ကောင်းကောင်း မရှိဘူးဦးလေးရဲ့၊ ပုဂံရှင်ဘုရင်က ဂျာမနီတို့ အမေရိကန်တို့က စစ်သေနတ်တွေ ဘာတွေ ဝယ်ထားတော့ လွယ်လွယ်ကလေးနဲ့နိုင်ပြီး သထုံရှင်ဘုရင်ကို လက်ထိပ်ခတ်ပြီး ဖမ်းသွားပါရော"

"နောက်တော့ အလိဟူစိန်လည်း ပုဂံပြည်ရောက်တော့ ရှင်ဘုရင်က ရာထူးတိုးပေးလိုက်တာနဲ့၊ ပိုက်ဆံကလေးရှိလာတော့ ဘုရားက ပန်းသည်မကို နောက်ပိုးပါရော"

"ပန်းစား ဘီလူးမ မဟုတ်လားကွဲ့"

"မဟုတ်ဘူး ဦးလေးရဲ့၊ ပန်းရောင်းတဲ့မိန်းမပါ။ ဘီလူးယူရင် ဘုတွေ၊

Generated by CamScanner from intsig.com

တသည်းတွေ နုတ်တားမှာပေါ့၊ အဲဒါနဲ့ နောက်တော့ ဘာဖြစ်လို့လဲမသိဘူး ဦးလေးရဲ့၊ ရှင်ဘုရင်က သတ်ပင်လိုက်တာနဲ့ မာလကာ ရှာန်ကြပါရော အဲဒါနဲ့ ပြီးရော"

❑ ❑ ❑

# မာတင်



ရန်ကုန်မြို့ကြီးတွင် ပိမိတို့ ဝမ်းရေးအတွက် လုပ်ကိုင်ရှာဖွေစားသောက်နေကြသူတို့မှာ ခြေချင်းရှုပ်လိမ်နေအောင် ပြည့်နှက်ပေါများသလောက် အလုပ်မလုပ်မကိုင်ဘဲ တရေးရှာဖွေ သူတို့မှာလည်း လွန်စွာပေါများလှပေ၏။ ထိုသူတို့အထဲတွင် အများဆုံးသောသူတို့မှာ သူတောင်းစားများပင်ဖြစ်ကြကာ 'ဆလံပါဘာဘု၊ အန်ကီးနိမ်း၊ ပိုက်ဆံနိမ်း၊ ခါနာဒိမ်း၊ သနားတော်မူကြပါခင်ဗျာ၊ စွန့်ကြဲတော်မူကြပါခင်ဗျာ၊ ဟောဒါက ကိုအောင်မောင်း ခြေထိုးကလေး။ တူးနဲ့လှဲ့တယ်၊ တဲ့နယ် လတယ်၊ ကိုကိုတို့ မမတို့ ပေးမှ ကမ်းမှ သနားမှ စားရမယ့်ဘဝပါ' စသော အသံတို့မှာ ဆူညံနေတော့သည့်ပြင် နေ့စဉ်နှင့်အမျှ တစ်နေ့တစ်နေ့လျှင် ၁၀ဦး ၁၅ဦးထက်မနည်း အိမ်ပေါက်ဝတွင် လာရောက်ရပ်တန့်တောင်းရမ်းကြသည်မှာ လွန်စွာ စိတ်ရှုပ်ခရာကောင်းသည်ထက် ကျွန်တော်၏ အဖို့တွင် ၎င်းတို့အသံကြောင့် အလုပ်တွင် အနှောင့်အယှက် ဖြစ်ရသည်က

Generated by CamScanner from intsig.com

တစ်မျိုး၊ ထ၍ထ၍ မောင်းနှင်ရသည့်အတွက် အလုပ်ပျက်သည်ကတစ်မျိုး၊ အမျိုးမျိုးသောအကြောင်းတို့ကြောင့် တောင်းရမ်းသူလာသမျှ အမြန်သာလျှင် နှင်ထုတ်ပစ်ရလေ၏။

တစ်နေ့တွင် သူတောင်းစားတစ်ယောက်သည် နှင်ထုတ်ပစ်လိုက်သော်လည်း မကြားယောင်ဆောင်ကာ တဂျီဂျီလုပ်၍ တောင်းနေလေရာ ကျွန်တော်၏ မိတ်ဆွေကြီး အပါကလေးက မြင်သဖြင့် "ဦးလေး၊ ဒီသူတောင်းစားကို ပိုက်ဆံပေးလိုက်ပါ ဦးလေးရဲ့"ဟု ပြောလေ၏။

"အလို ငါ့တူက စေတနာသဒ္ဓါတရား တယ်ပြီး ထက်သန်ပါကလား"ဟု ကျွန်တော့်မှာ အံ့သြပြောဆိုမိလေ၏။

"မဟုတ်ဘူး ဦးလေးရဲ့၊ သူတောင်းစားအိမ်ရှေ့မှာ ကြာကြာရပ်နေရင် ကျက်သရေမရှိဘူးတဲ့။ နောက်ပြီး ဒီသူတောင်းစားတွေဟာ မိန်းမတောင်းတတ်တယ်၊ ပိုက်ဆံပေးလိုက်ရင် မြန်မြန်ထွက်သွားမှာပေါ့"

"သူတောင်းစားဆိုတာ ပိုက်ဆံနဲ့ထမင်းသာ တောင်းတာပါကွယ်၊ မိန်းမတောင်းတယ်လို့ မင်းကိုဘယ်သူက ပြောသလဲ"

"ဆရာမကပြောတယ် ဦးလေးရဲ့၊ တောင်းလို့တောင် ပေးလိုက်ရတယ်။ သူတို့ကသိပ်ပါးတာ၊ မပေးလို့ မနေရဘူး"

❑ ❑

"အဲဒါနဲ့ သူဌေးကြီးတစ်ယောက်ရှိရော ဦးလေးရဲ့၊ အဲဒီသူဌေးကြီး နာမည်တော့ ကျွန်တော်နည်းနည်းမေ့နေတယ်၊ ဘယ်သူဆိုလား ဦးလေးရဲ့"

"ဒါဖြင့် ဦးဘယ်သူလို့ ခေါ်ကြပါစို့ကွယ်"

"ဟုတ်ကဲ့၊ အဲဒါနဲ့၊ အဲဒီသူဌေးကြီး ဦးဘယ်သူက အလှူပေးတာကိုး ဦးလေးရဲ့၊ ဒီတော့ သူတောင်းစားတွေလာကြတာပေါ့ ဦးလေးရယ်၊ မာတင်(ဂ)လည်း သံဇလုံခွက်ပေါက်ကလေးကိုင်ပြီးတော့ 'သာဓုပါခင်ဗျာ၊ သာဓုပါ၊ သာဓုပါ၊ အဝေရာ ဘေးမခဘဲ အေးမြတော်မူကြပါစေ။ လှူနိုင်ကြပါစေ၊ တန်းနိုင်ကြပါစေ၊ လှူနိုင်တန်းနိုင်တဲ့ အခါများလည်း သနားတော်မူကြပါခင်ဗျ၊ ကြုံကြိုက်တဲ့အခါများလည်း ဖွင့်ကြတော်မူကြပါခင်ဗျနဲ့ သူလည်း သူတောင်းစားတွေကြား ဝင်ပြီးတိုးတာပေါ့လေ"

"ဒီလိုတိုးတော့၊ သူတောင်းစားချင်း ခွက်ချင်းမခုတ်ဘူးလား"

"ခုတ်တော့ခုတ်မှာပေါ့၊ ဒါပေမဲ့ မာတင်(ဂ)တော့ ဘာမှမဖြစ်ဘဲ ရှေ့နား

ရောက်သွားပြီး ထမင်းတွေရသွားပါရော။ ထမင်းတွေကို သူဌေးကြီး ဦးဘယ်သူရဲ့သမီးက ထွက်ပြီး လောင်းတာကိုး"

"သူဌေးသမီးနာမည်ကတော့ အင်္ဂလိပ်လိုပဲ မှည့်သလား"

"သူ့နာမည်ကတော့ အင်္ဂလိပ်လိုတော့ မဟုတ်ဘူး၊ ဒိဠမင်္ဂလ ဆိုလား၊ မင်္ဂလဂလကဆိုလား ခေါ်ရတာ သိပ်လျှာယားတာပဲ။ အဲဒါနဲ့ မာတင်(ဂ)က ထမင်းစားရင်း ဒီသူဌေးသမီးကို ကြည့်ကြည့်နေရာက ထမင်းလည်းဝရော၊ သူတောင်းစား ထမင်းဝတော့ မကောင်းဘူးဦးလေးရဲ့၊ မိန်းမလိုချင်လာပြီးတော့ သူဌေးကြီးသမီးကို တောင်းတာပေါ့။ ဒီတော့ သူဌေးကြီးက စိတ်ဆိုးပြီး ဘလယ် ဒီဖူးဆိုပြီး ခေါသဖြစ်ဖြစ်နဲ့ မာတင်(ဂ)ကို ရိုက်တော့၊ မာတင်(ဂ)က နာတာ နည်းနည်းရယ်၊ သူက ညိုမြလုပ်ပြီး မြေကြီးပေါ်ပစ်လှဲပြီး မထဘဲနေတာပေါ့"

" ဒီလိုဆိုတော့ သူဌေးကြီးလည်း သိပ်ပြီး မျက်လုံးပြူးသွားတာပေါ့။ မတော်တဆ ဂတ်ကိုသွားတိုင်ရင် ရိုက်နှက်မှု၊ လက်ရောက်ကျူးလွန်မှုနဲ့ တရားစွဲခံရမှာစိုးတော့ အကြံရကြပ်နေပါရော၊ နောက်ပြီး သူတောင်းစား အိမ်ရှေ့မှာ ကြာကြာနေရင် ကျက်သရေယုတ်တယ်လို့လည်း ပြောကြတယ်၊ အိမ်နားနီးချင်းတွေကလည်း ကဲ့ရဲ့ပြီး အဖက်မလုပ်ဘူးဆိုလား ဘာဆိုလား ဆရာမပြောတုန်းက နောက်က ကြွက်နီက စက္ကူလုံးနဲ့ပေါက်နေလို့ လှည့်ကြည့် နေရတာနဲ့ ကောင်းကောင်း မကြားလိုက်ရဘူး။ အဲဒါနဲ့ သူဌေးက အိုင်ဆေး မစ္စတာ မာတင်(ဂ)၊ ငါ့သမီးကို ယူ ဘဲဒီးလဖ်ဖြစ်နေရင် ငါပြောသလိုလုပ်၊ ယူ ငါ့သမီးကို လိုက်ပြီးစကားပြော၊ ငါ့သမီးကို စကားသုံးခွန်းပြောအောင် ယူ လုပ်နိုင်ရင် ငါပေးစားမယ် ဆိုပြီး၊ သူ့သမီးကိုလည်း ဘယ်သူနဲ့မှ စကား မပြောဖို့ မှာပြီးတော့ ဥယျာဉ်ထဲကို လွှတ်လိုက်တာပေါ့"

"မာတင်(ဂ)လည်း ဥယျာဉ်ထဲလိုက်သွားပြီး၊ ဖဲ့ယားအာယူဂိုးရင်း မိုင်ပရက်တီးမိဒ်ဆိုတဲ့ အင်္ဂလိပ်သီချင်းကလေးနဲ့ သွားတာပေါ့လေ"

"မြိုင်သာယာဆိုတဲ့ သီချင်းများကော မဆိုဘူးလားကွဲ့"

"မာတင်(ဂ)က ဒီသီချင်းကိုမရဘူး ဦးလေးရဲ့၊ မြန်မာသီချင်းထဲက ကာလပေါ်ပဲရတယ်။ ရိရိရေ သစ်ပင်အောက်မှာနေဆိုတဲ့ သီချင်းတော့ မှတ်နေတာပဲ။ အဲဒါနဲ့ ဥယျာဉ်ထဲရောက်ပြီးတော့ လူပျိုစကားပြောတော့ မရဘူးဦးလေးရဲ့၊ ဒါနဲ့ အကြံတစ်ခုထုတ်တာပေါ့။ ဒီအကြံထုတ်ပြီး ဘုတ်ခဲ ၂လုံးတည်းနဲ့ ဖိုခုံလောက်လုပ်ပြီး ထမင်းအိုးတည်တော့ ထမင်းအိုးက လိမ့်လိမ့် ကျနေတာပေါ့။ သူဌေးသမီးက မာတင်(ဂ)လုပ်တာ ကြည့်နေရာက

နောက်တော့ အမြင်မခော်ကြည့်မရတာနဲ့ 'ဟဲ့ သူတောင်းစား၊ ထမင်းချက်တာ ဗိုခုံလောက် ခုလုံးမှ ရတယ်ဟဲ့၊ ၂လုံးနဲ့ရပ့ါမလား၊ ဒါကြောင့် နင်တို့ဟာ သူတောင်းစားဖြစ်နေတာ'လို့ ပြောလိုက်မိဘာပေါ့။ မာတင်(၈)က သိပ်ပါးတဲ့ ငနဲပဲ ဦးလေးရဲ့၊ သူဌေးသမီးက ဗိုလိုပြောလိုက်တော့ စကားတစ်ခွန်း ရသွားရော မဟုတ်လား။ နောက်တစ်ခါ ထမင်းအိုးမွှေမယ်လုပ်တော့ ယောက်မခါးထိုးပြီး လိုက်ရှာပြန်ရော၊ သူဌေးသမီးက 'နင် သိပ် အ ပါကလား၊ ယောက်မခါးထိုးပြီး ရှာလို့ အလကားတွေ့ပါမလား' ပြောလိုက်ပြန်တော့ တစ်ခွန်းရပြန်ရော။ နောက်ထမင်းချက်တော့ လက်နှိုးမကိုင်ဘဲ ထမင်းအိုးကို ငှဲ့ပြန်တော့ ထမင်းရည်ပုလောင်တာ တွေ့ရပြန်တာနဲ့ သူဌေးသမီးက မပြောဘဲမနေနိုင်ဘဲ ပြောမိပြန်ရော၊ အဲဒါနဲ့ ခုခွန်းလည်းပြည့်ရော မာတင်(၈)လည်း သူဌေးကြီးဆီ ပြန်လာပြီး 'အိုင်ဆေး မိုင်ဒက်ဒီ ယောက္ခမကြီး၊ ခင်ဗျားသမီးပေးပေတော့၊ ကျုပ်တော့ ခုခွန်းရခဲ့ပြီ'ဆိုတာနဲ့ သူဌေးကြီးလည်း သူ့သမီး ခေါ်မေးတော့ ပြောမိတာ မှန်နေတာနဲ့ ပေးလိုက်ရပါရော၊ သူတောင်းစားက ပွသွားတာပေါ့၊ ပွလည်းသွားရော အဲဒါနဲ့ပြီးရော"



# ကြောင်အိုကြီးနှင့် ကြက်မကလေး

ကျွန်တော်၏အိမ်တွင် အခြားမှ လေလွင့်ရောက်လာပြီး မှီခိုကပ်ရပ်နေသော ကြောင်မကလေးတစ်ကောင်ရှိရာ ယခုကဲ့သို့သော ဆောင်းလပြာသိုကြောင်လူပျိုလှည့်ကြသည့်ပွဲတော်အခါကြီးတွင် အိမ်နီးပါးချင်းမှ လာရောက်လူပျိုလှည့်ကြကုန်သော ကြောင်အို ကြောင်ပျို ကြောင်ထိုထိုတို့၏ ဗိုသံပေးကြသည့်အသံများကြောင့် ညအခါများတွင် အလုပ်လုပ်၍မရ၊ အိပ်၍မရ လောက်အောင်ရှိသဖြင့် တစ်ညတွင် နောက်ဖေးမီးဖိုချောင်မှ ခေါင်းပြူ၍ ဗိုသံပေးနေသည့် ကြောင်တစ်ကောင်ကို ဒိုးဆိဘူးခွံတစ်ခုနှင့်ကောက်၍ ပေါက်လိုက်ရာ ထိမှန်သွားလေ၏။

နောက်တစ်နေ့တွင် အပါသည် မျက်နှာကြီးစူလျက် ရောက်၍လာလေ၏။

"ဦးလေး ဘာကောင်းလဲ ဦးလေးရဲ့"

"ဟလို ဘာများဖြစ်လာတာတုံး ကိုရွှေပါ၊ ဦးလေး ဘာလုပ်လို့တုံး"

"ကျွန်တော်တို့အိမ်ကကြောင်ကို ဦးလေးလုပ်လိုက်လို့ နှာခေါင်း စုတ်လာတယ်"

"မသိဘူးကွယ်၊ မင်းတို့ကြောင်လား၊ သူများကြောင်လား ဘယ်သိမလဲ၊ ဦးလေးအိမ် လာလာပြီးအော်နေလို့ နို့ဆီဘူးခွံနဲ့ ပေါက်တာပဲ"

"ဦးလေးတို့ ကြောင်မကလေးက ချိန်းလို့ လူပျိုစကား ပြောအောင် လာတာပဲ ဦးလေးရဲ့၊ သူ့ဟာသူ လာတာမဟုတ်ဘူး"

"မင်း ဘယ်သူက ပြောလဲကွဲ့၊ ရည်းစားစကား ပြောရအောင် ချိန်းတယ်ဆိုတာ"

"ကျွန်တော် ကြားတာပေါ့၊ ကျွန်တော်တို့ အိမ်ကကြောင်က ဦးလေး ကြောင်မလေးကို နောက်ပိုးပြီး သီချင်းဆိုတယ်(ဘယ်လိုဆိုသလဲ) မိညောင်၊ မိညောင်၊ ဝေါင်ဝေါင်ဝေါင်၊ ဆိုနေတာ ဦးလေးကြောင်မလေးက ကုလားစကားနဲ့ခေါ်တယ် ဦးလေးရဲ့"

"အမယ် တို့ကြောင်က ကုလားစကား တတ်သကိုး၊ ဘယ်လို ခေါ်သလဲ"

"ဝေါင်အောင်းအောင်း၊ ဝေါင်အောင်းအောင်းလို့ ခေါ်တယ်"

ကျွန်တော်သည် အပါ၏မျက်နှာပေးမျက်နှာယူနှင့် ဆိုပြ၍နေပုံကို ရယ်ချင်မိသော်လည်း သူ၏ကြောင်ကို ပစ်ခတ်မိသည့် အပြစ်ရှိနေခြင်းကြောင့် ၎င်းကို ကာကွယ်လို၍ ဣန္ဒြေဆည်လျက် "ဒါတော့ မင်းတို့ကြောင်ကစပြီး နောက်ပိုးတာကိုးကွ"ဟု ပြောလိုက်လေ၏။

"ကြောင်ဆိုတာ နောက်ပိုးတာချည့်ပဲ၊ ကြောင်ချင်းကိုတောင် မကဘူး၊ ကြွက်ကိုတောင် ပိုးတယ်"

"ကြွက်တော့ နောက်မပိုးပါဘူးကွယ်၊ စားချင်လို့ လိုက်တာထင်ပါရဲ့"

"နောက်ပိုးတာပါ ဦးလေးရဲ့၊ ဦးလေးက ဘာသိသလဲ၊ ကျွန်တော် ပြောပြမယ်"

❑ ❑

"ရှေးရှေးတုန်းက အဲဒါ အခုလိုပြာသိုလကြီးပဲ ဦးလေးရဲ့၊ ပြာသိုလ ဆိုတော့ သိပ်ချမ်းတာနဲ့ လူတွေဟာ ကောက်ညှင်းပေါင်း ပေါင်းပြီး စားကြ

Generated by CamScanner from intsig.com

တယ်၊ အဲဒါနဲ့ ကြက်မုဆိုးမကြီးနဲ့ သူ့သမီး ကြက်မအပျိုကလေး ရှိကြတာပေါ့ ဦးလေးရဲ့၊ သူတို့လည်း လူတွေဖိတ်ကျတဲ့ ကောက်ညှင်းဆန်ကလေး နည်းနည်း ပါးပါး စုထားမိကြတာ ရှိတော့၊ လူတွေလို ကောက်ညှင်းပေါင်း ပေါင်းစားချင်ကြတာပေါ့။ အဲဒီတော့ ကြက်မအမေကြီးက 'သမီးရေ၊ တို့မှာ ပိုက်ဆံလည်း ကုန်နေပြီ၊ ထင်းဝယ်စရာလည်း ပိုက်ဆံမရှိဘူး၊ သမီးကိုယ်တိုင်သွားပြီး ထင်းပေါက် ကောက်ချေကွယ်'လို့ ပြောလိုက်တာနဲ့ ကြက်အပျိုမကလေးက ထင်းထည့်ဖို့ ဆွဲခြင်းကလေးဆွဲပြီး ဖင်ကလေး ကော့လန်ကော့လန်နဲ့ ထွက်သွားတာပေါ့"

"ကြက်မကလေးက လေဒီရှုးစီးပြီး၊ မာဖလာကလေး ပတ်မသွားဘူးလား"

"လေဒီရှုးတော့ မစီးဘူးဦးလေးရဲ့၊ ဆောင်းတွင်းဆိုတော့ ချမ်းတာနဲ့ ဘလေဇာကုတ် အနက်ကလေးဝတ်လို့၊ မာဖလာတိုတိုကလေးပတ်၊ ဖက်ဖူးရောင် ပဲကြိုးသေးသေးကလေး ခေါင်းမှာချည်ပြီး၊ ဖင်ကလေး ကော့လန်ကော့လန်နဲ့ အပျိုလုပ်လာတာပေါ့"

"အဲဒါနဲ့ ကမ်းနားထိပ်ရောက်လာတော့ ဆေးတံကြီးကိုက်ပြီး လှေခုတ်နေတဲ့ ကြောင်အိုကြီးနဲ့ တွေ့ပါရော၊ ကြက်မကလေးက ဟန်ကျတာပဲ၊ လှေခုတ်တဲ့ သစ်သားစကလေးတွေ ထင်းပေါက်လုပ်ရတော့မယ်လို့ ဝမ်းသာအားရနဲ့ အနားကပ်သွားတော့ ကြောင်အိုကြီးက ဆေးတံကို ပါးစပ်က ချွတ်ကိုင်ပြီး မျက်မှန်ကို အောက်နည်းနည်းနှိမ့်ချပြီးတော့ ကြက်မကလေးကို စိုက်ကြည့်နေရင်း 'ဟဲ့ ကောင်မကလေး၊ ဘာလုပ်လာတာလဲ၊ ဟဲ ဟဲ'လို့ရယ်ပြီး မေးလိုက်တယ်၊ အဲဒီတော့ ကြက်မကလေးက 'ဘာလဲရှင့်၊ လူကြီးက စပ်ဖြဲဖြဲနဲ့' ဆိုပြီး မျက်စောင်းကလေးထိုးလိုက်တာ၊ ကြောင်အိုကြီးစိတ်ထဲမှာ ဖိုးကြိုင်းတုတ် ဖြစ်သွားတာပေါ့"

"နောက်တော့မှ ကြောင်အိုကြီးက ကြက်မကလေးအနားကပ်ပြီး 'ဟုတ်ပါဘူးကွယ်၊ ဦးလေးက သိချင်လို့ အကောင်းမေးနေတာ၊ ငါ့တူမက တယ်ပြီး ရန်တွေ့ကောင်းပါကလား၊ ဟဲ ဟဲ ပြောစမ်းပါဦး၊ ဘာဟင်းချက်မလို့ ထင်းပေါက် ကောက်တာလဲ"လို့ မေးတော့ ကြက်မကလေးက "ကောက်ညှင်းပေါင်း ပေါင်းပြီး စားမလို့"လို့ ပြန်ပြောတာနဲ့ ကြောင်အိုကြီးကပါ ကူပြီးတော့ ထင်းပေါက်တွေ ကောက်ပေးတာပေါ့။

Generated by CamScanner from intsig.com

"ထင်းပေါက်တွေ ခြင်းတောင်းနဲ့ပြည့်တော့ ကြက်မကလေးက ပြန်မယ် အလုပ်၊ ကြောင်အိုကြီးက လက်ကိုဖမ်းဆွဲထားလိုက်တာနဲ့ ကြက်မကလေးက 'ရှင် ဒီလိုမလုပ်နဲ့ရှင့်၊ ကျွန်မ အော်လိုက်လိမ့်မယ်၊ ဘာမှတ်သလဲ'ဆိုတော့မှ ကြောင်အိုကြီးက 'မကြောက်ပါနဲ့တူမရယ်၊ ဦးလေးက ချစ်လို့ ကျီစားတာပါ၊ ဦးလေး ညကိုလာခဲ့မယ်၊ ကောက်ညှင်းပေါင်း ကျွေးမလား၊ ကျွေးရင် လွှတ်မယ်' လို့ ပြောတော့ ကြက်မကလေးက 'လွှတ်ပါရှင့်၊ နောက်ကျနေရင် အမေ ဆူလိမ့်မယ်'လို့ ပြောတာပေါ့။ ဒါပေမဲ့ ကြောင်အိုကြီးက 'လွှတ်ပါ့မယ် တူမရယ်၊ ဦးလေးကို ကောက်ညှင်းပေါင်း ကျွေးမယ်ဆိုရင် လွှတ်မယ်'ဆိုလို့ 'ကျွေးပါ့မယ်' ပြောမှ လွှတ်လိုက်ပါရော"

"ကြက်မကလေးဟာ အပျိုပေါက်စကလေးဆိုတော့ လက်ဆွဲခံရတယ် ဆိုတော့ ရင်ထဲမှာ တဒိတ်ဒိတ်ခုန်ပြီး ရှက်လည်း သိပ်ရှက်တာနဲ့ ငိုပြီး အိမ်သွားတာပေါ့၊ အိမ်ရောက်တော့ သူ့အမေက 'ဟဲ့ သမီး၊ ဘာပြုလို့ ငိုလာတာလဲ၊ ဘယ်သူက စော်ကားလိုက်တာလဲ၊ ငါ မခံဘူး၊ စက်တိုင် တက်ချင် တက်ရပစေ၊ အမေတစ်ယောက် သမီးတစ်ယောက်ရှိတာ လူတကာစော်ကားတိုင်း ခံရ မလား' ဆိုပြီးပြောတော့ ကြက်မကလေးက 'အမေရဲ့၊ ကျွန်မကို ကြောင်အိုကြီး က လက်ဆွဲပြီး သုံးခွန်းသော စကားပြောပါတယ်'ဆိုတော့ အမေက ဘယ်လို ပြောလဲမေးတော့ 'တညောင် ဝေါင် ဝေါင်လို့ သုံးခွန်းပြောတယ် အမေရဲ့၊ ကျွန်မရှက်တယ်၊ ရှက်တယ်။ သိပ်ရှက်တာပဲ၊ ဂတ်တိုင်ပါ အမေရဲ့'လို့ ပြောတော့ ကြက်မုဆိုးမကြီးက 'ဟဲ့ သမီး၊ ဂတ်ကိုတိုင်လို့ မတော်ဘူး သမီးရဲ့၊ သတင်းစာထဲမှာ ဂတ်သတင်းပါသွားလို့ သမီးကို လက်ဆွဲခံရတာ လူတကာ သိသွားရင် သမီးနာမည်ပျက်မယ်၊ ဖြစ်ပြီးတဲ့ဥစ္စာ တိတ်တိတ်သာ ကြိတ်နေ လိုက်တော့၊ နောက်ကိုသာ ဒီခသခါနီးကြီးရှိတဲ့နေရာ မသွားနဲ့'လို့ ပြောလိုက် တာပေါ့"

"အဲဒီတော့ ကြက်မကလေးက 'မဟုတ်ဘူး အမေရဲ့၊ ဒီည သူ လာလိမ့် မယ်၊ သူ့ကို ကောက်ညှင်းပေါင်းကျွေးမှ ကျွန်မလက်ကိုလွှတ်မယ်ဆိုလို့ ကျွေးမယ်ပြောပြီး ပြေးလာခဲ့ရတယ်'ဆိုတော့ အမေကြီးက 'အဲဒါမှ ခက်တာပဲ၊ ညည်းကို အတင်းလူပျိုလှည့်မှာ၊ လှည့်လို့မရရင် နှစ်ယောက်စလုံး သတ်ပစ်မှာ၊ ကြောင်အိုကြီးဟာ တစ်ကျွန်းပြန် လူမိုက်ကြီးအေရဲ့၊ သိပ်ကြောက်စရာ ကောင်းတာ'လို့ ပြောတော့၊ သမီးရော အမေရော အကြံရခက်နေတာပေါ့"

"ညကျတော့ ကောက်ညှင်းပေါင်း အစောကြီး စားပြီး ဘုံးတောင်းကြီးထဲ ဝင်ပြီး အိပ်နေကြပါရော။ တော်တော်ကလေးကြာတော့ ကြောင်အိုကြီးက ရှုးဖိနပ်နဲ့ တုတ်ကောက်နဲ့ ဝတိုင်ထုတ်ပြီး ကြွက်မကလေးအိမ်ကို လာတာပေါ့ ဦးလေးရဲ့"

"ကြောင်အိုကြီးက သီချင်းကလေး ဘာကလေး ဆိုမလာဘူးလား"


"ဘာနေမလဲ ဆိုတာပေါ့၊ 'လာမယ် လာမယ် ကြွက်မကလေးရဲ့ တကယ် စောင့်တဲ့ အချိန်၊ မလွယ်ပေါက်နဲ့အိမ်'ဆိုပြီး ထွက်လာတုန်း၊ ကြွက်မလေးကို ပိုးနေတဲ့ နီတုတ်ဆိုတဲ့ခွေးက အတင်းလိုက်တာနဲ့ နောက်ဖေးလမ်းကြားက နေပြီး လှည့်ပြေးရတာပေါ့"

"ဒါနဲ့ ကြွက်မကလေး အိမ်ကိုရောက်တော့ မီးငြိမ်းထားတာ တွေ့ရ တာနဲ့ ကြောင်အိုကြီးက 'ဗို့ အိမ်ရှင်တို့ အိပ်ကုန်ကြပြီလား။ ဧည့်သည်လာတယ် လေဗျာ၊ တံခါးကလေး ဘာကလေး ဖွင့်ပေးကြအုံးမှပေါ့'လို့ ဆိုပေမယ့် ကြွက်မ ကြီးနဲ့ ကြွက်မကလေးက သူတို့တိုင်ပင်ထားပြီး မထူးဘဲ ငြိမ်နေကြတာပေါ့"

"အဲဒီအထဲမှာ ကြွက်မကလေးက ကောက်ညှင်းပေါင်းတွေ ညနေက သိပ်စားထားတာနဲ့ ဗိုက်ကြီးတင်းနေပြီး အီးပေါက်ချင်ရော ဦးလေးရဲ့၊ ဒါနဲ့ 'အမေရယ်၊ အီးပေါက်ချင်လိုက်တာ'လို့ဆိုတော့ ကြွက်မကြီးက 'မပေါက်ပါနဲ့ သမီးရယ်၊ ကြောင်အိုကြီးကြားရင် ကိုက်သတ်လိမ့်မယ်'လို့ ဆိုရော၊ ကြောင်ကြီး က ခေါ်ပြန်ရော၊ ကြွက်မကလေးကလည်း အီးပေါက်ချင်ပြန်ရော၊ 'အမေရယ် နည်းနည်းကလေး ပေါက်ပါရစေ'ဆိုတော့ 'မပေါက်ပါနဲ့သမီးရယ်၊ ကြောင်အို ကြီး ကြားရင် တို့နေရာသိသွားပြီး လာကိုက်လိမ့်မယ်'လို့ ဆိုတာပေါ့။ ကြွက်မ ကလေးက အောင့်တော့ထားပါရဲ့။ ဒါပေမဲ့ မအောင့်နိုင်လွန်းလို့ 'အမေရယ် ပိစိညှပ်ကလေးပေါက်ပါရစေ'၊ 'မပေါက်ပါနဲ့ သမီးရယ်။ ကြောင်အိုကြီး ကြား ပါ့မယ်'၊ 'အမေရယ် ဆံပင်ချိဆယ်စိတ် စိတ်တစ်ဝိတ်လောက် ပေါက်ပါရစေ' ဆိုတော့မှ 'အဲဒီလောက်တော့ဖြင့် ပေါက်ချင်ပေါက်တော့'ဆိုတာနဲ့၊ နည်းနည်း ကလေးရယ်လို့၊ ပေါက်လိုက်တာ ကြွက်မကလေးက သူ့ဖင်ကို တားမရဆီးမရ ဘရိတ်အုပ်လို့ မရဘဲ "ဘူ"ဆိုပြီး အကုန်လုံးပေါက်လိုက်မိတော့ ဘုံးတောင်း ကြီး ကွဲသွားတာပေါ့။ ကြောင်အိုကြီးကလည်း 'ဟိုက် ကောင်းကင်က ဗုံးကြဲပြီ၊ ပြေးမှပဲ'ဆိုပြီး ပြေးရော၊ အဲဒါနဲ့ ပြီးရော"

❏ ❏ ❏

Generated by CamScanner from intsig.com



တစ်ခုသောညနေခင်းတွင် ကျွန်ဘော်သည်လွန်စွာပျင်းရိလှသဖြင့်၊ ကျွန်တော်၏မိတ်ဆွေကြီး အပါကလေးကို မျှော်ပါသော်လည်း မပေါ်လာဘဲ ရှိပြီး ၎င်းတို့အိမ်မှာလည်း တစ်အိမ်လုံးပိတ်ထားသည်ကို တွေ့ရလေ၏။ သို့အားဖြင့် စာတစ်အုပ်အဖော်ပြုလျက်နေခဲ့ရလေရာ၊ နေဝင်ချိန်လောက်တွင် အပါနှင့်တကွ ၎င်းတို့၏မိသားတစ်စုသည် လန်ချားတစ်စီးနှင့် ပြန်လာကြသည်ကို တွေ့ရပြီးနောက်၊ အတန်ကြာသောအခါ အပါရောက်၍ လာလေ၏။

"ဟော့ မင်းတို့ စောစောက ဘယ်သွားနေကြသလဲ"

"ကျွန်တော်တို့ တာဇံရုပ်ရှင်သွားကြည့်တယ် ဦးလေးရဲ၊ သိပ်ကောင်းတာပဲ ဦးလေးရာ၊ အူဝါး အူဝါးဝါးနဲ့အော်တယ် ဦးလေးရဲ့"

"ဒီလိုအော်တာနဲ့ပဲ ကောင်းသလားကွယ်"

Generated by CamScanner from intsig.com

"ဒီလိုအော်လိုက်ရင်၊ ဆင်တွေလာတာပေါ့ ဦးလေးရဲ့၊ ဆင်တွေ သိပ်များတာပဲ၊ ရှေးတုန်းကဆိုရင် ဒီလို ဆင်ခေါ်လို့ရတာ တစ်ယောက်တည်း ရှိတယ်"

"ဘယ်သူလဲကွဲ့၊ ငါဖြင့် ရာဇဝင်ထဲမှာ ဘုဝါး၊ ဘုဝါးဝါးလို့ အော်တဲ့ ရှင်ဘုရင် တစ်ယောက်မှ မတွေ့ဖူးပါကလား"

"ဦးလေးမတွေ့ဖူးပေမယ့် ရှိတယ်၊ သူ့နာမည်က ဥတိန္နတဲ့၊ ဒီပုံ ဦးလေး ကြားဘူးပြီလား"

"ကြားဖူးလည်း မင်းပြောမှာပဲ၊ ကဲ ပြောသာပြောပါ"

❑ ❑

"ရှေးရှေးတုန်းက၊ အဲဒီပုံကို အစကနေ စရလိမ့်မယ် ဦးလေးရဲ့"

"အစက မစလို့၊ ဘယ်ကနေပြီး စဦးမှာလဲ"

"မဟုတ်ဘူးဦးလေးရဲ့၊ အစရဲ့အရင်ကနေပြီး စရမယ်၊ ဥတိန္န အကြောင်း ကို အရင် မစရသေးဘူး၊ ရသေ့ကြီးနှစ်ပါးက စရတယ်။ အဲဒါနဲ့ အဲဒီတုန်းက ရသေ့ကြီးနှစ်ပါးရှိရော၊ တစ်ပါးက မာလကချောန်ကြွပြီး ဟိုဒင်းဖြစ်ရော၊ ဟိုဟာလေ၊ ညောင်ပင်ပေါ်မှာနေတာ ဘာလဲ ဦးလေးရဲ့"

"တောက်တဲ့လကွယ်"

"မဟုတ်ဘူးလေ၊ ဗိုက်ပူကြီးနဲ့ ခါးတောင်းကျိုက် ထိုးကွင်းထိုးတာ"

"ဩော် ရုက္ခစိုးလား"

"ဟုတ်တယ်၊ ဟုတ်တယ်။ အဲဒီ ညောင်ပင်စောင့်တဲ့ နတ်ကြီးဖြစ်ရော။ တစ်ယောက်ကတော့ ရသေ့ပဲဖြစ်နေတော့ အဖော်ကမရှိဘူး။ သူနေတဲ့ တောထဲ ဆင်တွေလာတော့၊ သိပ်ကြောက်ပြီး နတ်ကြီးကို ကယ်ပါပြောတော့ နတ်ကြီးက ဆင်တွေနိုင်တဲ့ဂါထာ ပေးလိုက်တာပေါ့"

"နတ်ကြီးဂါထာက ဘယ်လိုဆိုရသလဲ၊ ဘုဝါး၊ ဘုဝါးဝါးတဲ့လား"

"အဲဒါတော့မသိဘူး၊ တာဇံလိုပဲ ဆိုမှာပေါ့၊ ဒါပေမဲ့ စောင်းနဲ့တီးပြီး ဆိုရတယ်၊ အဲဒါနဲ့ မိဖုရားကြီးတစ်ယောက်ဟာ ဗိုက်ကြီးတော့၊ အခုလို ဆောင်းတွင်း ကြီးပေါ့ ဦးလေးရဲ့။ သိပ်ချမ်းတာနဲ့ ဝရန်တာထွက်ပြီး၊ ကတ္တီပါ စောင်အနီကြီး ခြုံပြီး နေပူစာလှုံတုန်း၊ ဧရာမ ငှက်ကြီးတစ်ကောင်က အမဲသားတုံးရဲရဲကြီး မှတ်ပြီး ချီပြေးပါရော"

"ငှက်ကလည်း ဒါလောက်ပဲ မျက်စေ့မွဲသလားကွဲ့၊ မျက်မှန် တပ်ရောပေါ့"

"အဲဒါနဲ့ သစ်ပင်ကြီးတစ်ပင်ပေါ်ကျတော့ စားမယ်လို့ ခွကြားမှာ ချလိုက်တော့၊ မိဖုရားကြီးက လက်ခုတ်တီးပြီးလှန့်လိုက်တာနဲ့ ငှက်ကြီးလည်း လန့်ဖျပ်ပြီး ချေးတွေဘာတွေပါပြီး ပြေးပါရော၊ မိန်းမကြီးလည်း မဆင်းနိုင်ဘူး။ တော်တော်ကြာကျတော့ သစ်ပင်ပေါ်မှာ ကလေးမွေးရော"

"ဘယ်ကဝမ်းဆွဲသည် ခေါ်သတဲ့လဲ"

"တောထဲမှာ ဘယ်ရှိမလဲ ဦးလေးရဲ့၊ သစ်ပင်စောင့်တဲ့ နတ်ကြီးက ပိုက်ဆံရရင် ဝမ်းဆွဲသည် လုပ်ချင်လုပ်မှာပေါ့၊ ဒါနဲ့ အဲဒီနားမှာရှိတဲ့ ရသေ့ကြီးက ကလေးငိုသံကြားတာနဲ့ လာကြည့်တော့ တွေ့ရလို့ သက်နိုးကို ဖင်အပြောင်သား ခါးတောင်းကျိုက်ပြီး သစ်ပင်ပေါ် တက်ယူရတာပေါ့၊ နောက်တော့ ဒီမိန်းမကြီးလည်း အိမ်မပြန်တတ်တာနဲ့ ရသေ့ကြီးနဲ့ တိတ်တိတ်ပုန်း ညားကြရော"

"မသိဘူးလေ၊ သူတို့က တိတ်တိတ်ပုန်းမှ ကောင်းတယ်ထင်တာကိုး။ အဲဒါနဲ့ ကောင်ကလေး ကြီးလာတော့၊ ရသေ့ကြီးက ဗေဒင်တွက်ကြည့်တော့ ကောင်ကလေးအဖေ ရှင်ဘုရင်ကြီးသေတာ သိရလို့ 'နင် ရှင်ဘုရင် လုပ်ချင်ရင် ပြန်သွား'လို့ ပြောတော့၊ သူ့အမေကလည်း ရှင်ဘုရင့်သား အစစ်ဖြစ်တာ သက်သေခံပစ္စည်းနဲ့ပြရအောင်၊ ကတ္တီပါစောင်နဲ့ ခါတုဗေဒ စိန်လက်စွပ်တစ်ကွင်း ပေးလိုက်တာပေါ့"

"ရှင်ဘုရင်ကတော်ကလည်းကွယ်၊ ဓါတုဗေဒလက်စွပ် ဝတ်ရအောင်၊ ဒီရှင်ဘုရင်က ဒါလောက်တောင်မွဲသလား"

"မဟုတ်ဘူး ဦးလေးရဲ့၊ အခုကာလ သူဌေးကတော်တွေလိုပေါ့၊ အစစ်ကို ပေါင်ထားတုန်း အတုကို ဝတ်ထားတာပေါ့။ ဒါနဲ့ နန်းတော် ရောက်တော့ အဲဒါတွေ ပြတော့၊ ရှင်ဘုရင့်သား အစစ်ပဲဆိုပြီး သူ့အဖေရာထူး တစ်လ ၆၅ကျပ်နဲ့ ခန့်လိုက်ရော"

"ဒါနဲ့ တခြားတိုင်းပြည် တစ်ပြည်က၊ ရှင်ဘုရင်ဟာ သူ့လို ဆင်တွေ များများ မရှိတော့၊ တာဇံလို အော်တတ်ချင်တာနဲ့ သူနဲ့လာပြီး စစ်တိုက်ရော။ ဒါပေမဲ့ ဥတိန္နက အူဝါး၊ အူဝါးဝါးလို့ အော်လိုက်ရင်ပဲ ဟိုရှင်ဘုရင်ရဲ့ ဆင်တွေဟာ ဥတိန္နဆီရောက်ရောက် သွားတာကိုး၊ အဲဒီတော့ ဥာဏ်ဆင်ပြီး ဘုန်းကြီးပျံက ဆင်ရုပ်ကြီးတစ်ခုခိုးလာပြီး ရွှံ့ဗွက်ကြီးထဲ ချထားတာပေါ့"

Generated by CamScanner from intsig.com

"ဥတိန္နက ဒီဆင်ကိုမြင်တော့ တကယ့်ဆင်မှတ်ပြီး ဂါထာနဲ့ ဘုဝါး၊ ဘုဝါး ဝါးနဲ့ အော်ပေမယ့် ဆင်ကြီးမလာတာနဲ့ ဒေါပွပြီး အတင်းလိုက်တာ နွံ့ဗွက်ထဲ မ်နေပါရောဗျာ၊ ဒါနဲ့ ဟိုရှင်ဘုရင်က သူ့ကိုဖမ်းပြီး လှောင်ချိုင့်ထဲ ထည့်ထားတာပေါ့၊ ဒီတော့ ဥတိန္နက 'ခင်ဗျား ကျုပ်ကို သတ်ပစ်ပါ၊ ဒီလိုတော့ လုပ်မထားပါနဲ့၊ လွှတ်ရင်လည်းလွှတ်ပါ'ပြောတော့ အဲဒီရှင်ဘုရင်က 'မင်း ငါ့ကို တာဝံလိုအော်တတ်အောင် သင်ပေးမှ လွှတ်မယ်'ဆိုတော့ 'ကောင်းပြီ သင်ပေးမယ်၊ ခင်ဗျား ကျုပ်ကို ရှိခိုးရမယ်'ဆိုတာနဲ့ ရှင်ဘုရင်က ရှိမခိုးချင်တော့ 'ငါ့ ကျွန်မကို သင်လို့ခိုင်းတာပေါ့၊ ဒါပေမဲ့ တကယ်တော့ သူ့ကျွန်မ မဟုတ်ဘူး၊ သူ့သမီး ဦးလေးရဲ့၊ သူက သူ့သမီးနဲ့ သင်ခိုင်းပြီးမှ သူကတစ်ဆင့် သင်မယ်လို့ ကြံထားတာ၊ သူ့သမီးကိုတော့ 'နင့်ကို အနူဆရာတစ်ယောက်က သင်ပေးလိမ့်မယ်၊ ဒါကြောင့် အနူမကူးစေရအောင်၊ ကန့်လန့်ကာ ဂုထပ် ကာထားမယ်' ဆိုပြီး တကယ်တော့ တစ်ယောက်ကို တစ်ယောက် မသိစေချင်လို့၊ အဲဒီလို လုပ်ထားတာပေါ့"

"အဲဒါနဲ့ ဥတိန္နကသင်ပေးတော့ ရှင်ဘုရင့်သမီးက မဆိုတတ်တော့ ဥတိန္နက 'ဟဲ့ ကျွန်မ၊ နင် ဒါလောက် လျှာထူရသလား'ဆိုတာနဲ့ ရှင်ဘုရင့် သမီးက ကျွန်မအခေါ်ခံရတာနဲ့ စိတ်ဆိုးပြီး ပြန်ဆဲတာနဲ့ ဥတိန္နက ကန့်လန့်ကာ လှန်ကြည့်တော့ သိပ်လှတဲ့ မင်းသမီးကလေးမြင်တာနဲ့ ကန့်လန့်ကာထဲ ဆွဲသွင်းလိုက်ရော၊ ဒါနဲ့ တိတ်တိတ်ပုန်း ညားကြရော"

"တယ်ဟုတ်ပါလား၊ အမေကလည်း ရသေ့နဲ့တိတ်တိတ်ပုန်း၊ သားကျ တော့လည်း တိတ်တိတ်ပုန်း"

"ဟုတ်တယ်၊ သူတို့အမျိုးက တိတ်တိတ်ပုန်းအမျိုး ဦးလေးရဲ့၊ အဲဒါနဲ့ သူတို့အချင်းချင်း ကြိုက်ကြပြီး 'မဖြစ်ဘူးဟေ့၊ တို့မျာ း စောစောစီးစီး ခိုးပြေး ကြမှပဲ၊ မင်းတို့ ဖခင်ကြီး သိသွားရင် အင်မတန်ဆူမှာ၊ တို့များ ဆင်နဲ့ ပြေးကြမယ်၊ လူတွေလိုက်လာကြရင် မမိအောင်တော့ တစ်ခုခုလုပ်မှပဲ'ဆိုပြီး သူတို့လက်ဝတ်လက်စားတွေ ဘာတွေ ညာတွေချွတ်၊ ဖလားကြီးတစ်ခုထဲ ထည့်ပြီး၊ မနက်အစောကြီး ဆင်နဲ့ထွက်ပြေးပါရော"

"နေပါဦး၊ မင်းသမီးက ဆင်နဲ့လိုက်ပြေးသလား၊ စောစောက ပြောတော့ ဥတိန္နနဲ့ ခိုးရာလိုက်မလို့ဆို"

"ဟုတ်တယ်လေ၊ ဥတိန္နနဲ့ ဆင်စီးပြီး ခိုးရာလိုက်ပြေးတာ ပြောခဲ့ တာပဲ၊ မင်းသမီးက ဆင်နဲ့ခိုးရာလိုက်မှဖြင့် ခသရောပေါ့၊ ဆင်ဆိုတာ ရောမ

Generated by CamScanner from intsig.com

အကောင်ကြီးပဲ၊ တဲ့ဒါ ရှင်ဘုရင်သိတော့ စစ်သားတွေနဲ့ အတင်းလိုက်နှိမ်း တာပေါ့၊ လိုက်လို့ မှီခါနီးတော့ ဥဏှိနှက ပလားကြီးထဲက စိန်တွေရွှေတွေ ရှထားပစ်ခဲ့တော့၊ ပိုက်ဆံပက်ပြီး ကုန်းကောက်နေကြတာနဲ့ လွတ်သွားပြီး သူတို့နိုင်ငံ ပြန်ရောက်သွားကြရော၊ တဲ့ဒါပြီးရော့

❑ ❑

၉



"ဦးလေး ဘာလုပ်နေသလဲ" ဟူ၍ မေးလိုက်သော ကလေးအသံကို ကြားရသဖြင့် ကျွန်တော်သည် စာရေးနေရာမှ လှမ်း၍ကြည့်လိုက်ရာ၊ ကျွန်တော်၏ အိမ်နီးချင်း မိတ်ဆွေကြီးအပါကလေးကို တွေ့ရလေ၏။

"ဟာ- အပါကလေးပါလား၊ မင်းကျောင်းဆင်းလာပြီလား"

အပါသည် ခေါင်းညိတ်လျက် "ဟုတ်ကဲ့"ဟု ဖြေလေ၏။

"မင်း ဒီကနေ့ ဘယ်နှခါ အရိုက်ခံရသလဲ"

"ဒီကနေ့ အရိုက်မခံရဘူး ဦးလေးရဲ့၊ တစ်ခါတည်း ဆရာမက သူ မေးတာမရလို့ ဗိုက်ကိုဆွဲလိမ်တယ်"

"အေး အေး၊ ခဏထိုင်ဦးနော်၊ ငါ စာရေးဦးမယ်"

"အခု တမရေးပါနဲ့ဦး ဦးလေးရဲ့၊ ကျွန်တော် ပုံပြောပါဦးမယ်"

အပါပြောသောပုံများမှာ အလွန်နားထောင်ကောင်းလှေ့ရှိသောကြောင့် ကျွန်တော်လည်း မငြင်းပယ်လိုဘဲ ဘာရေးစားပွဲမှထကာ "ဒီကနေ့ မင်း ဆရာမ

က ဘာပုံပြောလိုက်သလဲ"ဟုဆိုရင်း ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ပြီး လှုံ နားစိုက်နေလေ၏။

"ဟာ၊ သိပ်ကောင်းတာပဲ ဦးလေးရဲ့၊ ဆင်းရဲတဲ့ လင်မယားနှစ်ယောက် အကြောင်း ပြောပြတယ်၊ နောက်တော့ သူတို့နှစ်ယောက် ချမ်းသာသွားတယ်"

"ဟင် မင့်ဝတ္ထုက· မပြောခင်က ပြီးနေပါရောလား"

"မပြီးသေးဘူး ဦးလေးရဲ့။ အထဲမှာ ဘီလူးတွေဘာတွေလည်း ပါတယ်၊ ဦးလေး နားထောင်နော်။ ဟာ ဦးလေးကလည်း နားလည်းမထောင်ဘူး၊ ဒူးကြီး လှုပ်လှုပ် နေပြန်ပြီ၊ ဦးလေးဒူးကြီးကို မဆော့နဲ့၊ အဲဒီပုံ ကျွန်တော် ကောင်း ကောင်း ပြောပြမယ်။ အဲဒီလင်မယားနှစ်ယောက် နာမည်က ဘာပါလိမ့်၊ ဩော် သိပြီ၊ သိပြီ၊ ကာကိဝလတဲ့"

"ကာကဝဠိယပါကွ"

"အင်း၊ ဟုတ်တယ်၊ ဟုတ်တယ်၊ နားထောင်နော်"

□ □

"အဲဒါနဲ့ ရှေးရှေးတုန်းက ဟင်. . ဟုတ်ပေါင်၊ ရှေးရှေးတုန်းက မဟုတ်ဘူး ဦးလေးရဲ့၊ အဲဒါပုံမဟုတ်ဘူး တကယ်ဖြစ်တာ၊ ပုံဆိုမှ ရှေးရှေးတုန်းကလို့ ပြောရ မှာနော်"

"အဲဒီယောကျ်ားနဲ့ မိန်းမကြီးတွေရှိကြရော၊ သူတို့ဟာ သိပ်ပြီး ဆင်းရဲ တယ် ဦးလေးရဲ့၊ အင်္ကျီတောင်မရှိဘူး၊ ယောကျ်ားကြီးမှာ လုံချည် တစ်ထည် တည်း ရှိတယ်၊ ရုံးသွားရင် လုံချည်တစ်ထည်တည်းနဲ့ သွားရတယ်၊ မိန်းမကြီး မှာလည်း ဘာမှမရှိဘူး၊ ပဝါတစ်ထည်ပဲရှိတယ်၊ ဈေးသွားရင် ဒီပဝါလေးခြုံပြီး သွားတာပဲ၊ သူတို့ရှက်လည်း မရှက်ဘူးနော်"

"ဩော် ဝတ်လစ်စလစ်ဂိုဏ်းကို စပြီးထောင်တာ သူတို့ ပထမပဲ ထင်တယ်"

"ဟုတ်တယ် ဦးလေးရဲ့၊ ဦးပြီး သူတို့နှစ်ယောက်ဝလုံး ထမင်းမစားဘူး၊ ကစွန်းရွက်နဲ့ ဆန်ကွဲချက်ပြီး စားတယ်၊ ဒီလိုဆိုရင် ဘာစားလို့ မြိန်မလဲနော်၊ ငံပြာရည်လည်း မပါဘူး၊ ဦးပြီးတော့ မြေကြီးပေါ်မှာ အိပ်ရတယ်တဲ့၊ ဒါတောင် ဘုန်းကြီးတစ်ယောက်၊ အဲလေ ဘုန်းတစ်ခုလာပြီး သူတို့ကို သိပ်ချမ်းသာတယ် ထင်လို့ ဆွမ်းခံပါရော၊ ဒီတော့ ယောကျ်ားကြီးက 'အရှင်ဘုရား၊ ကျွန်တော်တို့

သိပ်ပြီးဆင်းရဲပါတယ်၊ ထမင်းတောင် မစားရသေးဘူး'လို့ ပြောတော့၊ ဘုန်းကြီးက 'နင်တို့ ငါ့ကိုဆွမ်းလောင်းရင် ချမ်းသာလိမ့်မယ်'လို့ ပြောတာနဲ့ ဆန်ကွဲနဲ့ ကန်စွန်းရွက်ကျိုထားတာတွေ လောင်းလိုက်ရော၊ ဘုန်းကြီး ဆန်ကွဲမှန်းမသိဘဲ ချဉ်ပေါင်ဟင်းနဲ့ ပဲပြုတ်မှတ်လို့ သိပ်ဝမ်းသာပြီး 'ချမ်းသာပါစေ၊ ချမ်းသာပါစေ' လို့ ဆုတောင်းပြီး ပြန်သွားရော"

"အဲဒါနဲ့ သူတို့တိုင်းပြည်မှာ ရှင်ဘုရင်တစ်ပါးရှိရော၊ အဲဒီဘုရင်ဟာ ပုံထဲမှာပါတဲ့ ဘုရင်တစ်ပါး ငါးချဉ်စား ဖင်ကားပြီးသေရောဆိုတဲ့ ဘုရင် မဟုတ်ဘူး၊ တကယ့် ရှင်ဘုရင်အစစ်၊ ဒီရှင်ဘုရင်ကြီးက တစ်နေ့တော့ မသာပို့ သွားရော၊ သွားတော့ ခေါးဆိုးမှုနဲ့ သေစားသေစေလို့ ကြိုးပေးခံရတဲ့ အကျဉ်း သမားတစ်ယောက်ကို သင်္ချိုင်းကုန်းမှာ ကြိုးနဲ့ ချည်ထားတာ တွေ့ရရော၊ အဲဒီ အကျဉ်းသမားက ရှင်ဘုရင်ကို မြင်တော့ 'အသင် ရှင်ဘုရင်ကြီးရယ် ခင်ဗျား စားတဲ့ထမင်း ကျွန်တော့်ကို ပေး စားပါ'လို့ တောင်းတယ်"

"သြော် ပေးစားပါလို့ ပြောသလား၊ ဒါဖြင့် ဒီရာဇဝတ်ကောင်ဟာ မော်လမြိုင်သားထင်တယ်"

"မဟုတ်ဘူး၊ ဦးလေးရဲ့ ရေနံချောင်းသားလို့ ဆရာမက ပြောတယ်"

"အဲဒါနဲ့ ဘုရင်က 'အေး အေး၊ နန်းတော်ကျရင် ပို့ခိုင်းမယ်'ပြောပြီး မော်တော်ကားနဲ့ နန်းတော်ကို ပြန်သွားရော။ နန်းတော်ကျတော့၊ ရှင်ဘုရင်က ထမင်းပို့ဖို့ မေ့နေရော၊ ညကျတော့မှ ရှင်ဘုရင်က သတိရပြီး၊ ထမင်းပို့ခိုင်း တော့ သင်္ချိုင်းကုန်းမှာ တစ္ဆေခြောက်မှာကြောက်တာနဲ့ ဘယ်သူမှ မသွားရဲ ကြဘူး၊ လမ်းမှာလည်း ဘီလူးတွေရှိတယ်၊ နို့ပြီး ဒီညဟာ လကွယ်ကျော် ၂ ရက်နေ့ဆိုတော့ သိပ်မှောင်တာပဲ။ ဒါနဲ့ ဘယ်သူမှ မသွားရဲကြတော့ ရှင်ဘုရင် က မြို့ထဲမှာ မောင်းတီးခိုင်းပြီး သင်္ချိုင်းကုန်းကို ထမင်းသွားပို့ဝံ့တဲ့လူရှိရင် ဆုငွေတစ်ထောင်ပေးမယ်ဆိုတော့ တခြားလူတွေကတော့ ဘီလူးကိုက်ပြီး စားမှာကြောက်တာနဲ့ ဘယ်သူမှမသွားဝံ့ကြဘူး။ ဒီဆင်းရဲတဲ့ လင်မယား ကတော့ ပိုက်ဆံသိပ်လိုချင်တော့ သူ့မိန်းမက သူ့လင်မသိအောင် အိပ်ရာထဲ က တိတ်တိတ်ကလေးထလာပြီး 'ကျွန်မသွားမယ်၊ ကျွန်မတောင်းတာ ပေးမလားဆိုတော့၊ ရှင်ဘုရင်က အေးပေးမယ်'ဆိုတော့၊ ဒီမိန်းမက 'ကျွန်မကို ခုံဖိနပ်ပေးရယ်၊ ပုသိမ်ထီးရယ်၊ ဓာတ်မီးအကျီရယ်၊ ဓားမရယ်၊ အဲဒါတွေ ပေးရင်သွားမယ်'လို့ပြောတော့ အဲဒါတွေ ရှင်ဘုရင်က ပေးလိုက်ရော၊ ဒါနဲ့ အဲဒါတွေဝတ်ပြီး သူတစ်ယောက်တည်း သွားတာပေါ့"

Generated by CamScanner from intsig.com

"ဇာဘော်လီနဲ့ ခုံဖိနပ်ပဲ စီးသလား၊ ထဘီမပါဘူးလား"

"ဒါတွေပဲ ဝတ်တယ် ဦးလေးရဲ့၊ ဆရာမပြောတဲ့အထဲမှာ ထဘီမပါဘူး၊ ဦးလေးကလည်း ဝင်ဝင်ပြီး စကားပြောတာပဲ၊ ငြိမ်ငြိမ် နားထောင်ပါ ဦးလေးရဲ့"

"အဲဒါနဲ့ ဒီမိန်းမကြီးလည်း တောထဲကို ရောက်သွားရော၊ ရောက်သွားတော့ တောထဲမှာရှိတဲ့ ဘီလူးကြီးက 'ဟဲ့ ကမြင်းမ နင်ဘာဖြုလို့ ငါ့သစ်ပင် အရိပ်ထဲဝင်ရသလဲ၊ နင့်ကို ကိုက်စားမယ်'ဆိုပြီး အစွယ်ကြီးထုတ်ပြတော့ ဒီမိန်းမက ပထမတော့ ကြောက်သွားတယ်၊ နောက်တော့မှ မကြောက်ဘဲ၊ 'ဟဲ့ ဘီလူး၊ ငါ နင့်သစ်ပင် ရိပ်ထဲဝင်တာမဟုတ်ဘူး၊ ငါ့ထီးအရိပ်ထဲ ငါဝင်တာ၊ နင် ဘာရန်စကားပြောတာလဲ၊ ငါ့ ခုံဖိနပ်နဲ့ ပါးပိတ်ချလိုက်ရ ယိုးဒယား ကသွားမယ်'ဆိုပြီး သူစီးလာတဲ့ ခုံဖိနပ်ကို ချွတ်ပြီးရိုက်မယ် လုပ်တော့မှ 'အမယ်လေး ချမ်းသာပေးပါ အသင်မိန်းမရယ်၊ ငါနောက်ကို ဒီလိုမပြောပါဘူး၊ နင့်လည်း ငါ ကိုက်မစားပါဘူး၊ နင့်ကို ငါရွှေအိုး ၇ လုံး ပေးပါ့မယ်၊ ငါ့မိန်းမ ကလေးမွေးနေလို့၊ ဟိုရှေ့က သစ်ပင်မှာရှိတဲ့ ငါ့ယောက္ခမကို ဝမ်းဆွဲသည် ခေါ်ပေးနိုင်းပါလို့ပြောတော့၊ ဆင်းရဲတဲ့မိန်းမကြီးက 'အေး ငါ ပြောပေး မယ်ဆိုပြီး၊ ဘီလူးဆီက ရွှေအိုး ၇ လုံးကို ယူရော၊ ဒါပေမဲ့ သူ မထမ်းနိုင်ဘူး၊ သိပ်လေးတာနဲ့ လန်ချားခေါ်ပြီး လန်ချားနဲ့ တင်ယူသွားရော"

"နောက်သစ်ပင်တခ်ပင်ရောက်တော့၊ သူပြောတဲ့ ဘီလူးကို တွေ့ရော၊ 'ဟဲ့ ဘီလူး၊ နင့်သမီး ကလေးမျက်နှာမြင်နေတယ်၊ နင့်သမက်က ဝမ်းဆွဲသည် ခေါ်ပေးပါလို့ မှာလိုက်တယ်'လို့ပြောတော့ ဘီလူးကြီးက သိပ်ဝမ်းသာပြီး၊ နင်ပြောတာ ငါသိပ်ကျေးဇူးတင်တယ်။ ဟောဒီမကျိုးပင် အောက်က ရွှေအိုး ၇ လုံး တူးပြီးယူဆိုတော့၊ ဒီမိန်းမကြီးလည်း ရွှေအိုးတွေ တူးပြီးလန်ခြားပေါ် တင်ယူသွားရော။ ပထမ ဘီလူးဆီက ရွှေအိုး ၇ လုံး၊ နောက်ဘီလူးဆီက ရွှေအိုး ၇ လုံးဆိုတော့ ခုနစ်နဲ့ ခုနစ်ပေါင်းလိုက်တော့ ဘယ်လောက်ပါလိမ့်၊ ခုနစ်ပြီး ရှစ်၊ ရှစ်ပြီး ကိုး၊ ကိုးပြီး တစ်ဆယ်၊ တစ်ဆယ်ပြီး ဆယ့်တစ်၊ ဆယ့်တစ်ပြီး ဆယ့်နှစ်၊ ဆယ့်နှစ်ပြီး ဆယ့်သုံး၊ ဆယ့်သုံးပြီးတော့ ဆယ့်လေး၊ အင်း ဟုတ်တယ်၊ အားလုံး ဆယ့်လေးလုံးရသွားရော။ ဒါနဲ့ ဒီမိန်းမကြီးက ငါတော့ ကော်တာပဲ။ လက်ကောက်တွေ ခြေချင်းတွေ လုပ်ရတော့မှာပဲလို့ သိပ်ဝမ်းသာသွားတာပဲ"

Generated by CamScanner from intsig.com

"နောက်တော့ သင်္ချိုင်းကုန်းကို ရောက်သွားပြီး ရာဇဝတ်သားကို ထမင်းခွံ့ရော၊ ထမင်းခွံ့တော့ ရာဇဝတ်သားက လက်ကို ဖမ်းပြီးဆွဲထားတာပေါ့၊ ဒီတော့ ဒီမိန်းမက 'နင် ငါ့ကို လွှတ်ရင်လွှတ်၊ မလွှတ်ရင် ငါအော်လိုက်မယ်၊ နင့်ကို လက်ဆွဲမှုနဲ့ ဂတ်တိုင်မယ်'ဆိုတော့မှ လွှတ်လိုက်ပြီး ရွှေအိုးတွေပေါ် တက်ယိုင်ပြီး လန်ချားနဲ့ နန်းတော်ကိုပြန်ရော"

"နန်းတော်ကျတော့ ရှင်ဘုရင်က ငွေတစ်ထောင် ပေးလိုက်လို့ ချမ်းသာသွားရော၊ မင်းတို့ကို ငါဆာဘွဲ့ပေးမယ်လို့ဆိုပြီး နောက်တော့ ဘွဲ့မပေးဘဲ လိမ်ပြီးတော့ သူတို့နှစ်ယောက်စလုံးကို ကာကလဝ၊ ဟင် ဟုတ်ပေါင်၊ ခုနက ဦးလေးပြောတဲ့ နာမည်ဘာတဲ့"

"ကာကဝဋ္ဋိယ"

"အင်း၊ ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီနာမည်ကို လိမ်ပြီး ပေးလိုက်ရော၊ အဲဒါနဲ့ ပြီးရော"

❑ ❑ ❑

Generated by CamScanner from intsig.com




"ရှေးရှေးတုန်းက ကောက်ရိုးပုံဆိုတဲ့ ရွာလေးတစ်ရွာမှာ၊ ယုန် လင်မယားနှစ်ယောက်ရှိကြရောကွဲ့၊ သူတို့နာမည်က ကိုဘိုးယုန်နဲ့ မငွေယုန်တဲ့။ သူတို့မှာ သားကလေးတစ်ယောက်ရှိတယ်။ သူ့နာမည်ကတော့ မောင်ရွှေယုန်တဲ့"ဟု ဘိုးသောကြာဆိုသော လူကြီးက ပုံပြော၍ပြရာ၊ နားထောင်နေသော ချက်ဝူခေါ် သည့် သူငယ်ကလေးက "ဟင်၊ သူတို့နာမည်တွေကလည်း အားလုံး ယုန်ချည့်ပဲပါလား၊ တခြားနာမည် မရှိဘူးလား"ဟု မေးလေ၏။

"သူတို့လည်း အင်္ဂလိပ်တွေလိုပေါ့ကွဲ့၊ အင်္ဂလိပ်တွေဟာ အဖေက မဇ္ဈတာဘရောင်းဆိုရင်၊ အမေက မဇ္ဈက်ဘရောင်း၊ သားက မာစတာဘရောင်းလို့ ခေါ်သလိုပေါ့"

"ဒါဖြင့် သူတို့ ဗိုလ်ဆန်တာပေါ့ ဦးလေးရဲ့၊ ဒီယုန်သားအမိ သားအဖတွေဟာ ဘိလပ်ပြန်တွေ ထင်တယ်"

Generated by CamScanner from intsig.com

"အေး၊ သူတို့က သင်းဘောယုန် အမြုမျိုးကိုကွ၊ ဗိုလ်ဆန်တာပေါ့၊ ဗိုလ်ဆန်လို့ သူတို့က ခင်နာပါတီတွေ ဘာတွေလုပ်တာပေါ့"

"ဘယ်တုံးက လုပ်သလဲ"

"မလုပ်ရသေးဘူးလေ"

"နို့ ဦးလေးပြောတော့ သူတို့က ခင်နာပါတီ လုပ်တယ်ဆို"

"အေး၊ ဟုတ်တယ်၊ အခုမလုပ်ရသေးဘူး၊ တော်တော်ကြာလုပ်မှာပေါ့။ ဦးလေးပြောတာ အဲဒီလုပ်တာကိုမှ မရောက်သေးဘဲ။ ရောက်တော့ လုပ်တာတွေ့ရမှာပေါ့၊ နားထောင်ပါအုံး။ အဲဒါနဲ့ ကိုဘိုးယုန်နဲ့ မငွေယုန်တို့က ဒီနေ့ည ခင်နာပါတီလုပ်ရအောင်၊ ဧည့်သည်တွေကိုလည်း ဖိတ်မယ်ဆိုပြီးတော့ သူတို့သားကလေးရွှေယုန်ကို ငါးမျှားခိုင်းလိုက်ရောကွဲ့"

"ယုန်တွေဟာ ငါးစားသလားဦးလေးရဲ့၊ သူတို့ သက်သတ်လွတ်စားတယ် မဟုတ်လား"

"ယုန်တွေဟာ သက်သတ်လွတ်စားတာကွဲ့၊ ယုန်တွေက သက်သတ်လွတ်စားတဲ့ ဇိဝနာယီဂိုဏ်းထဲဝင်ကြတယ်၊ ကိုဘိုးယုန်တို့ကတော့ ဘိလပ်ပြန်ယုန်ဆိုတော့ စားတာပဲ"

"ငါးပိကြော်ကော စားသလား"

"စားတာပဲ"

"မုန့်ဟင်းခါးကော စားသလား"

"စားတာပဲ"

"ဒါဖြင့် ဒီယုန်တွေဟာ ဗိုလ်ချဉ်ပေါင်တွေပေါ့ ဦးလေးရဲ့"

"အေး၊ သူတို့ ဘိလပ်က ပြန်ကတည်းက ဇာတ်ပျက်နေကြပြီ"

"ဒါနဲ့ ရွှေယုန်ကလေးက ငါးမျှားသွားရောလား"

"ရွှေယုန်ကလေးလည်း ကမ်းနားသွားပြီး ငါးမျှားရမယ်ဆိုတော့ သိပ်ဝမ်းသာသွားတာပေါ့ကွယ်။ အဲဒါနဲ့ ရွှေယုန်ကလေးလည်း နို့ဆီဘူးတစ်ခုနဲ့ တီကောင်တွေထည့်၊ ငါးထည့်ဖို့ လွယ်အိတ်ကို ပခုံးမှာချိတ်၊ ငါးမျှားတံကိုထမ်းပြီးတော့ လေကလေး တချွန်ချွန်နဲ့ မောင့်အပေါ် ဝယ် ဗိုလ်ကေမပါလို့လား ဆိုတဲ့ သီချင်းလေးဆိုပြီး ငါးမျှားရအောင် ထွက်သွားတာပေါ့ကွဲ့"

"မောင့်အပေါ် ဝယ် ဗိုလ်ကေမပါလို့လားဆိုတဲ့သီချင်းကို ဘုန်းကြီးတွေမှ ဆိုရတယ်မဟုတ်လား ဦးလေးရဲ့"

"ဘုန်းကြီးတွေက မူပိုင် ရိုက်ထားတာဆိုတော့ ဘယ်လိုလုပ်မလဲ"
ဆိုနိုင်တာပေါ့"

"လာမယ်၊ လာမယ် မကြည်ရဲ့ သီချင်းကို မဆိုဘူးလား"

"ဒီသီချင်းက ရိုးနေပြီကွ၊ ပြီးတော့ ဒီသီချင်းမှ မရဘဲ"

"ဘိုးဘိုးအောင် သီချင်းကော မဆိုဘူးလား"

"နားထောင်ပါအုံးကွယ်၊ ဦးပြောမယ့်ပုံတောင် မေ့သွားပါအုံးမယ်။ အဲဒါနဲ့ ရွှေယုန်ကလေး ကမ်းနားကိုရောက်တော့ ကမ်းနားမှာ ငါးမျှားနေတဲ့ ရွှေကျားကိုတွေ့ရော၊ ရွှေကျားကို မြင်တော့ ရွှေယုန်ကလေးက သိပ်ကြောက်သွားတာပေါ့"

"ဘာဖြစ်လို့ ကြောက်တာလဲ"

"ရွှေကျားက လူဆိုးကြီးကွဲ့၊ ဝါးရမ်းပြေးနေတဲ့ လူဆိုးကြီး"

"ဘာဖြစ်လို့ ဝါးရမ်းပြေးနေတာလဲ"

"အရင်လတုန်းက ကိုဖိုးဆိတ်ရဲ့ သားကလေး ဘဲ့ဘဲ့နဲ့၊ ဦးနွားရဲ့သမီး မဘွတ်အဲတို့ကို ကိုက်ပြီးထွက်ပြေးနေလို့ အစိုးရက ရွှေကျားကိုဖမ်းပေးနိုင်တဲ့လူ ဆုငွေ ၅၀ကျပ် ပေးမယ်ဆိုပြီး ဝါးရမ်းထုတ်ထားလို့ ဝါးရမ်းပြေးနေတာပေါ့"

"ဒါဖြင့် ရွှေယုန်ကလေးကိုလည်း ကိုက်စားတော့မှာပေါ့"

"အေး၊ ရွှေယုန်ကလေးလည်း ကိုက်စားခံရမှာကြောက်ပြီး ထွက်ပြေးလို့လည်း မဖြစ်တာနဲ့၊ ရွှေကျားကို ချော့မှပဲဆိုပြီးတော့ 'ဂွတ်မောနင်း ကိုကျားကြီး' လို့ စပြီးနှုတ်ဆက်တာပေါ့"

"အင်္ဂလိပ်လို နှုတ်ဆက်သလား ဦးလေးရဲ့"

"ဪ၊ သူတို့ဘိလပ်ကပြန်လာတာပဲ၊ အင်္ဂလိပ်လိုတတ်တာပေါ့"

"ဆလံမာလေကွမ်းလို့ နှုတ်မဆက်ဘူးလား"

"ကုလားစကားမှ မတတ်ဘဲ၊ အင်္ဂလိပ်လိုပဲ ပြောတာပေါ့။ အဲဒီလို ပြောလိုက်တော့ ရွှေကျားက မျက်မှောင်ကြီးကုတ်ပြီး ကြည့်နေပြီးတော့ ဟဲ့- ကောင်ကလေး၊ နင် ငါ့ကို နောက်တီးနောက်တောက် လာမလုပ်နဲ့။ နင် ငါ့ကို ပြောင်တာလား၊ လူပါးဝလို့၊ ဟင်း'လို့ ကြိမ်းမောင်းလိုက်တော့ ရွှေယုန်ကလေး က ပိုပြီးကြောက်လာပြီးတော့ 'ကျွန်တော် ကောင်းကောင်းမွန်မွန် နှုတ်ဆက် တာပါ ကိုကျားကြီးရယ်၊ ဒီလိုနှုတ်ဆက်တာ မကြိုက်ရင်လည်း မင်္ဂလာ နံနက် ခင်းပါ ကိုကျားကြီးခင်ဗျား'လို့ ပြင်ပြီးနှုတ်ဆက်လိုက်တော့မှ ရွှေကျားက

Generated by CamScanner from intsig.com

သဘောကျပြီး 'ဟား ဟား၊ နင် အင်မတန်စကားတတ်နေပါကလား၊ ဒါပေမဲ့ ငါ့အနားမှာလာပြီး ငါးမများနဲ့၊ ခပ်ဝေးဝေး သွားများချေလို့ မောင်းလွှတ်လိုက်ရောကွဲ့"

"ဒီလို မောင်းလွှတ်လိုက်တော့၊ ရွှေယုန်ကလေးလည်း တခြားနေရာကို ထွက်သွားရတာပေါ့ကွဲ့။ ဒါနဲ့ ရွှေယုန်ကလေး ရောက်သွားတဲ့နေရာက ရွှေကျား ငါးများတဲ့ နေရာလောက် နေရာမကောင်းဘဲ၊ ငါးတွေ များများမရှိတော့ ရွှေယုန်ကလေးဟာ ငါးတစ်ကောင်မှ မရဘဲ မှိုင်ပြီးနေတာပေါ့။ ရွှေကျားကတော့ ငါးတွေရလို့ ရယ်လိုက်ပြုံးလိုက်နဲ့ ဖြစ်နေတာပဲ"

"အဲဒီလို ရွှေယုန်ကလေး မှိုင်ပြီးနေတုန်း၊ ငလိပ်ဆိုတဲ့ သူ့သူငယ်ချင်း တစ်ယောက် လေးဘက်တွားရောက်လာပြီး သူ့အနားကို ရောက်လာပါရော။ ငလိပ်က သူ့သူငယ်ချင်းရွှေယုန် မှိုင်နေတာမြင်တော့ 'အိုင်ဆေး ရွှေယုန်၊ ဘာဖြစ်လို့ မှိုင်နေတာလဲ၊ နေမကောင်းဘူးလား'လို့ မေးကြည့်တော့ 'နေလို့ ကောင်းပါတယ်ကွယ်၊ စိတ်ညစ်နေလို့ပါ'လို့ ရွှေယုန်က ပြန်ပြီးပြောလိုက်တယ်ကွဲ့။ ဒီတော့ ငလိပ်က 'မညာပါနဲ့ကွယ်၊ မင်းဟာမရိုးဘူးထင်တယ်၊ တိတ်တိတ်ပုန်း ရောဂါဖြစ်လာရင် ရှက်လို့ ဖုံးမထားနဲ့၊ စောစောစီးစီး အင်ဂျက်ရှင်း ထိုးလိုက်'လို့ ပြောတာနဲ့ ရွှေယုန်က 'မဟုတ်ပါဘူး သူငယ်ချင်းရာ၊ ဒီကနေ့ တို့အိမ်မှာ ဒင်နာပါတီကျွေးမလို့ ငါးများရအောင်လာတာ၊ ငါးတစ်ကောင်မှ မရလို့ မှိုင်နေတာပါ'လို့ ပြန်ပြီးပြောတော့မှ ငလိပ်က 'ဒီနေရာမှာ ငါးမှမရှိဘဲ၊ ဖမ်းလို့ ဘာရမလဲကွ၊ ဟိုရှေ့ကို သွားပါလား'လို့ အကြံပေးလိုက်တယ်။ ဒီတော့ ရွှေယုန်က 'ဟိုနေရာမှာ ကိုကျားကြီး ငါးများနေတယ်ကွဲ့၊ သူက သိပ်ပြီး သဝန်ကြောင်တယ်၊ သူ့အနားမှာ ငါးမများရဘူးဆိုပြီး မောင်းထုတ်လိုက်တယ်ကွ'လို့ ပြောပြလိုက်တာနဲ့ ငလိပ်ကပဲ 'ဒါဖြင့် မင်းကို ငါးရအောင် ငါလုပ်ပေးမယ်' ဆိုပြီးတော့ သူဝတ်လာတဲ့ ဘောင်းဘီနဲ့ ဘလေဇာကုတ်အကျႌကို ကုန်းပေါ်မှာ ချွတ်ထားပြီးတော့ ရေထဲကို ဒိုင်ဗင်ထိုးချပြီး ငုပ်သွားရောကွဲ့။ ငလိပ်က အင်မတန် ရေငုပ်ကောင်းတယ်ကွဲ့။ သူတို့အထဲမှာ ရေငုပ်ချန်ပီယံပဲ၊ အဲဒါနဲ့ ရေထဲရောက်တော့ ရွှေကျားငါးများနေတဲ့နေရာက ငါးတွေကို ရွှေယုန်များနေတဲ့နေရာရောက်အောင် မောင်းပေးတာပေါ့။ အဲဒီတော့မှ ရွှေယုန်ကလေးဟာ ငါးတွေတစ်ကောင်ပြီး တစ်ကောင် အများကြီးဖမ်းလို့ရပါရောကွဲ့။ ရွှေကျားမှာတော့ တစ်ကောင်မှမရတော့ဘဲရှိနေပြီး ရွှေယုန်ကို မနာလိုဘဲဖြစ်နေတာပေါ့။ ဒါနဲ့ သူ ငါးများချိတ်ကိုယူပြီး ရွှေယုန်အနားသွားပြီးတော့ 'မင်း

Generated by CamScanner from intsig.com

ငါ့ နေရာကို သွားပြီးမျှားချေ၊ ဒီနေရာမှာ ငါ မျှားမယ်'ဆိုပြီး နှင်ထုတ်လိုက်တော့ ရွှေယုန်ကလေးက ကြောက်တာနဲ့ ရှောင်ပေးရပြန်ရော"

"ဒါပေမဲ့ ငလိပ်က ရေထဲကနေပြီး သူတို့ပြောတဲ့စကားကို ကြားတာနဲ့ ရွှေကျားကို ချောက်ချလိုက်ဦးမယ်ဆိုပြီး ရေထဲကို ပစ်ချထားတဲ့ ဘွတ်ဖိနပ်အစုတ်ကြီးတစ်ခုကို ရွှေကျားရဲ့ ငါးမျှားချိတ်မှာ တပ်ပေးလိုက်တာပေါ့။ ဖိနပ်အစုတ်ကြီးက သိပ်လေးနေတာကို ရွှေကျားကမသိဘဲ အရောမ ငါးကြီးတစ်ကောင်တော့ဖြင့် ရပြီလို့ ဝမ်းသာအားရ ငါးမျှားတံကို တုတ်ပြီး ဆွဲလိုက်တာ ငါးမျှားချိတ်မှာပါလာတဲ့ ဘွတ်ဖိနပ်အစုတ်ကြီးဟာ ရွှေကျားရဲ့ မျက်နှာကို အရှိန်နဲ့ပြေးပြီး ရိုက်လိုက်မိတာပေါ့"

"ရွှေကျားလည်း နှာခေါင်းကိုပိတ်ပြီး ရိုက်မိတဲ့အတွက် ပက်လက်လန်လဲသွားပြီး တစ်မိနစ်လောက် သတိမရဘဲ မေ့သွားတာပေါ့။ နောက် တော်တော်ကလေးကြာမှ သတိရလာပြီးကြည့်လိုက်တော့ သူ စောစောက ဖမ်းလို့ရထားတဲ့ ငါးတွေကိုပါ ရွှေယုန်ကယူပြီး ထွက်ပြေးတာနဲ့ သူ့ငါးရော ရွှေယုန်ရော မတွေ့ရတော့ဘူးပေါ့"

"အဲဒါနဲ့ ရွှေကျားလည်း သူ့ငါးမျှားတန်တွေကို ပစ်ချထားခဲ့ပြီး ရွှေယုန်နောက် အတင်းပြေးပြီးလိုက်တော့တာပေါ့။ ရွှေယုန်ကလေးက စောစော ထွက်ပြေးလို့ အဝေးကြီးရောက်နေပေမယ့် ရွှေယုန်က ခြေလှမ်းစိပ်ပြီး ရွှေကျားက ခြေလှမ်းကြဲတော့ ရွှေယုန်ကလေးကို မိနေတာပေါ့။ ဒီတော့ ရွှေကျားက 'ဟား ဟား၊ နင် ပြေးလို့ လွတ်မလား၊ နင် ငါ့ ငါးတွေကိုပါယူတဲ့အတွက် နင့် ငါးတွေကိုပါ ငါအကုန်ပြန်ပြီးယူမယ်'ဆိုပြီး လုယူလိုက်ပါရောကွယ်။ ဒီတော့ ရွှေယုန်ကလေးက 'ကိုကျားကြီးရယ် ကျွန်တော်တို့ ဒီည ဒင်နာပါတီလုပ်မလို့ပါ၊ ငါးတွေကို ပြန်ပေးပါ၊ ကိုကျားကြီးလည်း ကျွန်တော်တို့ ဒင်နာပါတီကို လာပြီး စားလှည့်ပါ'လို့ဆိုပေမယ့် ရွှေကျားက' မပေးဘူး၊ မပေးဘူး၊ ငါ့ဟာငါ အစ စားမှာပေါ့၊ နင့်ကိုပေးပြီး ငါ လိုက်စားရင် နည်းနည်းစားရမှာပေါ့'ဆိုပြီးတော့ 'နေဦး၊ နင့် ငါးတွေကိုရတဲ့အတွက် နင့်အိမ်ကို ငါလန်ချားနဲ့ လိုက်ပို့မယ်' ဆိုပြီးတော့ လန်ချားဆွဲလာတဲ့ဖင်နီတာကို ခေါ်လိုက်ရောကွဲ့"

"ဖင်နီတာဆိုတာက ဘာလဲ ဦးလေးရဲ့"

"ဖင်နီတာဆိုတာ လန်ချားဆွဲတဲ့ မျောက်ကလေးရဲ့နာမည်ကွဲ့. ဖင်နီတာလည်း ရွှေကျားကိုမြင်တော့ ကြောက်ပြီးအနားကို လာရတာပေါ့

Generated by CamScanner from intsig.com

အဲဒါနဲ့ လန်ချားပေါ်မှာ ရွှေကျားရယ်၊ ရွှေယုန်ရယ် ထိုင်လိုက်လာကြပြီး၊ ဖင်နီတာကလေးက လန်ချားဆွဲလာခဲ့ရတာပေ့ါ။ ရွှေကျားက ရွှေယုန်ရဲ့ငါးတွေကို ရထားလို့ ဝမ်းသာအားရနဲ့ ပျော်ပျော်ကြီး လန်ချားပေါ်မှာ လိုက်လာရုံမကသေးဘူး။ ဖင်နီတာရဲ့ အမြီးကိုပါ ဆွဲထားပြီးတော့ ဒိုင်းနား ဘားယားနဲ့ လုပ်ပြီး လာတာပေ့ါ။ ဖင်နီတာကလည်း နှစ်ယောက်ဆွဲရလို့ မနိုင်မနင်းဖြစ်နေရတဲ့အထဲမှာ ရွှေကျားက သူ့အမြီးကိုပါ ဇက်ကြိုးလုပ်ပြီး ဆော့လိုက်လာတဲ့အတွက် လန်ချားကို ကောင်းကောင်းမထိန်းနိုင်ဘဲ ရှေ့ထိုးလိုက်နောက်လန်လိုက်နဲ့ ဖြစ်နေတာပေ့ါ"

"ရွှေကျားက သိပ်ဝမ်းသာနေတာပဲကွဲ့၊ ဖင်နီတာရဲ့အမြီးကို ဆွဲရတာ သိပ်အရသာ ရှိနေတာပဲထင်တယ်။ ဒါနဲ့ ရိုးရိုးဆွဲထားရုံ အားမရသေးဘဲ တအားဆောင့်ပြီး ဆွဲလိုက်တော့၊ ဖင်နီတာလည်း လန်ချားလွှတ်သွားပြီး၊ လန်ချားကြီး မှောက်သွားပါရောလ ရွှေကျားလည်း ကျွမ်းပြန်ပြီး ကျသွားတာပေ့ါ။ ဖင်နီတာလည်း နောက်ကနေပြီး ဆောင့်ဆွဲလိုက်တဲ့အတွက် အမြီးကိုကိုင်ပြီး အရိုက်ခံရသလို မြေကြီးပေါ်က မထနိုင်တော့ဘူး။ ရွှေကျားလည်း ထိပ်ပေါက်ပြီး လဲနေတာပေ့ါ။ ရွှေယုန်ကလေးကတော့ သတိကောင်းတဲ့အတွက် မြက်ခင်းပေါ် ခုန်ချလိုက်လို့ ဘာမှမဖြစ်သွားဘဲ၊ ရွှေကျားလက်ထဲက လွှတ်ကျတဲ့ငါးတွေ ကမန်းကတမ်းကောက်ယူပြီး အိမ်ကို သုတ်ခြေတင် ပြေးတော့တာပေ့ါ"

"အဲဒါနဲ့ ရွှေကျားကြီးသေရောလား ဦးလေးရဲ့"

"မသေဘူးကွဲ့၊ ရွှေကျားကြီး နောက်တော့ သတိရလာတာပေ့ါ"

"သတိရလာတော့ ရွှေယုန်နောက် လိုက်ရောလား"

"မလိုက်တော့ဘူး၊ ညကျမှ သူတို့ ဒင်နာပါတီကို သွားမယ်လို့ အကြံထုတ်ပြီးတော့၊ ကဲ ကဲ မနက်ဖြန်မှ ဆက်ပြီးပြောမယ်။ ဒီနေ့တော့ တော်ဦးမယ်"

"ဦးလေး ပုံပြောတာ ကျွန်တော်မအိပ်ချင်သေးဘူး ဦးလေးရဲ့"

"ဒါပေမယ့် ဦးလေး အိပ်ချင်ပြီကွယ့်"ဟု ဆိုကာ ဘိုးသောကြာသည် တရှူးရှူးနှင့် အိပ်မောကျ၍ သွားလေ၏။

❑ ❑

"ကိုဘိုးယုန်နဲ့ မငွေယုန်တို့က သူတို့ သားကလေး ရွှေယုန် ကမ်းနားကို ငါးမျှားသွားတာ တော်တော်နဲ့ ပြန်မလာသေးတဲ့အတွက် ရွှေကျားနဲ့တွေ့လို့

တစ်ခုခုဖြစ်နေရော့သလားလို့၊ စိတ်ပူပြီး အိမ်ရှေ့က ထွက်ပြီး မျှော်နေကြတာ ပေါ့ကွယ်''ဟု ဘိုးသောကြာက ဆက်လက်၍ ပုံပြောပြလေရာ ချက်စုခေါ် သူငယ်ကလေးသည် ဘိုးသောကြာ ပြောပြသည့်ပုံကို အာရုံစူးစိုက်လျက် မေးကလေးထောက်၍ နားထောင်နေလေ၏။

''အဲဒါနဲ့ တော်တော်ကလေး မိုးချုပ်မှ ငါးတွေထည့်ထားတဲ့ အိတ်ကြီးကို မနိုင့်တနိုင်နဲ့ထမ်းပြီး ရွှေယုန်ကလေး ပြန်လာတာတွေ့ရတော့မှ သိပ်ဝမ်းသာသွားကြ၊ စိတ်အေးသွားကြတာပေါ့။ ပြီးတော့မှ လင်မယားနှစ်ယောက် ပြေးသွားကြပြီး သားကလေးထမ်းလာတဲ့ ပခုံးပေါ်က၊ ငါးထည့်တဲ့ အိတ်ကြီးကို လှမ်းယူလိုက်ပြီးတော့၊ ငါးတွေများလိုက်တာ လူကလေးရယ်၊ တယ်တော်ပါ ကလားလို့ ချီးမွမ်းကြတာပေါ့။ အဲဒီတော့ ရွှေယုန်က၊ ကျွန်တော့် သူငယ်ချင်း ငလိပ်ဖမ်းလို့ ဒါလောက်များများရတာပဲ။ ငလိပ်ကိုလည်း ဒီခင်နှာပါတ်လာပြီး စားရအောင် ဖိတ်ထားတယ်။ ဖင်နီတာလည်း ဖိတ်ထားတယ်။ ကိုကျားကြီး လာမှာစိုးလို့ မဖိတ်တဲ့လူ မလာရအောင် ဖိတ်စာနှင့်တကွကြွခဲ့ပါလို့ ဖိတ်ထားခဲ့ တယ်လို့ ပြောပြတယ်''

''ရွှေကျားနဲ့ကော တွေ့ခဲ့သေးသလားလို့ ကိုဘိုးယုန်က မေးတော့ ရွှေယုန်ကလေးက တွေ့ခဲ့တဲ့အကြောင်းတွေကို ပြောပြပြီး ရွှေကျားလည်း မဖိတ်ဘဲနဲ့ ထမင်းစားလာလိမ့်မယ်ထင်တယ်လို့ ပြောပြတော့၊ ရွှေကျား လာမယ်ဆိုရင် ခက်တော့တာပဲလို့ ကိုဘိုးယုန်နဲ့ မငွေယုန်တို့ စိတ်ညစ်ပြီး မှိုင်နေကြတာပေါ့''

''တော်တော်ကလေးကြာတော့၊ ဖင်နီတာဟာ ဖိုးစိန်ပေါင်းနဲ့ ဘောင်းဘီကြီး ဝတ်ပြီး၊ လက်ထဲက ဖိတ်စာကလေးကိုင်ပြီး ရောက်လာပါရော၊ ဖင်နီတာ ဝင်လာတုန်းက ဒီညတော့ ထမင်းတွေ ဗိုက်ကားအောင် ကြိတ်ရတော့မှာပဲလို့ အောက်မေ့ပြီး သိပ်ဝမ်းသာလာတာပေါ့ကွယ်။ ဒါပေမဲ့ အိမ်ထဲရောက်တော့ ကိုဘိုးယုန်တို့ လင်မယား မှိုင်နေကြတာတွေ့ရတာနဲ့ 'အလို ကိုဘိုးယုန်၊ ကြည့်ရတာ မျက်စိမျက်နှာတွေလည်း တယ်ပြီးမကောင်းပါကလား၊ ဘာဖြစ်လို့လဲ' မေးတော့၊ ကိုဘိုးယုန်က ဒီည ရွှေကျားလာမယ်ဆိုလို့ စိတ်ညစ်နေတဲ့အကြောင်း ပြောပြတော့ ဖင်နီတာက 'ဒီအတွက်တော့မပူနဲ့ ကျွန်တော့်တာဝန်ထားလိုက် ရွှေကျား ထွက်ပြေးရအောင်လုပ်မယ်၊ ကျွန်တော့် လန်ချားကို မှောက်ချတာ ကျွန်တော် မကျေဘူး'လို့ ပြောပြတဲ့အတွက် ကိုဘိုးယုန်တို့လည်း အားတက် သွားပြီး၊ ဖင်နီတာကို သိပ်အားကိုးကြတာပေါ့''

Generated by CamScanner from intsig.com

"အဲဒါနဲ့ ထမင်းစားပွဲ ပြင်ဆင်ပြီးကြတော့ ငလိပ် ရောက်မလာသေးလို့ မစားကြရသေးဘဲ စောင့်နေကြရတာပေါ့၊ ငလိပ် စောစောရောက်မလာတဲ့ အတွက်၊ ရွှေယုန်ကလေးကလည်း သိပ်စိတ်မကောင်းဘူး။ ငလိပ် စောစော ရောက်လာလို့ရှိရင် ရွှေကျားဖို့မချန်ဘဲ အကုန်စားပစ်နိုင်ကြမှာပေါ့။ ဒါနဲ့ စောင့်ရင်းစောင့်ရင်းနဲ့ ၇ နာရီ ထိုးခါနီးတော့၊ ချွေးတွေသံတွေနဲ့ ငလိပ် ရောက်လာရောကွဲ့."

ငလိပ်က အိမ်ထဲဝင်လာရင်း 'အမယ်လေး၊ မောလိုက်တာ'ဆိုပြီး ဖင်ထိုင်ချတဲ့ပြီးတော့ နဖူးကချွေးကို လက်ကိုင်ပဝါနဲ့ သုတ်နေတဲ့အတွက် ရွှေယုန်ကလေးက 'သူငယ်ချင်းကလည်း အရေးကျမှ သိပ်နောက်ကျတာပဲ'လို့ ပြောတာနဲ့ ငလိပ်က 'မင်းကလည်း လူမတွေ့ရသေးဘူး၊ အပြစ်တင်လိုက် ချင်တာက အရင်ပဲ၊ ဘတ်စ်ကားတွေ သပိတ်မှောက်နေလို့ အဝေးကြီး ကုန်း ကြောင်း လျှောက်လာရတာ၊ ဘယ်လောက် ဖားတယ်မှတ်သလဲ၊ အရေးထဲ လမ်းမှာ ရွှေကျားနဲ့တွေ့နေလို့ ရှောင်ပြီး လေးဘက်ထောက် ပြေးလာခဲ့ရတာ၊ ဒူးတွေချောင်ပြီး ပြေးလေမရောက်နိုင်လေ၊ ပြေးလေ မရောက်နိုင်နဲ့၊ အတော်ကို အားခဲလာခဲ့ရတာ၊ အမယ်လေး မောလိုက်တာ၊ ရေတခွက်လောက် ပေးစမ်းပါ' ဆိုပြီး ရေတောင်းသောက်လိုက်ရသေးတယ်"

"ပြီးတော့မှ ထမင်းစားမလို့ ထိုင်ကြတော့၊ ငလိပ်က အရပ်ပုနေလို့၊ ကုလားထိုင်ပေါ် မတက်နိုင်တဲ့အတွက်၊ ဖင်နီတာနဲ့ ရွှေယုန်က ကုလားထိုင် ပေါ် ဆွဲပြီးတင်ပေးရတယ်၊ အဲဒါနဲ့ ထမင်းစားမယ်လို့မှ မကြံရသေးဘူး၊ ရွှေကျားရောက်လာပါရော။ ရွှေကျားကိုမြင်ရတယ်ဆိုရင်ပဲ အကုန်လုံး မျက်လုံး ပြူးသွားကြတာပဲ"

"ရွှေကျားက ပါးစပ်ကြီးဖြဲတဲ့ပြီး 'ဟဲ ဟဲ၊ ငါးကြော်နံ့ကလေးက တယ်ပြီး မွှေးပါကလား၊ မနေ့ညက ဝမ်းနုတ်ဆေးစားထားတာနဲ့ အဆင်သင့်ပဲ၊ ဗိုက်ထဲမှာ အစာမရှိတာနဲ့တော့ ဝဝကြီးစားလိုက်ရဦးမယ်'ဆိုပြီး သူ့လျှာကြီးကို ဗလပ်ဗလပ်နဲ့ နှုတ်ခမ်းသုတ်ပြီး ဝင်လာပါရော"

"ဒီအခါမှ ဖင်နီတာက ရုတ်တရက် အကြံရပြီး၊ ရွှေကျားအနား သွား ပြီးတော့ 'ဟဲလိုး အော်နာရေဘီလ် ဦးရွှေကျား၊ ကြွပါ ကြွပါ'လို့ နှုတ်ဆက် ပြီးတော့ ထမင်းစားပွဲဆီကို ခေါ်လာပြီး 'ထိုင်ပါ၊ ထိုင်ပါ ဟောဒီ ကုလားထိုင် မှာ ထိုင်ပါ'ဆိုပြီး၊ ကုလားထိုင်ပေါ် ရွှေကျားထိုင်လိုက်တာနဲ့ တစ်ပြိုင်နက်

Generated by CamScanner from intsig.com

ကုလားထိုင်ကို နောက်ဆွဲထားလိုက်တဲ့အတွက် ကုလားထိုင်ပေါ် မထိုင်မိဘဲ ရွှေကျား ဖင်ထောင်ကျသွားတာပေါ့"

"ရွှေကျားတော့ ဖင်ညောင့်ရိုး ကျိုးပြီး စတွန့်သွားမှာပေါ့"ဟု ချက်ခုက ဝင်၍ ပြောလေ၏။

"စတွန့်သွားရုံဘယ်ကမလဲ၊ အောင့်ပြီးတော်တော်နဲ့မထနိုင်ဘဲ မျက်ရည်တွေတောင် လည်လာတာပေါ့၊ နောက်ပြီး ဒင်နာပါတီပွဲကို ဝတ်စုံနဲ့ ဝတ်ဆင်လာတဲ့ လူတစ်ယောက်ကို လူများရှေ့မှာ ဒီလိုအရှက်ကွဲအောင် အလုပ်ခံရတယ်ဆိုတော့၊ ရှက်လည်းရှက် ဒေါသလည်းဖြစ်ပြီး 'မျောက်မသား ဖင်နီတာ၊ နင်တော့ သေရအောင်ပြင်တော့'ဆိုပြီး၊ ဖင်နီတာကို ကိုက်သတ်ရအောင် အတင်းလိုက်တဲ့အတွက် ဖင်နီတာလည်း ဖနောင့်နဲ့အပြီး တစ်သားတည်းကျအောင် ထွက်ပြေးရတာပေါ့။ သူ့ခမျာပြေးရင်းလွှားရင်း ဖိုးစိန်ခေါင်းပေါင်းကြီး ကျွတ်ကျကျန်ရစ်ခဲ့ပြီး၊ ဘောင်းဘီလည်း ကျွတ်နေတဲ့အတွက် ဘောင်းဘီစကို လက်တဖက်ကဆွဲပြီး ရွှေကျားပါးစပ်က လွတ်အောင် ပြေးရတော့တာပေါ့"

"ရွှေကျားနဲ့ ဖင်နီတာ ဘယ်သူက အပြေးကောင်းသလဲ ဦးလေးရဲ့"

"ဖင်နီတာက တိုတိုကလေးသာ အမြန်ပြေးနိုင်တာ၊ အဝေးကြီးကျတော့ ရွှေကျားက အပြေးကောင်းတာပေါ့"

"ဒါဖြင့် ကျွန်တော်တို့ကျောင်းက စပို့မှာ ဖင်နီတာဝင်ပြီးပြေးရင် တူးတွဲမ်တီး၊ ဖိုးဖော်တီးမှာ သူချည်း ဗိုလ်ဆွဲနေမှာပဲ"

"ဒါတင် ဘယ်ကမလဲ၊ ဖင်နီတာက ဟိုက်ဂျမ့်လည်း ကောင်းတာပဲ"

"ဒီလိုဆိုရင် အရှည်ကြီး ပြေးကြရတဲ့အခါကျတော့ ဖင်နီတာကို ရွှေကျား မိသွားရောလား"

"မမိဘူးကွဲ့၊ ရွှေကျားလိုက်လို့ မိလုမိခင်လည်းဖြစ်ရော၊ ဟိုက်ဂျမ်းကောင်းတဲ့လူဆိုတော့ သစ်ပင်ပေါ် ခုန်တက်လိုက်တော့ ရွှေကျား မလိုက်နိုင်ဘူးပေါ့"

"ရွှေကျားလည်း သစ်ပင်တက်နိုင်တယ် မဟုတ်လား၊ တက်မလိုက်ဘူးလား"

"အေး၊ ရွှေကျားလည်း သစ်ပင်ပေါ် တက်တတ်တာပဲ၊ သူလည်း တက်လိုက်တာပေါ့၊ ဒါပေမဲ့ ဖင်နီတာက မာလကာပင်ပေါ်တက်ပြီး မာလကာသီးခိုးစားနေကျမို့၊ သစ်ပင်တက် သိပ်ပြီးကျင်လည်နေတဲ့လူမို့ သစ်ပင်အကိုင်းဖျား

အထိ တက်တာပေါ့။ ရွှေကျားကလည်း ဒေါသထွက်နေတော့ ဘာမှမစဉ်း စားဘူး။ မမိ မိအောင်တက်မယ်ဆိုပြီးတော့၊ အကိုင်းဖျား ရောက်အောင် လိုက်ပြီးတက်တော့ သူ့ကိုယ်ကြီးက သိပ်ပြီးလေးနေတဲ့အတွက် သစ်ကိုင်း ကျိုးပြီး အောက်လည်းရောက်ရော ရွှေကျားလည်း စန့်နေပါရော"

"သေသွားရောလား"

"မသေသေးဘူး၊ မေ့နေတာပေါ့"

"နောက်တော့ ဘာဖြစ်သလဲ"

"နောက်တော့ မနက်ဖြန်မှ ဆက်ကြပါစို့ကွယ်"ဟုဆိုကာ ဘိုးသောကြာ လည်း ပုံပြောရင်း အိပ်ပျော်သွားလေ၏။

❑ ❑

"သစ်ပင်ပေါ်က ရွှေကျားလိမ့်ကျလို့ မထနိုင်ဘဲဖြစ်နေတာကို ရွှေယုန်နဲ့ ငလိပ်တို့တော့ မသိကြဘူးပေါ့ကွယ်။ သူတို့စိတ်ထဲမှာတော့၊ ဖင်နီတာကလေး ကို ရွှေကျားမိလို့ ဒုက္ခရောက်ပါပြီလို့ စိတ်ပူနေကြတာပေါ့"ဟု ဘိုးသောကြာက ဆက်လက်၍ ပုံပြောရန် စကားစလိုက်သည်တွင် ချက်စူသည် တခေါခေါနှင့် အိပ်မောကျနေသည်ကို တွေ့ရသောကြောင့်၊ အတင်းလှုပ်၍နှိုးကာ "ဟေ့ ငါ ပုံပြောမယ်လို့မှ မစရသေးဘူး၊ မင်းအိပ်နေပြီလား"ဟု မေးလိုက်လေ၏။

ချက်ဆူသည် မျက်စိနှစ်ဖက်ကို ပွတ်သပ်ကာ ဝါးကနဲသန်းဝေလိုက်ပြီး နောက် "ဦးလေးကပုံပြောပြီး ကျွန်တော့်ကိုမှ မသိပ်ဘဲ၊ ဦးလေးချည့် အိပ်အိပ် သွားလို့၊ ဒီတစ်ခါတော့ ကျွန်ဘော်က အရင်ဦးအောင် ပုံ မပြောခင် အိပ်နေ လိုက်တာပေါ့ ဦးလေးရဲ့"ဟု ပြောပြလေ၏။

"ဒါဖြင့် ငါ မပြောတော့ဘူး၊ အိပ်တော့"

"ပြောပါ ဦးလေးရယ်၊ ကျွန်တော်နိုးလာပါပြီ၊ ကောင်းကောင်း နားထောင်ပါ့မယ်"

"အဲဒါနဲ့ ငလိပ်နဲ့ ရွှေယုန်တို့ဟာ ဒီ့မျှားဒီလိုနေလို့တော့ မဖြစ်ဘူး၊ ဖင်နီတာကို လိုက်ပြီးကြည့်ကြဦးမှပဲလို့ဆိုပြီး၊ ထွက်လာကြတာပေါ့ကွယ်၊ ကိုဘိုးယုန်နဲ့ မငွေယုန်တို့က 'ဟဲ့ နင်တို့ မသွားကြနဲ့ မိုးချုပ်နေပြီ၊ ဘိုင်စကယ် ပုလိပ်နဲ့တွေ့လို့ မသက်ဘူးဆိုပြီး ဖမ်းထားရင် အချောင်သက်သက် ဂတ်ထဲ မှာ တစ်ညအိပ်နေရဦးမယ်'လို့ ပြောပေမယ့်လည်း မရဘူး"

Generated by CamScanner from intsig.com

"မှောင်ကြီးထဲမှာ သူတို့နှစ်ယောက်ထဲ မကြောက်ဘူးလား ဦးလေးရဲ့"

"အဲဒီညမှာ လကလေးက သာနေတာ၊ ထိန်လင်းနေတာ ဘာကြောက်စရာ ရှိလဲကွဲ့၊ သီချင်းတောင်ဆိုပြီး လာကြသေးတယ်"

"ဘာသီချင်းဆိုသလဲ ဦးလေးရဲ့၊ 'မောင့်အပေါ်ဝယ်၊ ဗိုလ်ကေမပါလို့လား'ဆိုတာလား"

"ဒါမဟုတ်ဘူးကွဲ့၊ သွားရတဲ့ခရီးက အတော်ကလေးဝေးလို့၊ ဒင်္ဂလိပ် သီချင်းဆိုလာကြတာပေါ့ကွယ်။ ဒစ်စလောင်းလောင်းဝေ၊ ဒူဒပလယ်ဒီ၊ နင့်စလောင်းဖုံး ငါပေးလို့ ရွှေယုန်ကလေးကဆို၊ ငလိပ်က ချာလပတ်လည်နေအောင်ကပြီး၊ လာကြတာပေါ့။ အဲဒီလိုနဲ့ လာခဲ့ကြတာပေါ့။ အဲဒီလိုနဲ့ လာခဲ့ကြတာ ရွှေကျားသစ်ပင်ပေါ်က လိမ့်ကျပြီး သတိမရဘဲမေ့နေတာကို တွေ့ကြတော့၊ ငလိပ်က 'ဟော့ ရွှေယုန် တို့ရန်သူ ရွှေကျားတော့၊ မာလက ဗျာန်ကြွနေပြီထင်တယ်၊ ဖင်နီတာဘယ်လိုများ လှည့်သတ်လိုက်သလဲ မသိဘူး'လို့ ပြောလိုက်တဲ့အတွက် ရွှေယုန်က ရွှေကျားတကယ်ပဲ သေသလား၊ မသေဘူးလားဆိုတာ သိရအောင် အမြီးကို ဆွဲကြည့်လိုက်ရင်ပဲ ရွှေကျားလည်း ဖြုံးကနဲ သတိရလာပါရောကွယ်၊ ရွှေကျား သတိရလာပြီး၊ ထထိုင်တာ တွေ့ရတာနဲ့ တစ်ပြိုင်နက် 'ဟော့ မဖြစ်ဘူး ဟော့ ပြေးနိုင်မှ လွတ်လိမ့်မယ်'ဆိုပြီး၊ ရွှေယုန်က အရင်ဦးဆုံး ကဆုန်ချပြီး ပြေးတော့တာပါပဲ။ ငလိပ်လည်း ကြောက်အားလန့်အားနဲ့ ပြေးတော့ပြေးပါရဲ့၊ ဒါပေမဲ့ ယက်ကန်ယက်ကန်နဲ့ဟာ ချော်လို့သာလဲပြီး နေရာကပဲ ရွေ့တယ်မရှိတဲ့အတွက် ရွှေကျားလက်ထဲ မိနေတော့တာပေါ့"

"ဒါနဲ့ ကျွန်တော်တို့ကျောင်းမှာ'ဆရာကပြောတော့၊ ရွှေယုန်နဲ့ ငလိပ်တို့ အပြေးပြိုင်တာ၊ ငလိပ်ချည့်နိုင်တာပဲဆို၊ အခုတော့ ရွှေယုန်တော့ လွတ်ပြီး၊ ငလိပ်ကိုမိနေပါလား၊ ငလိပ်က ရွှေယုန်ကို နိုင်တယ်ဆိုရင် ငလိပ်ကသာပြီး လွတ်ဦးမယ် မဟုတ်လား"

"အလကား-မင်းတို့ဆရာတွေ လိမ်ပြောတာ၊ ရွှေယုန်ကို ငလိပ် တစ်သက်လုံး အပြေးမှာမနိုင်ဘူးမှတ်ထား။ မင်းတို့ဆရာတွေ ကလေးတွေကို မဟုတ်ကဟုတ်ကတွေ သင်နေတာ။ အဲဒါနဲ့ နားထောင်ဝမ်းပါဦး။ ငါပြောတဲ့ ဝကားတောင် ဘယ်ရောက်သွားသလဲ မသိဘူး။ ဩော် ငလိပ်ကို ရွှေကျား မိတော့ ငလိပ်က ရုတ်တရက်အကြံရပြီး သူ့ဝတ်ထားတဲ့ လိပ်ခွံအကျီထဲ ခေါင်းနှာ၊ ခြေလက်ရော သွင်းပြီး ဝှက်ထားလိုက်တော့၊ ကုတ်လို့မရ ကိုက်လို့ မရနဲ့ ရွှေကျား ဒွကျနေတာပေါ့"

Generated by CamScanner from intsig.com

"နောက်တော့မှ ရွှေကျားက 'အောင်မာ၊ မင်းက မင်းကိုမင်း ပါးလှပြီး အောက်မေ့နေသလား၊ ဘာရမလဲကွ။ မင်းတော့ ဒီကနေ့ အသေသတ်မယ်၊ မင်းကို ဖိုခုံလောက် သုံးလုံးပေါ် ပက်လက်ကလေးတင်ပြီး အရှင်လတ်လတ် အောက်ကနေပြီး မီးရှို့မယ်'လို့ ကြိမ်းမောင်းပါရောကွာ။ ဒီလိုဆိုလိုက်တဲ့အခါ ငလိပ်က အကြံရတဲ့ပြီး လိပ်ခွံထဲကနေပြီး တဟားဟားနဲ့ အသံထွက်အောင် ရယ်လိုက်တာပေါ့။ ငလိပ်ရယ်တာကို ကြားရတော့၊ ရွှေကျားက 'ဟေ့ကောင် မင်း ရူးနေသလား မင်းကိုသတ်မယ်ပြောတာ၊ မင်းက ဘာရယ်နေပြန်တာလဲ' ဆိုတော့ ငလိပ်က 'ဒီလို မီးတင်ရှို့လို့သာ သေရမယ်ဆိုရင်ဗျာ၊ တစ်ခါမကဘူး၊ ဆယ်ခါတောင် အသတ်ခံရဲသေးတယ်၊ အဆင်သင့်ပဲဗျာ၊ ကျုပ်အောက်က မီးရှို့ပေးမယ်ဆိုရင် ဆောင်းတွင်းကြီး ခပ်ချမ်းချမ်းနဲ့တော့ တယ်ပြီးမီးလှုံလို့ ကောင်းမှာပဲ၊ ဘဲဒီ ဘဲဒီ သင့်ကျူးပေါ့ဗျာ၊ လုပ်ရင်လည်း မြန်မြန်လုပ်စမ်းပါ'လို့ ပြောလိုက်တာနဲ့ ရွှေကျားစိတ်ထဲမှာ တကယ်ထင်သွားတာပေါ့"

"အေး၊ ဒီကောင်ပြောတာ ဟုတ်ချင်ဟုတ်မယ်၊ သူ့အကျီကြီးကလည်း အင်မတန်ထူတာ၊ တော်ရုံတန်ရုံ မီးလောက်တော့၊ အချမ်းပြေမီးလှုံတာ လောက်ပဲရှိမယ်။ ဒီကောင် မီးကိုမကြောက်ရင် ရေကိုတော့ ကြောက်မှာပဲ၊ ရေတွင်းပျက်ထဲ ပစ်ချမှ အေးမှာပဲလို့ အောက်မေ့ပြီးတော့ 'ကဲ ဒီလိုဆိုရင် မင်းကို ရေတွင်းထဲပစ်ချပြီး သတ်ရမှာပဲ'ဆိုလိုက်တာနဲ့ တပြိုင်နက်၊ ကိုရွှေလိပ်က 'အမယ်လေး၊ ကယ်နိုင်ရင် ကယ်ကြပါ ဆယ်ဆတ်ပိုး'လို့ ဟစ်ဟစ်ငိုတဲ့ပြီး၊ ဒါတစ်ခုတော့ဖြင့် ချမ်းသာပေးပါ ကိုကြီးကျားရယ်၊ ရေမကူးတတ်တာနဲ့ သေရတော့မှာပဲ၊ နို့ပြီး ပြီးကနဲ သေသွားရင်လည်း အရေးမကြီးဘူး၊ မသေခင် ရေထဲမှာ ချမ်းချမ်းစီးစီး ဆောင်းတွင်းကြီးမို့ မခိုမဆန့် ခံရတော့မှာပါပဲဗျာ'လို့ အသနားခံပြီးတော့ 'တွေးလိုက်ရင်ဗျာ ဟာဟာ၊ မေးခိုက်ခိုက်တုန်စရာ ကြုံလာတဲ့အရေးဟာကြောင့်၊ အမယ်လေး ချမ်းသာပေးပါ ကိုရွှေကျားရဲ့၊ နည်းနည်းကလေးများ သနားပါအုံး၊ မေးခိုက်ခိုက်တုံစရာကြုံလာ'တဲ့လို့ ဆိုဆိုပြီး ငိုချင်းချနေလေတော့၊ ရွှေကျားက 'ဟာ ဒီအကြံနေရာကျတာပဲ'လို့ အောက်မေ့တဲ့ပြီး 'တော်၊ တန် တိတ်၊ မင်းလို အကောင်မျိုး ငါမသနားနိုင်ဘူး ဆိုပြီးတော့ ငလိပ်သတ္တဝါ၊ အဘိဇ္ဈာကို၊ တစ်ဆိတ်စာမချစ်၊ ပွေခင်းမသမာ သေမင်းစာကို ရေတွင်းမှာ ပစ်လိုက်မယ်၊ တိုင်းချစ်သည့် စိန်ဗေဒါက၊ သာယာစွာ ဖုံစီပြီး ကစားသလို ပလုံစီသံ ကြားရော့လဟယ် လို့ဆိုပြီး ရွှေကျားက ငလိပ်ကို ရေတွင်းထဲ ပစ်ချလိုက်တာပေါ့"

Generated by CamScanner from intsig.com

"ငလိပ်တော့ဖြင့် တစ်ခါတည်းသေရောလား ဦးလေးရဲ့"

"ဘယ်သေမလဲကွ၊ မီးရှို့မယ်ဆိုတော့ ရယ်ပြီး၊ ရေထဲချမယ်ဆိုတော့ ငိုတာဟာ ရွှေကျားကို တမင်ပတ်တီးရိုက်တာ၊ ရွှေကျားက အဟုတ်မှတ်ပြီး ရေထဲချလိုက်တော့ လက်ကလေးနှစ်ဖက် ရှေ့ကိုဆန့်တဲ့ပြီး၊ တစ်ခါတည်း ဒိုင်ဗင်ထိုးပြီး ဆင်းသွားတာပေါ့ကွဲ့၊

"ဒီလိုရေထဲပစ်ချပြီးတော့၊ ရွှေကျားလည်း ဝမ်းသာအားရနဲ့ ထွက်လာခဲ့ ပြီးတော့ 'အင်း၊ တစ်ကောင်တော့ဖြင့် ကိစ္စချောပြီ၊ ရွှေယုန်ကို ငါ ဘယ်လို လုပ်ရပါ့မလဲ'လို့ အကြံထုတ်တာပေါ့လေ။ ဒါနဲ့ မိုးလင်းကျတော့ အကြံရပြီး၊ 'ငါ ရွှေယုန်ကို မိတ်ဖွဲ့ပြီးတော့ ချော့ခေါ် လာပြီး သတ်ပစ်မယ်လို့ မကောင်းတဲ့ အကြံနဲ့ ရွှေယုန့်အိမ်နား သွားပြီးတော့ စောင့်နေပါရောကွဲ့"

" ရွှေယုန်ကလေးလည်း မနက်မိုးလင်းတော့၊ သူ့အမေက ခိုင်းလိုက်တဲ့ အတွက် လက်ဖက်ရည်ဝယ်ရအောင် ချိုင့်ကလေးဆွဲပြီး ထွက်အလာ၊ ရွှေကျား နဲ့ ပက်ပင်းပါတွေ့နေတာပေါ့။ ဒီလိုတွေ့တယ်ဆိုရင်ပဲ ရွှေယုန်လည်း မပြေး သာ မရှောင်သာဘဲ ဒူးတွေတုန်နေပြီးတော့ 'ကျွန်တော့်ကို ဘာမှမလုပ်ပါနဲ့၊ ချမ်းသာပေးပါ ကိုကြီးကျားရယ်၊ အိမ်က လက်ဖက်ရည် ဝယ်ခိုင်းလိုက်တဲ့ ပိုက်ဆံတစ်ပဲယူပါခင်ဗျာ'လို့ ပြောတော့၊ ရွှေကျားက ဟက်ဟက်ပက်ပက် ရယ်ပြီး 'မကြောက်ပါနဲ့ မိတ်ဆွေရယ်၊ ငါအရင်လို စိတ်သဘော မထားတော့ ပါဘူး၊ တစ်ယောက်ကိုတစ်ယောက် ရန်ငြိုးထားတယ်ဆိုတာ မကောင်းဘူးကွဲ့၊ ငါ အရင်တုန်းကဖြစ်တာတွေ မေ့ပစ်လိုက်ပါပြီကွယ်၊ မိတ်ဆွေလိုပဲ သဘော ထားပါတယ်'ဆိုပြီးတော့၊ ကမ်းမွန် ရှိတ်ကင်းဆိုပြီး၊ ရွှေယုန်ကလေးကို လက်ဆွဲ နှုတ်ဆက်လိုက်တော့မှ၊ ရွှေယုန်ကလေးလည်း ကြောက်စိတ်ပျောက်သွားပြီး ဒီလိုသဘောထားတာ သိပ်ဝမ်းသာတာပဲလို့ ပြောတော့"

"ရွှေကျားက 'အေးကွယ်၊ မင်း လက်ဖက်ရည်ဝယ်ပြီး ပြန်ပို့ပြီးတာနဲ့ တစ်ပြိုင်နက် တိတ်တိတ်ကလေး ထွက်လာခဲ့၊ မင်းနဲ့ ငါနဲ့ တောလည်သွားရ အောင်၊ တောထဲမှာ ပျော်ပွဲစားကြမယ်၊ မင်းတို့အိမ်ကို မပြောခဲ့နဲ့နော်'လို့ လိမ်ပြီး ခေါ်ပါရောကွဲ့၊ ရွှေယုန်ကတော့ တကယ်မှတ်လို့ ယုံသွားတာပေါ့"

"အဲဒါနဲ့ ရွှေယုန်ကလေးလည်း လက်ဖက်ရည် ဝယ်ပို့ပြီးတော့ တိတ် တိတ်ကလေး ပြန်ထွက်လာခဲ့တာပေါ့၊ ဒီတော့ ရွှေကျားက ရွှေယုန်ကလေးကို လည်ပင်းဖက် လျှောက်လာခဲ့ပြီး "

Generated by CamScanner from intsig.com

"အခုလို ချစ်ချစ်ခင်ခင်နေတာ စိတ်ချမ်းချမ်းသာသာ ပျော်စရာမကောင်းဘူးလားကွာ၊ ငါ အရင်တုန်းက ရန်ပြိုးထားတာ မကောင်းဘူးဆိုတာ နောင်တရပြီကွ၊ တကယ်ဆိုတော့ ငါ ဖင်နီတာ့ကိုသာ မုန်းတာ၊ မင်းကိုတော့ ငါ ချစ်ပါတယ်၊ မင့် မျက်နှာကလေးကိုက ချစ်စရာကောင်းတယ်လို့ ပြောတော့ ရွှေယုန်က သူ့ကိုမြှောက်ပြောတာ ကျေနပ်သွားပေမယ့် ဟန်လုပ်ပြီး တန်ပါဖိုးစောရော၊ ခင်ဗျားကြီးက ကျွန်တော့်ကို မြှောက်ပင့်ပြီး ပြောနေတာပါ'လို့ ဆိုလိုက်တယ်တဲ့"

"အဲဒီတော့ ရွှေကျားက အဟုတ်ပါကွာ၊ မင့်ကို အားလုံးက သိပ်ပြီး ချောတယ် လှတယ်လို့ ပြောနေကြတာ ငါကြားရတယ်၊ မင်းမျက်နှာကို မင်း ပြန်ကြည့်ပါလားလို့ ပြောတဲ့အတွက် ရွှေယုန်က"

"ဘယ်လိုလုပ်ပြီး ကြည့်လို့ရမှာလဲ၊ ကျွန်တော်တို့ အိမ်မှာ မှန်လည်း မရှိဘူးလို့ပြောတော့ 'အမယ် ခက်ခက်ခိုးခိုးကွာ ရေထဲငုံ့ကြည့်ရင် မင်းအရိပ်ကို မင်းမြင်ရမှာပေါ့ကွ၊ လာ ဟောဟိုရေတွင်းနှုတ်ခမ်းပုံကြီးမှာ သွားကြည့်ရအောင်' ဆိုပြီး ခေါ်သွားရောကွဲ့"

"ရေတွင်းနှုတ်ခမ်းပုံကြီး ရောက်တော့ ရွှေယုန်ကလေးလည်း ရေထဲမှာ သူ့အရိပ်သူကြည့်ပြီး 'အစစ်ပဲ၊ ငါ တယ်ပြီးချောတဲ့လှတဲ့အကောင်ပဲ'လို့ အောက်မေ့နေတုန်း၊ ရွှေကျားက ခြေထောက်နှစ်ချောင်းကိုင်ပြီး ရေတွင်းထဲ ထိုးချလိုက်တာ နှစ်ပတ်သုံးပတ် ကျွမ်းပစ်ပြီး ကျသွားတာပေါ့ကွ၊ ရွှေကျားလည်း ယုန်သတ်မှုဖြစ်မှာစိုးတာနဲ့၊ တစ်ခါတည်း လစ်ပြေးတော့တာပဲ"

"အဲဒါနဲ့ ပုံပြီးရောလား ဦးလေးရဲ့"

"ဘာပြုလို့ ပြီးရမှာလဲ"

"ရွှေယုန်ကလေး သေပြီမဟုတ်လား၊ သေရင်ပြီးရောပေါ့"

"မသေဘူးကွဲ့၊ အဲဒီရေတွင်းထဲမှာ တောတောက် လေိပ်က ဆယ်ထားပြီး၊ ရွှေယုန်ကို သူ့ကျောကုန်းပေါ်မှာတင်ပြီး ထားရတာပေါ့"

"သူတို့ဘယ့်နှယ်လုပ် အပေါ်တက်မလဲ၊ လေိပ်က ရွှေယုန်ကို ကျောကုန်းပေါ်တင်ပြီး၊ ရေကူးချည်နေရင် လက်ပန်းကျပြီး၊ နှစ်ယောက်စလုံး ရေနစ်မသွားဘူးလား"

"နားထောင်ပါဦးကွယ်၊ ဘယ်နစ်ပါ့မလဲ၊ ဇာတ်လိုက်ဆိုတာ မသေဘူးကွဲ့"

Generated by CamScanner from intsig.com

"ဒါဖြင့် ရွှေယုန်ကလေးရဲ့ အရင်ဘဝက အမေဖြစ်ခဲ့တဲ့ နတ်စုတ်ချွန်းက လာပြီးကယ်ရောလား"

"ရုပ်ရှင်ထဲမှ နတ်က ကယ်တာကွဲ့၊ ဒီမှာ ဒီလိုကယ်လို့မရဘူး"

"ဒါဖြင့် ရန်ကုန်မီးသတ်ဓကက သွားပြီး ကယ်ရောပေါ့"

"မဟုတ်သေးပါဘူးကွယ်၊ ငါပြောဦးမယ်၊ ရွှေယုန်ကလေးရဲ့ အမေနဲ့ အဖေက 'ကောင်ကလေး၊ အခုတင်ပဲ မြင်လိုက်ပါတယ်၊ ဘယ်ရောက်သွားပါလိမ့်မလဲ'ဆိုပြီး လိုက်ရှာကြတာပေါ့၊ ဟိုရှာဒီရှာနဲ့ နောက်ဆုံး ရေတွင်းထဲမှာ ငလိပ်က ရေကူးလို့ ရွှေယုန်က အပေါ်ကထိုင်နေတာတွေ့တော့မှ 'အောင်မယ် ဆော့ခရာရှားလို့ ရေတွင်းထဲ ဆင်းဆော့နေရလား၊ ဘက်ခဲ့အပေါ်ကျမှ သိရော့မယ်'လို့ ကိုဘိုးယုန်က ဆိုလိုက်တော့၊ ရွှေယုန်ကလေးက 'မတက်နိုင်ဘူး အဖေရေ၊ ဆော့နေတာမဟုတ်ဘူး၊ ကျွန်တော်တို့ ရေနစ်နေလို့' ဆိုတော့မှ ကြံရာမရ ဖြစ်နေကြတာပေါ့"

"ကံအားလျော်စွာ ဒီအချိန်မှာ ဖင်နီတာရောက်လာတာနဲ့၊ ကိုဘိုးယုန်က 'ဟော့ မောင်နီ ကယ်ပါဦးကွယ်၊ တို့တော့ဖြင့် မကြံတတ်ဘူးဆိုတာနဲ့၊ ဖင်နီတာက ရေတွင်းဘုတ်ပေါ်တက်၊ ရေပုံးကြိုးတပ်ပြီး ရေတွင်းထဲ ရေပုံးချပေးရတာပေါ့၊ ပြီးတော့မှ ငလိပ်နဲ့ ရွှေယုန်ကို ရေပုံးထဲ ဝင်ခိုင်းပြီးတော့ ဖင်နီတာက ကိုဖိုးယုန်နဲ့ မငွေယုန်ကို 'ကဲ ခင်ဗျားတို့ ကြိုးကို အဖျားကနေပြီး ဆွဲ၊ ကျွန်တော်ကရှေ့ကနေပြီး ဆွဲမယ်၊ ကျွန်တော်က အသံတိုင်ပေးမယ်၊ ခင်ဗျားတို့က လိုက်ဆို'လို့ဆိုပြီး၊ ဖင်နီတာက 'ယန်တမာပူလေလေ'လို့ ဆိုလိုက်တော့ ကိုဖိုးယုန်နဲ့ မငွေယုန်တို့က 'ဘေလေဆပ် ဘေလေဆပ်'နဲ့ဆိုပြီး ဆွဲကြတာပေါ့၊ ဖင်နီတာက ဒန့်ဒလွန်သီး ကပ်ကူရန်ချောက်လို့ဆိုလည်း ဘေလေဆပ် ဘေလေဆပ်နဲ့ လိုက်ဆိုကြတော့တာပဲ။ ဒါနဲ့ ယန်တမာပူတစ်လှည့်၊ ဒန့်ဒလွန်သီးတစ်လှည့်နဲ့ပဲ၊ ရွှေယုန်နဲ့ ငလိပ်တို့လည်း ရေတွင်းပေါ် ရောက်လာကြတာပေါ့"

"ရွှေယုန်ကလေးက 'အမယ်လေး မသေလို့တွေ့ မေ့နိုင်ပါမလား ဆိုတဲ့ပြီး သူ့အမေ အဖေကို ဖက်ငိုပြီး အကျိုးအကြောင်းပြောပြတော့၊ သူ့အမေ အဖေက၊ အဲဒါ မင်းကြပ်ကြပ်သတိထား၊ ရန်သူကို ဘယ်တော့မှ မိတ်ဆွေကောင်း မှတ်ပြီး မပေါင်းနဲ့'ဆိုပြီးတော့ အိမ်ကိုခေါ်သွားပြီး၊ ဟော့ ချက်ခဲ့ အိပ်ပြီလားကွ"

Generated by CamScanner from intsig.com

ချက်စုသည်ကား တခေါခေါနှင့်ဟောက်၍ နေလေတော့၏။

"တစ်နေ့တော့ ဖင်နီတာကလေးဟာ မာကလာပင် တစ်ပင်ပေါ် တက်ပြီး၊ သီချင်းကလေးတကြော်ကြော်နဲ့ ခန်းစီးနေသတဲ့ကွဲ့"ဟု ဘိုးသောကြာက ရွှေယုန်နှင့် ရွှေကျားအကြောင်းကို ဆက်လက်၍ ပြောပြရာ ချက်စုကလေးသည် ငြိမ်သက်စွာနားထောင်၍ နေလေ၏။

"အဲဒီလိုခန်းစီးနေတုန်း သစ်ပင်အောက်က ဆူညံဆူညံနဲ့ အသံကြားလို့ ငုံ့ကြည့်လိုက်တဲ့အခါ ရွှေယုန်ကလေးနဲ့ ငလိပ်တို့ အငြင်းအခုံ စကားများနေကြတာကို တွေ့ရသတဲ့။ သူတို့နှစ်ယောက် ဘာတွေစကားများသလဲဆိုတော့၊ ရွှေယုန်ကလည်း ငလိပ်ထက် အပြေးကောင်းတယ်၊ ငလိပ်ကလည်း ရွှေယုန်လောက်တော့ အပျော့ပေါ့လို့ ငြင်းခုံနေကြတာပေါ့လေ"

"သူတို့တွေ ငြင်းခုံနေတဲ့စကား ကြားရတော့၊ ဖင်နီတာက သစ်ပင်ပေါ်က ဆင်းလာပြီး၊ ငလိပ်ကို 'ဟေ့ မင်းကလား၊ ရွှေယုန်ကို အပျော့ပေါ့လို့ ပြောတာ ဟား ဟား'ဆိုပြီး အားရပါးရ ရယ်လိုက်တာ၊ အူတက်ပြီး မေ့နေလို့ ရွှေယုန်နဲ့ ငလိပ်တို့ ဖင်နီတာကို မနည်းနှိပ်ပြီးချတော့မှ သတိရလာတော့တယ်"

" ဒါတောင် ဖင်နီတာက ရယ်ချင်တဲ့စိတ် မပျောက်သေးပဲ၊ ပါးစပ်အဖြဲသားနဲ့ဖြစ်နေပြီးတော့၊ 'ကြွား ဘယ့်နှယ့်ပေါင်းပါ့မယ်၊ ငရေ ၄ လလုံး တင် ပသတ်လိပ် ငနဲ့ ကြွားနဲ့ပေါင်း ငလိပ်လို့ဆိုလိုက်တာနဲ့ ငလိပ် မခံချင်ဘူး။ 'ကဲလေ သတ္တိရှိရင် အပြေးပြိုင်မယ်လေ၊ ရွှေယုန်လို အကောင်မျိုးကို ငါ ရှုံးရမယ်ဆိုရင် ရာဇဝင်ရိုင်းရော့မယ်၊ ရှက်တာနဲ့ပဲ တစ်သက်လုံး ခေါင်းမဖော်ဘဲ နေလိုက်မယ်ကွာ'လို့ ပြောလိုက်တဲ့အတွက်၊ 'ကောင်းပြီ မင်းတို့နှစ်ယောက် အပြေးပြိုင်ပွဲ လုပ်ပေးမယ်၊ ရွှေယုန်က ပထမတန်းပြေးနေတဲ့အကောင်မို့ ဟင်ဒီကက် ပိုပြီးထမ်းရလိမ့်မယ်။ ငလိပ်ကတော့ သူ့အခွံကြီးနဲ့ သူ လေးနေပြီးသားမို့ ခဲပိုပြီးထမ်းဖို့မလိုဘူး။ သဘောတူရဲ့လား'လို့မေးတော့ နှစ်ယောက်စလုံး သဘောတူ လက်မှတ်ထိုးလိုက်ကြတာပေါ့"

" မကြာခင်ဘဲ ရွှေယုန်နှင့်ငလိပ် အပြေးပြိုင်မယ်ဆိုတဲ့ သတင်းဟာ တစ်တောလုံး တစ်တောင်လုံး နံ့သွားတဲ့အတွက် ဆိတ်တွေရော၊ ဝက်တွေရော၊ သမင်တွေရော၊ ဟင်ဒီကက် တရှက်ကလေးတွေ ကိုင်ကိုင်ပြီး၊ ခဲတွက်ကြတာပေါ့လေ။ တချို့ကလည်း ငလိပ်ဟာ တာတိုမှာ ရွှေယုန်ကို မနိုင်ပေမယ့်၊ တာရှည်ကျတော့ အမောခံနိုင်တဲ့အတွက်၊ မုချနိုင်ရမယ်၊ တချို့ကလည်း

လေိပ်ဟာ ခဲမထမ်းရပေမယ့်၊ သူ့လိပ်ခွံကြီးက ပိုပြီးလေးနေတဲ့အပြင် အဝင်မှာ အမြဲကား ကားသွားနေတဲ့အတွက် ဘယ်နည်းနဲ့မှ မနိုင်နိုင်ဘူး၊ ရွှေယုန်ကိုပဲ စိတ်ချ လက်ချ၊ ဝင်းတစ်ပေါက်တည်း လောင်းမယ်လို့ ခဲတွက်ကြတာပေါ့။ တချို့ကတော့ လေိပ်ဟာ အဆနေးပေမယ့် အင်ပတာန်တည်ဘယ်၊ သဲလမ်းမှာ ၁၆ ၁၅ခွဲ ၁၅ ၁၅နဲ့ မှန်မှန်ပြေးပြီး အဝင်၁၃ဆိုတော့၊ ၄ထစ်လျှော့လိုက်ရင် ဘယ်နည်းနဲ့ပဆို ၃လျှားလောက်ဖြတ်ပြီး နိုင်ရမယ်။ တချို့ကလည်း ဘာပဲပြောပြော ရွှေယုန်ဟာ ဟိုတစ်နေ့က လယ်ကန်သင်းထဲပြေးတာ၊ အဆွက်ရော အဝင်ရော အင်မတန်ကောင်းတယ်၊ ဒါတောင် လက်ထဲမှာ ကိုင်ရက်သားရှိသေးတာလို့၊ အမျိုးမျိုး ကြိုက်ရာကြိုက်ရာ ပြောကြတာပေါ့"

"ဟိုဘက်ရွာ ဒီဘက်ရွာတွေမှာလည်း အလောင်းအစား တိတ်တိတ်ပုန်း လက်ခံတဲ့အတွက် အဖမ်းခံရဘာတွေလည်း အများကြီးပဲ၊ မြင်းတအုပ်တွေ ဆိုတာလည်း အမျိုးမျိုးပဲ၊ ရွှံ့ပါစေ မြင်းတစ်တို့၊ ရှေ့ဝါးကျော် မြင်းတစ်တို့ ဆိုတဲ့ တအုပ်တွေလည်း သိပ်ပြီး ရောင်းကောင်းတာပေါ့ကွယ်"

"အဲဒါနဲ့ အပြေးပြိုင်ရမယ့် နေ့ကျတော့ တာပတ်ကွင်းမှာ ပရိသတ်တွေ ပြည့်နေတာပဲ၊ ဂိတ်စကုတ် ဂိတ်စကုတ်နဲ့ပြိုင်ပွဲကို ခေါ်နေတဲ့ ဘတ်(စ်) ကားတွေလည်း ပြည့်လို့ပေါ့"

"ပြိုင်ခါနီးပြီဆိုတော့ ရွှေယုန်နဲ့ လေိပ်တို့ ကွင်းထဲဆင်းပြီး ပရိသတ်ရှေ့မှာ လှည့်ပြကြရသေးတာပေါ့။ လေိပ်က ပဲနီလေးတောင့်အကွက် အကျီဝတ်လို့၊ ရွှေယုန်ကတော့ အပြာပန်းရောင်စလွယ်၊ အမြီးဖြူဝတ်လို့ ကြွကြွရွရွ ထွက်လာကြတာပေါ့ကွယ်"

"ဒါနဲ့ ရွှေယုန်နဲ့ လေိပ်တို့ ဂိတ်စိတယ်ဆိုရင်ပဲ နောက်ဆုံးပိတ် ကပ်ပြီး လက်မှတ်တွေ ဆုတ်လိုက်ကြတာ ဖေးဖရိတ်ဖြစ်တဲ့ ရွှေယုန်ကိုပဲ ဆုတ်ကြတာပေါ့"

"ခေါင်ကနဲ ဂိတ်လွှတ်လိုက်တာနဲ့ တစ်ပြိုင်နက် ရွှေယုန်ရှေ့ကနေပြီး ပြေးချလာတာပဲ၊ လေိပ်ကတော့ ဂိတ်မှာလှည့်နေရတာနဲ့ ကျန်နေရစ်ခဲ့ပြီး ရွှေယုန်အတော်ကလေး ရောက်ခါမှ လေးဘက်တွားပြီး၊ ကားယားကားယားနဲ့ ပြေးချလာတာပေါ့လေ။ ရွှေယုန်ကိုထိုးထားတဲ့ တိရစ္ဆာန်တွေကတော့ ဒါမှ ရွှေယုန်ကွ၊ ရွှေယုန်နဲ့ တစ်ကွင်းလုံးလိုပဲ ဆူညံနေတာပဲ။ လေိပ်ကို အကော်ထိုးထားတဲ့ တိရစ္ဆာန်တွေကတော့ သွားပါပြီကွာ၊ အစကတည်းက ထင်သားပဲ၊

ဒီလိုဂိတ်ကျန်တတ်တာ သိရက်သားနဲ့ ငါကိုကမိုက်ပြီး ထိုးမိတာ၊ ညကလည်း အိပ်မက် အမက်သား၊ ဒါနဲ့တောင် ရွှေယုန်ကို မထိုးမိဘူး၊ အနည်းဆုံး တစ်ကျပ်ကို တစ်မူးပဲလျော့ဦးတော့ သေချာပေါက်ရတဲ့ပိုက်ဆံပဲ၊ ငါ မှားတာပဲလို့ ညည်းကြတာပေ့ါ"

"ရွှေယုန်ကလည်း ပြေးချလာလိုက်တာ၊ ပြေးလေ အပြတ်အသတ်ဖြစ်လေ ဖြစ်လာတော့ 'ဟဲ ဟဲ ဒီအကောင်လောက်တော့ ချောင်ချောင်ကလေးနဲ့ ငါ နိုင်မှာပဲ၊ တရေးတမော အိပ်နေနိုင်သေးတယ်၊ အခုနေ ငါ တောက်လျောက် ပြေးချလိုက်ရင် နောက်ပြိုင်ကြရင် ဟင်ဒီကက် သိပ်တက်သွားမယ်၊ ဒီတော့ အသာဆွဲထားလိုက်ပြီး၊ ဟင်ဒီကက်မီး ငီးမှ နောက်တစ်ပွဲလည်း စားရဦးမယ်'ဆိုပြီး၊ ၂ကျပ်တန်းအကွေ့ကျတော့ လှမ်းကြည့်လိုက်တဲ့အခါ လေိပ်ဟာ ပထမတန်းရှေ့မှာ ယက်ကန်ယက်ကန်နဲ့ ရှိနေသေးတာကို တွေ့ရတဲ့အတွက် အိပ်နေလိုက်ပါရောကွယ်"

"ရွှေယုန်အိပ်နေလိုက်တာ တွေ့ရတော့၊ ရွှေယုန်ကို ထိုးထားတဲ့ ငနဲတွေက၊ တစ်ခါတည်း စီးချတာမဟုတ်ဘူး၊ ဘာပြုလို့ ပြန်ပြီးကိုင်လိုက်သလဲ မသိဘူး၊ ဘာပဲဖြစ်ဖြစ် နိုင်ရင်ပြီးတာပဲ၊ စီးချလိုက်ပါတော့လားလို့၊ မကျေမနပ်ဖြစ်နေကြတာပေ့ါ။ တချို့ကလည်း ရွှေယုန် သက်သက်မဲ့ ဆွဲထားတာပါ။ ဒီလိုဆွဲလိမ့်မယ်ဆိုတာ အထင်သားပဲ၊ အဲဒါ ဘွတ်ကီဝိုင်နဲ့ ပင်းပြီး ပရိသတ်ကို သတ်တာပဲကွဲ့၊ သူတို့ လှည့်ပေါက်တွေ အစကတည်းက မြင်တယ်နဲ့ ပွစိပွစိနဲ့ ပြောကုန်ကြတော့တာပေ့ါ"

"အဲဒီလိုပြောနေကြတုန်းမှာပဲ လေိပ်ဟာ ရွှေယုန်ကို မီလာတော့တာပဲ၊ ရွှေယုန်ကတော့ အိပ်မောကျနေတဲ့အတွက် မီလာတာကိုတောင် မသိလိုက်ဘူး၊ လေိပ်လည်း ရွှေယုန်အနားမှာ ခြေသံမကြားရအောင် ဖြည်းဖြည်းလာပြီး၊ ရွှေယုန်ကို လွန်ပြီးတော့ အဖြောင့်ကိုရောက်တာနဲ့ တစ်ပြိုင်နက် ခြေကုန်သုတ်တော့တာပဲ"

"လေိပ်ကို ထိုးထားတဲ့ တိရစ္ဆာန်တွေကတော့၊ ခုန်ကြပေါက်ကြ ကွှမ်းပစ်ကြနဲ့၊ အော်လိုက်ဟစ်လိုက်ကြတာ တစ်ကွင်းလုံးကို ဆူပွက်သွားတာပဲ၊ အဲဒီလို အော်သံဟစ်သံကြားရတော့မှ ရွှေယုန် ရုတ်တရက်လန့်နိုးပြီး ကြည့်လိုက်တဲ့အခါ လေိပ်ဟာ ၅ကျပ်တန်းရှေ့ကို ရောက်နေတာတွေတော့မှ တစ်ခါတည်း ဇက်ကို ဖြည်တည့်ပြီး ကြိမ်တင်တော့တာပဲ၊ ဒါပေမဲ့ လေိပ်က အတော့

ကို သာနေတဲ့အတွက် ပီအောင်ကိုပဲ မနည်းလိုက်ရတော့တာပဲ၊ ငါးကျပ်တန်းလည်း လွန်ရော လေိပ်ကို ရွှေယုန်မီတာပဲ၊ ဒီတော့မှ အကြိတ်အနယ် တင်လိုက်ကြတာ လေိပ်ကွ၊ ရွှေယုန်ကွနဲ့ ဆူညံနေတာပဲ၊ နှစ်ကောင် စလုံးဟာလည်း တစ်ကောင်နဲ့တစ်ကောင် ဘယ်သူမှ မသာဘဲ၊ ဒက်ထိယှဉ်ပြီး ပြေးနေကြတာပဲ၊ ဒါပေမဲ့ လေိပ်က သိပ်ဉာဏ်ပါးတဲ့အကောင်ကွ၊ ပန်းတိုင်လည်း ဝင်ရော၊ သူ့လည်ပင်းကို ဆန့်ထုတ်လိုက်ပါရော၊ အဲဒါနဲ့ လေိပ်က ရွှေယုန်ကို ခေါင်းတစ်လုံး လည်တစ်ကိုင်းနဲ့ အနိုင်ရသွားတော့တာပေါ့"ဟု ပြောဆိုနေရာက ဘိုးသောကြာ၏အသံ ပျောက်၍သွားသဖြင့် ချက်ခုသည် ဘိုးသောကြာအား ကြည့်လိုက်ရာ အိပ်ပျော်၍သွားသည်ကို တွေ့ရလေတော့သတည်း။

□ □ □

# ဇဝန

## ဇဝနပုံပြင်



Generated by CamScanner from intsig.com